www.burmeseclassic.com

အောင်မြင်စာပေ

# ဧဝဏ


ဒါပါး



BURMESE CLASSIC .com

www.burmeseclassic.com

၈၉၅.၈၃
ဒေဝတာ
အပင်း/ဒေဝတာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃။
၁၅၆ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ဒေဝတာ



ထုတ်ဝေသူ - ဦးအောင်မြင့်။
ဖြန့်ချိရေး - အောင်မြင်စာပေ။
ပထမအကြိမ်၊
၂၀၁၃ ခုနှစ်၊ (မေလ)၊
အုပ်ရေ (၅၀၀)။

www.burmeseclassic.com





## အခန်း ( ၁ )

တောင်ပေါ်ဒေသဖြစ်သော ကလောမြို့လေးသည် မြူခိုးနှင့် နှင်းငွေ့တို့ သိပ်သည်းထူထပ်စွာ ကျဆင်းရစ်သိုင်းနေသော ကြောင့် မှုန်မှိုင်းအုံ့ဆိုင်းလို့နေသည်။ နေ့ခင်းနေ့လယ်အချိန်နီးပါး ရောက်နေပြီဖြစ်သော်လည်း မြူခိုးတို့ကြောင့် လမ်းကိုရှင်းလင်းစွာ မတွေ့ရသေး။ ကလောနှင့်အောင်ပန်း ကားလမ်းတစ်လျှောက် ကား အသွားအလာ အထူးကျဲပါးလျက် ရှိနေသည်။

မပီပိုးတဝါး မြင်ကွင်းထဲသို့ မီးရောင်တစ်ခု ထိုးဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဝေါ. . ."

ဆိုင်ကယ်မီးရောင်ဖြစ်သည်။

တစ်လုံးတည်းသော ဆိုင်ကယ်ရှေ့မီးက နှင်းခွဲမီးလုံး မဟုတ်သဖြင့်. . ရှေ့သို့ ဆယ့်လေးငါးပေထက် ပိုမမြင်ရပေ. . ။

'ဝတ်မှုံ' ဆိုင်ကယ်ကို ဂရုတစိုက်မောင်းလာရင်း နောင်ခမ်းရွာလမ်းသို့ ရောက်လာသည်။ ဆိုင်ကယ်ကို မြေနီလမ်းလေးထဲသို့ သူမ ချိုးကွေ့ဝင်လာခဲ့၏။ ရွာနားနီးလာတော့ သစ်ပင်ဝါးပင်များ ထူထပ်လာပြီး အအေးဓာတ်က သိသာစွာ ပိုလာတော့သည်။

ဒီလိုအချိန်မှာ အများစုက တောင်ယာနှင့် စိုက်ပျိုးရေးခြံများဆီ သွားနေကြပြီမို့ ရွာထဲမှာလည်း လူရှင်းနေသည်။ ဝတ်မှုံကိုယ်တိုင်ကလည်း တမင်ဒီလိုအချိန်ရွေးကာ ကွက်တိထွက်လာခြင်း ဖြစ်၏။

သူ ဒီရွာကိုလာခဲ့သည့်ကိစ္စကို လူမသိလေကောင်းလေ ဖြစ်၏။ ဝတ်မှုံ နှစ်ခေါက်ရောက်ဖူးပြီးသားဖြစ်၍ ရွာထဲသို့ အမှားအယွင်းမရှိ ဖြောင့်ဖြောင့်တန်းတန်း ရောက်လာခဲ့သည်။ ရွာစွန်မှ ခြံကြီးထဲ ဝင်လာသောအခါ ဝတ်မှုံ ကျောချမ်းလာ၏။

ခြေတံရှည်နှင့် အမိုးကုပ်ကုပ်အိမ်ကြီးရှေ့တွင် ဆိုင်ကယ်ကို ရပ်လိုက်သည်။ အိမ်တိုင်များနှင့်တကွ ထရံများပါ ရေနံချေးဝအောင် သုတ်ထားသော မည်းမှောင်နေသည့်အိမ်ကြီးကို မြင်လိုက်ရသဖြင့် စိတ်ထဲ မသိုးမသန့် ဖြစ်သွားရသလိုပင်. . .။

လှေကားထိပ် အိမ်ပေါက်ဝတွင်လည်း ပြောင်ချိုတစ်ခု ချိတ်





ဆွဲထားသည်မို့ မုဆိုးတစ်ယောက်ရဲ့အိမ်ကို ရောက်နေသလားဟုပင် ထင်မှတ်စရာ. . .။

ဝတ်မှုံ ဆိုင်ကယ်ကို ဒေါက်ထောက်၍ သော့ဖြုတ်ပြီး အိမ်ပေါ်တက်လာလိုက်၏။ အိမ်ထဲရောက်သည်နှင့် အနံ့အသက် မကောင်းသဖြင့် စိတ်ထဲ ပို၍လေးလံထိုင်းမှိုင်းသွားခဲ့ရသည်။

ကိစ္စက အရေးကြီးလွန်းသဖြင့် ကိုယ့်ကိုယ်ကိုယ်အားပေးရင်း. . .

"ဆရာကြီး ဦးဒေဝ ရှိပါသလား"

အမှောင်ထဲမှ ခပ်လေးလေး အသံတစ်ခု ထွက်လာသည်။

"ဪ. . မင်းရောက်လာပြီကိုး. . ဝင်ခဲ့လေ"

"ဟုတ်. . ဟုတ်ကဲ့. . ဆရာကြီး"

အနားကပ်ထိုင်မိတော့မှ ဦးဒေဝကို ကောင်းစွာမြင်တွေ့ရတော့သည်။ ဖျင်ကြမ်းအနက်တိုက်ပုံနှင့် အနက်ရောင်ရှမ်းဘောင်းဘီဝတ်ဆင်ထားသော ဦးဒေဝရုပ်သွင်ကလည်း တကယ့်ကို ကြမ်းတမ်းခက်ထန်လွန်းလှသည်။

"ကျွန်မအတွက် အစီအရင်လေး လာယူတာပါ ဆရာကြီး"

"အင်း. . ပြီးပါပြီ"

စကားနည်းနည်းသာပြောပြီး အထုပ်သေးသေးတစ်ခုကို ဝတ်မှုံရှေ့သို့ ချပေးလိုက်သည်။ အထုပ်ကို ထုတ်ထားသော ပိတ်စအား မြင်ရုံနှင့် သူမ၏ထဘီစဆိုတာ ဝတ်မှုံသိလိုက်သည်။ အထဲတွင် ဘာများရှိနေလည်းဆိုသော သိချင်ဇောနှင့် အထုပ်ကို ဖြည်ကြည့်လိုက်၏။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သုံးလက်မခန့်ရှိသော အဖြူရောင်လေးကိုင်းနှင့် မြားတစ်ချောင်းကို တွေ့ရသည်။ လေးကိုင်းတွင် အနက်ရောင်ကြိုး တပ်ထားသည်ကို ဝတ်မှုံ သတိပြုမိလိုက်သည်။

"ဒါ. . ဘာများလဲ ဆရာကြီး၊ ဘယ်လို အသုံးပြုရမှာလဲ ဆရာကြီး"

"ဒါက အစိမ်းသေအပျိုမရဲ့ တင်ပဆုံရိုးနဲ့လုပ်ထားတဲ့ လေးကိုင်းနဲ့ မြားပဲ၊ တပ်ထားတဲ့ကြိုးက မင်းယူလာပေးတဲ့လူရဲ့ ဆံပင်နဲ့ အစိမ်းသေမရဲ့ ဆံပင်ခုနစ်ချောင်းကို သုံးလွန်းတင် ကျစ်ထားတာ"

"ရှင်"

ဝတ်မှုံ တအံ့တသြ ဖြစ်သွားသည်။ ဆရာကြီး ရှင်းပြတာ နားထောင်ရင်း ချမ်းစိမ့်နေသော ရာသီဥတုမှာပင် ချွေးစို့လာတော့သည်။

စိုင်ကော်ရွာသုသာန်မှ သချိုင်းစောင့်နှင့်ပေါင်းပြီး အရိုးကျနေသော အစိမ်းသေ အပျိုမအလောင်းကို ခိုးဖော်ကာ တင်ပဆုံရိုးနှင့် ဆံပင်ခုနစ်ချောင်းကိုယူပြီး. . ဦးဒေဝ အဆောင်ပြုလုပ်ထားခြင်းဖြစ်သည်။ အစီအရင်အတွက် လိုအပ်သောပစ္စည်းများအဖြစ် သူမ၏ ထဘီတစ်ထည်အပြင် ကိုမြင့်အောင်၏ ဆံပင်မွေးကို. . ဝတ်မှုံ တစ်ခေါက်လာပို့ထားခြင်းဖြစ်သည်။

စီရင်ထားသော အဆောင်ကိုကြည့်ပြီး အစွမ်းထက်မှာပဲ ဆိုသည့်အတွေးနှင့် ဝတ်မှုံ အားတက်သွားသည်။ လူတစ်ယောက်၏ အရိုးနှင့် လုပ်ထားကြောင်းသိရ၍ အနည်းငယ်တော့ ထိတ်လန့်မိသည်။ ဘယ်လိုပဲဖြစ်ဖြစ် လုပ်မိမှတော့ အဆုံးထိ ဆက်လျှောက်ရတော့မည်ဟု ဝတ်မှုံတွေးလိုက်မိသည်။

"မြားတံမှာ အထစ်သုံးထစ်ပါတယ်၊ လေးကိုင်းမှာတပ်ပြီး ပထမတစ်ထစ် တင်လိုက်ရင် မင်းကို သူ မတွေ့ရမနေနိုင် ဖြစ်လာမယ်၊ မင်းအပေါ်မှာ စိတ်ဝင်စားလာမယ်၊ ဒုတိယတစ်ထစ်တင်ရင် အရူးအမူး စွဲလမ်းသွားမယ်၊ နောက်ဆုံးအထစ်ထိ ရောက်ရင်တော့ မင်းရဲ့စကားတစ်ခွန်းပဲ၊ မင်းစေလိုရာ စေလို့ရတဲ့သူ ဖြစ်သွားမယ်"

"ရှင်"

ဦးဒေဝရှင်းပြတာ နားထောင်ပြီး အားတက်သရော ဖြစ်သွားသည်။ ဝတ်မှုံ နားကပ်ရောင်း၍ရခဲ့သော ပိုက်ဆံအားလုံးကို ဦးဒေဝအား ပေးလိုက်တော့သည်။

"နောက်လည်း အစီအရင်လုပ်ချင်ရင် လာခဲ့ပေါ့"

"ဟုတ်ကဲ့. . ခွင့်ပြုပါအုံး ဆရာကြီး"

ဦးဒေဝ ခေါင်းညိတ်ရုံသာ ညိတ်ပြသည်။ လိုတာရသည်နှင့် ထိုအစီအရင်ကို ထဘီစနှင့် ပြန်ထုပ်ကာ ဘော်လီကြားထဲ ထိုးသွင်းပြီး အိမ်ပေါ်မှ ဝတ်မှုံ အပြေးဆင်းလာခဲ့တော့သည်။ ဆိုင်ကယ်နားအရောက်မှာပင် ကျီးကန်းတစ်ကောင် တအားအား အော်မြည်ကာ ဝတ်မှုံထံ ထိုးဆင်းလာတာ တွေ့လိုက်၍ ငုံ့ရှောင်လိုက်ရသေးသည်။

ထို့နောက် ဆိုင်ကယ်ကို လီဗာကုန်တင်ကာ ထိုနေရာမှ ထွက်လာခဲ့သည်။

ကိုမြင့်အောင်၏ ချမ်းသာမှုကို မျက်လုံးထဲ မြင်ယောင်ရင်း ဝမ်းသာအားရလည်း ဖြစ်နေမိ၏။

ဦးဒေဝ အစီအရင်သာ တကယ်တမ်း ထိရောက်အသုံး







www.burmeseclassic.com

www.burmeseclassic.com



တည့်မည်ဆိုပါက သူမအနာဂတ် လှပတော့မည် ဖြစ်သည်။

ကိုမြင့်အောင်ဆိုတာက ကလောနှင့်အောင်ပန်းတွင် လိမ္မော်ခြံ၊ မက်မန်းခြံများစွာ ပိုင်ဆိုင်ထားသော လူပျိုသူဌေးတစ်ယောက် ဖြစ်သည်။

သူ့တွင် အဘွားတစ်ယောက်နှင့် ဆယ့်ငါးနှစ်အရွယ် ညီတစ်ယောက်သာ ရှိသည့်အချက်ကလည်း ဝတ်မှုံအတွက် မက်စရာဖြစ်နေသည်။ ဝတ်မှုံတို့က ကိုမြင့်အောင်ဘေးခြံတွင်နေပြီး အဖေတစ်ခုသမီးတစ်ခု ဖြစ်၏။

အဖေက နှစ်ဧကလောက်ရှိသော မြေကွက်တွင် တောင်ယာလုပ်၍ ဝတ်မှုံက ရှမ်းခေါက်ဆွဲရောင်းရင်း ဘဝကိုခက်ခဲစွာ ဖြတ်သန်းခဲ့ရသူ ဖြစ်သည်။ သို့သော် ဝတ်မှုံက မျှော်မှန်းချက်ကြီးကာ ဇွဲကောင်းလွန်းလှသည်။ ထို့ကြောင့် စာကြိုးစားပြီး အဝေးသင်နှင့် ဘွဲ့တစ်ခုရအောင် ယူနိုင်ခဲ့သည်။

သူမ ဘွဲ့ယူအပြီးမှာပင် အဖေက စိတ်ချသွားသည်လားမသိ. . လူ့လောကထဲမှာ ဝတ်မှုံကို တစ်ယောက်တည်းထားခဲ့ပြီး တမလွန်သို့ ထွက်သွားလေသည်။

ကိုမြင့်အောင်နှင့်အဘွားက သနား၍ ဝတ်မှုံကို စောင့်ရှောက်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ကိုမြင့်အောင်တို့ မိသားစု၏ ကြွယ်ဝမှု ဓနအင်အားကို ဝတ်မှုံသိခဲ့ရသည်။ ထိုအခါ မရိုးသားစိတ်နှင့် ကိုမြင့်အောင်ကို သိမ်းပိုက်ရန် ဝတ်မှုံ အကြံရသွားလေသည်။

ရုပ်မချောသော်လည်း ငွေကြေးပြည့်စုံသူ ကိုမြင့်အောင် သူမအား ဂရုစိုက်မိစေရန် မာယာမျိုးစုံ ထုတ်သုံးခဲ့သော်လည်း အရာမထင်ခဲ့ပေ။ ဖြတ်လမ်းနည်းနှင့် ချမ်းသာချင်နေသောဝတ်မှုံက လုံးဝလက်မလျှော့သေး. . ။ မဖြစ်မနေ စူးစမ်းကြံဆ,ရာမှ အောက်လမ်းဆရာကြီး ဦးဒေဝနှင့် ဆုံမိခြင်းဖြစ်သည်။

ဒီနယ်မှာက ရွာသူ၊ စုန်းမ၊ အောက်လမ်းစသည့် ရှေးရိုးစွဲနည်းဟောင်းတွေ ရှင်သန်နေဆဲဖြစ်သည်။ ဦးဒေဝနှင့်တွေ့တော့ သူမဆန္ဒကိုပြောပြကာ အကူအညီတောင်းသည်။ နည်းလမ်းတွေက လွယ်သော်လည်း လုပ်ရကိုင်ရတာ မလွယ်ကြောင်း ဦးဒေဝ ရှင်းပြသည်။

ကိုမြင့်အောင်၏ ဆံပင်ကိုရဖို့ ဝတ်မှုံ အတော်ကြိုးစားလိုက်ရသည်။ နေ့ခင်းနေ့လယ်တိုင်း အဘွားက တစ်ရေးမအိပ်ခင် ဆံပင်ဖြူနှုတ်ခိုင်းတတ်သည်။ နှုတ်ထားသည့် အဘွား၏ ဆံပင်ဖြူများကို အသေအချာ ထုပ်ပိုးသိမ်းဆည်းပြီး အသင့်ဆောင်ကာ အခါအခွင့်ကို စောင့်နေရတော့၏။

တစ်ရက် ကိုမြင့်အောင် ထမင်းစားပြန်အလာတွင် ခူးခပ်ပြင်ဆင်ပေးပြီးနောက် အနား၌ ယပ်ခတ်ပေးရင်း စောင့်နေလိုက်သည်။

"ဟယ်. . ကိုကြီး"

"ဘာတုံးဟ. . နင်ကလည်း အလန့်တကြားနဲ့. ."

"ကိုကြီးခေါင်းမှာ ဆံပင်ဖြူတွေ ပေါက်နေတယ်. . ၊ ကိုကြီး ကန်တော့နော်၊ ဝတ်မှုံ နှုတ်ပေးမယ်. ."

ဝတ်မှုံ လက်ရဲဇက်ရဲနှင့် ဆတ်ခနဲဆတ်ခနဲ ဆံပင်ဖြူ ချောင်းလောက် နှုတ်လိုက်သည်။ ပြီးတော့ အဘွားရဲ့ ဆံပင်ဖြူသုံး




အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ချောင်းနှင့် အစားထိုးကာ ပြလိုက်သည်။ ကိုမြင့်အောင် မျက်မြင်တွေ့သွား၍ ဘာမှမပြောတော့။ မရိုးမသားစိတ်နှင့် မလိုမ့်တစ်ပတ်လုပ်ခဲ့သော ဝတ်မှုံမှာသာ ရင်တုန်ပန်းတုန် ဒူးတုန်နေခဲ့သည်။

ကျန်တာတွေကိုတော့ သူ့နည်းသူ့ဟန်နှင့် ရှာနိုင်ခဲ့ပြီမို့ ပြဿနာမရှိတော့။ ပေါက်ပေါက်ရှာရှာ စုဆောင်းခိုင်းသည့် ဦးဒေဝ၏ အစီအရင်များကိုသာ အံ့ဩနေမိတော့သည်။

အခုတော့ အောက်လမ်းပညာ အကြောင်းကိုလည်း တစ်စွန်းတစ သိလာခဲ့ရပြီ၊ သူ့ရည်မှန်းချက်များ လက်တွေ့အကောင်အထည် ဖော်ခွင့်ရတော့မည် ဖြစ်ပေတော့သည်။





**ဝတ်**မှုံ ခြံထဲသို့ ဆိုင်ကယ်ကို တောက်လျှောက်မောင်းဝင်ခဲ့သည်။ ပတ်ဝန်းကျင်ကို အကဲခတ်ပြီး အိမ်ပေါ် တက်လာခဲ့၏။ သူမအခန်းထဲရောက်သည်နှင့် ဘော်လီကြားမှ အထုပ်လေးကို ထုတ်ယူလိုက်သည်။ အထုပ်ထဲမှ လေးနှင့်မြားကို ထုတ်ယူကိုင်ကြည့်ရင်း ဝတ်မှုံ ရင်တထိတ်ထိတ် ခုန်လာသည်။

သူဌေးကတော် ဖြစ်ချင်စိတ်တို့နှင့် လေးကိုင်းတွင် မြားကို တပ်ဆင်လိုက်၏။ အစီအရင်၏အစွမ်းကိုသိရအောင် တစ်ဆင့်ချင်း ရှေ့တိုးမည်ဟု ဆုံးဖြတ်ပြီး မြားတံမှ ပထမအထစ်အား လေးညှို့ကြိုးတွင် တပ်ဆင်လိုက်သည်။ ပြင်ဆင်ပြီးသွားတော့ ထိုအစီအရင်ကို ခုတင်အောက်တွင် အသေအချာသိမ်းသည်။

ဘယ်ကိစ္စမဆို အားကိုးရှိသည့်တိုင်အောင် ဝီရိယစိုက်ထုတ်မှု လျော့မပစ်ရန် ဝတ်မှုံ ကျင့်သားရပြီး ဖြစ်သည်။ သူ့ကိုယ်တိုင် လုလု



www.burmeseclassic.com

www.burmeseclassic.com



ပပ ပြင်ဆင်ပြီး ကိုမြင့်အောင်အား ဖြားယောင်းဖို့ကိုလည်း. . သူမ ပြင်ဆင်ရပြန်သည်။

ထိုအစီရင်ကိုဆောင်ရွက်ပြီး နောက်တစ်နေ့မှစ၍ ကိုမြင့်အောင် ဝတ်မှုံနှင့်ဆုံတိုင်း အကြည့်တွေ ပြောင်းသွားသည်ကို သတိထားမိလာသည်။ အကြည့်တွေပြောင်းသလို ဆက်ဆံရေးတွေလည်း ပြောင်းလာသည်။ ပြောဆိုဆက်ဆံတာတွေ လုံးဝမရိုးသားတော့. . ။

ထိုအခြေအနေတွေအား ဝတ်မှုံ ကျေနပ်၍မဆုံး၊ မျှော်လင့်ထားသမျှ ဖြစ်လာတော့မည်ဟု ယုံကြည်ကာ ဝမ်းသာအားရ ဖြစ်နေတော့သည်။

အောက်လမ်းပညာရပ်အစွမ်းကိုလည်း လုံးဝယုံကြည်လာခဲ့သည်။ ထိုနေ့ညဦးပင် ဝတ်မှုံ လေးကိုင်းကိုထုတ်၍ မြား၏ ဒုတိယအထစ်ကို ပြောင်းရွှေ့တပ်ဆင်လိုက်လေသည်။

မနက်လည်း စောစောစီးစီးထကာ ချမ်းချမ်းစီးစီးနှင့်ပင် ရေမိုးချိုးအလှပြင်၍ မီးဖိုချောင်ဘက် ထွက်လာလိုက်သည်။

ချက်ပြုတ်စရာ ပစ္စည်းအစုံအလင်ရှိသည့် မီးဖိုဆောင်သို့ဝင်ပြီး သူအကျွမ်းကျင်ဆုံး ရှမ်းခေါက်ဆွဲလုပ်ကျွေးရန် စိတ်ပါလက်ပါ ပြင်ဆင်သည်။ အဘွားကတော့ သူလုပ်သမျှ ထိုင်ကြည့်နေသည်။

ကိုမြင့်အောင်တို့ညီအစ်ကို နိုးလာတော့ အားလုံးအသင့်ပြင်ဆင်ပြီးပြီ. . ။

ကိုမြင့်အောင်က ချစ်ရည်ရွှမ်းလဲ့သော မျက်ဝန်းများနှင့် ဝတ်မှုံကိုကြည့်ကာ ပြုံးနေ၏။ အငယ်ကောင် လူပျိုပေါက် ရဲမိုးကတော့ စားဖို့သောက်ဖို့သာ အာရုံရောက်နေသည်။





ရှမ်းခေါက်ဆွဲကို မုန်ညင်းချဉ်နှင့်တွဲပြီး ပြင်ပေးထားသဖြင့် ညီအစ်ကိုနှစ်ယောက် ခေါင်းမဖော်တမ်း စားကြလေသည်။

"အစ်မ ခေါက်ဆွဲက အရမ်းကောင်းတာပဲ၊ မြို့မဈေးထဲက မန်စီခေါက်ဆွဲထက် သာတယ်"

"ဟုတ်လား မောင်လေးက မြှောက်နေပြန်ပြီ၊ နောက်တစ်ပွဲ ထပ်လုပ်ပေးရအုံးမလား. . မောင်လေး"

"မလုပ်နဲ့တော့ အစ်မ. . ဗိုက်တင်းသွားပြီ၊ ထမင်းဘူးထဲ ထည့်ပေးလိုက်ပေါ့. . ကျောင်းရောက်မှ ထပ်စားတော့မယ်"

"အေးအေး. . အစ်မလုပ်ပေးလိုက်မယ်"

ကိုမြင့်အောင်က ဘာမှမပြောသော်လည်း ဝတ်မှုံ လှုပ်ရှားမှုမှန်သမျှကို မမိုတ်မသုန် လိုက်ကြည့်နေသည်။ ဝတ်မှုံကလည်း မကြာခဏဆိုသလို မျက်လုံးချင်းဆုံအောင် အကြည့်လေးတွေ ပစ်ကျွေးထားလိုက်၏။

ကိုမြင့်အောင်ခမျာ အရင်က ခပ်တည်တည်နေလာခဲ့သမျှ ဒီနေ့တော့ ဂနာမငြိမ် ဖြစ်နေလေသည်။

ရဲမိုး ကျောင်းသို့ထွက်သွားသည်နှင့်. .

"ဝတ်မှုံ ဒီနေ့ လိမ္မော်ခြံထဲ လိုက်ခဲ့ပါလား"

"ရှင်. ."

"လိမ္မော်တွေ ခူးနေပြီလေ. . အားရစရာကြီး. . လိုက်ကြည့်ပေါ့၊ ဝတ်မှုံ တစ်ယောက်တည်း အိမ်မှာပျင်းနေမှာစိုးလို့ပါ"

"ဟုတ်ကဲ့. . ကိုကြီး၊ ဝတ်မှုံ လိုက်ခဲ့မယ်လေ"

တစ်ဖက်က အစပျိုးလာပြီဆိုတော့ ဝတ်မှုံ နှုတ်ခမ်းလေး



www.burmeseclassic.com

www.burmeseclassic.com



တွန့်ကာ ပြုံးမိသည်။ သူမ အခန်းထဲဝင်၍ သင့်တင့်သော အဝတ်အစားလဲပြီး ကိုမြင့်အောင်၏ လိုက်ထရပ်ကားနှင့် လိုက်ခဲ့၏။

ကိုမြင့်အောင်က ကားပေါ်မှာပင် စကားစလာသည်။

"ဝတ်မှုံ. ."

"ရှင်. ."

"အခုတလော ဝတ်မှုံ အရမ်းလှလာတယ်နော်. .၊ ဝတ်မှုံမှာ ချစ်သူတွေဘာတွေကော ရှိနေပြီလား"

"ရှင်. . ကိုကြီးကလည်း တစ်နေကုန် အိမ်ထဲမှာပဲနေနေတာ တွေ့သားနဲ့၊ ဘယ်လိုလုပ် ရည်းစားကရှိမှာတုန်း. ."

ကိုမြင့်အောင်မျက်နှာ အရောင်တက်သွားကာ သွားဖုံးပေါ်အောင်ပြုံးရင်း မှိုရသောမျက်နှာ ဖြစ်သွားသည်။

"ဝတ်မှုံကိုမြင်လိုက်တာနဲ့ ကိုကြီးရင်ထဲမှာ တစ်မျိုးပဲ. . . အရမ်း ခံစားရတယ်၊ ဝတ်မှုံကို ကိုကြီးသဘောကျတယ်၊ ကိုကြီးဘေးမှာ တစ်သက်လုံးခေါ်ထားချင်တယ်၊ ဝတ်မှုံမှာ ချစ်သူမရှိသေးဘူးဆိုရင် ကိုကြီး. . ဝတ်မှုံကို လက်ထပ်ချင်တယ်. ."

"အို. ."

ဝတ်မှုံမျက်နှာတွင် အံ့သြသောအမူအရာ ပြနေသော်လည်း ရင်ထဲမှာ ကျိတ်ပျော်နေ၏။

ဆရာကြီးအစီအရင်က အစွမ်းထက်လွန်းသဖြင့် တစ်ဖက်က အဆင့်ကျော်ပြီး လက်ထပ်ဖို့အထိ ပြောလာပြီဆိုတော့. . ချက်ချင်းအဖြေပေးချင်စိတ်ကို ကြိတ်မှိတ်ထိန်းရင်း ဟန်လုပ်လိုက်ရသည်။ ပြီးမှ. . .





"ဝတ်မှုံက မိဘမရှိတော့တဲ့ တစ်ကောင်ကြွက်မို့ အကဲစမ်းတာလား ကိုကြီး. ."

ပိုပြီးသေချာသွားအောင် ထပ်မေးလိုက်၏။

"ဟာ. . မဟုတ်ရပါဘူး၊ ဝတ်မှုံကို တကယ့်မေတ္တာစစ်နဲ့ ချစ်တာပါ၊ တစ်သက်လုံး ရိုးမြေကျပေါင်းပြီး စောင့်ရှောက်သွားချင်တယ်၊ ဝတ်မှုံမယုံရင် ကိုကြီး အဘွားရှေ့မှာ လက်ထပ်ခွင့်တောင်း ပြမယ်လေ"

ကိုမြင့်အောင် ဆေးမိသွားပြီဆိုတာ သေချာသလောက် ရှိသွားပြီမို့ ဝတ်မှုံစိတ်အေးသွားသည်။

သူမ ကိုင်တွယ်တတ်ဖို့ပဲ လိုတော့၏။

"တကယ့်မေတ္တာစစ်နဲ့ ဖွင့်ဟတာဆိုရင်တော့ ဝတ်မှုံ စဉ်းစားပေးပါ့မယ် ကိုကြီးရယ်"

"ဝမ်းသာလိုက်တာ ဝတ်မှုံရယ်၊ ကိုကြီးလေ စွဲလမ်းစိတ်နဲ့ ရူးမတတ်ဖြစ်နေလို့ မြန်မြန်လေးတော့ စဉ်းစားပေးပါနော်၊ ညဘက်ဆိုလည်း ကိုကြီးရဲ့ အိမ်မက်တစ်ခုလုံးကို ဝတ်မှုံတစ်ယောက်တည်း ကြီးစိုးထားတယ်လေ"

ကိုမြင့်အောင်ကတော့ အိမ်အောက်မှာမွေးထားသော ကြက်လို အချိန်မရွေး ရိုက်သတ်လို့ရနေပြီဖြစ်သည်။

ဝတ်မှုံလည်း သူဌေးကတော်ဖြစ်ချင်လွန်းသည့်စိတ်ကို ချိုးနှိမ်ကာ နှစ်ပတ်လောက် အချိန်ဆွဲပြီးမှ အဖြေပေးလိုက်သည်။

ကိုမြင့်အောင် ဝမ်းသာအူမြူး အရူးအမူး ဖြစ်နေပုံကြောင့် သိပ်မကြာခင်မှာပင် ဝတ်မှုံတို့အနေအထားကို အဘွားရိပ်မိသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအခါမှာတော့ သူမအပေါ် အမြင်မကြည်လင်တာကို သိလိုက်ရသည်။

ထုံးစံအတိုင်း မနက်ခင်းပိုင်းမှာ ချက်ပြုတ်ရန် အခန်းထဲမှ အထွက် တီတိုးစကားသံများ ကြားလိုက်၍ အသာရပ်ပြီး နားစွင့်မိသည်။

"မင်းနဲ့ ဝတ်မှုံ ကြိုက်နေကြတာလား"

"ဟုတ်တယ်အဘွား ကျွန်တော်သူ့ကို လက်ထပ်မှာ၊ အဘွားကို ဖွင့်ပြောတော့မလို့ အခုလိုမေးလာတော့ အတော်ပဲပေါ့"

"ဒီလို အခြေအမြစ်မရှိ ကျောထောက်နောက်ခံမရှိတဲ့သူနဲ့တော့ အဘွားသဘောမတူနိုင်ဘူး ငါ့မြေး"

အဘွားကြီးစကားကို ကြားလိုက်ရသည့် ဝတ်မှုံ ထောင်းခနဲ ဒေါသထွက်သွားမိသည်။

"ကျွန်တော်တို့ကို သဘောတူပေးပါအဘွား၊ ဝတ်မှုံကို ကျွန်တော် တကယ်ချစ်တာပါ။ သူ့ကိုမှမရရင် ကျွန်တော်သေမှာပဲ. ."

ကိုယ့်လူက စိတ်ချရသော်လည်း လမ်းခရီးမှာ ဖျက်မြင်းတစ်ကောင်ရှိနေတာ သိလိုက်ရ၍ ဝတ်မှုံ အသာလှည့်ထွက်လာခဲ့သည်။

ထိုပြဿနာကိုရှင်းဖို့ နေ့ခင်းဘက်တွင် ဦးဒေဝထံသို့ ဝတ်မှုံ ရောက်ခဲ့ရပြန်သည်။

ဦးဒေဝအိမ်က ထုံးစံအတိုင်း ချောက်ချားစရာ ကောင်းနေသည်။ သူမ အိမ်ပေါ်ရောက်သည်နှင့်. . .

"ကတော်. . ကတော်. . ကတော့. . အောက်. . ကွပ်"

ကြက်တစ်ကောင်၏ တောင်ပံရိုက်သံနှင့် မချိမဆန့်အော်





သံ ကြားလိုက်ရသဖြင့် အထိတ်အလန့် ဖြစ်သွားရသည်။ မြင်လိုက်ရသည့် မြင်ကွင်းကလည်း သည်းထိတ်ရင်ဖိုပင်၊ ဦးဒေဝက ကြက်ကို လည်လှီး၍ လည်ချောင်းသွေးအား အင်တုံနှင့် ခံနေခြင်းဖြစ်သည်။

"ဆရာ. . ဆရာကြီး. ."

"ဩော်. . မင်းကိုး၊ ဘာထပ်လုပ်ပေးရအုံးမလဲ ကလေးမ"

"ဆရာကြီး လုပ်ပေးလိုက်တဲ့ အစီအရင်က စွမ်းတယ်နော်၊ ကျွန်မလုပ်လိုက်တဲ့သူကတော့ အရူးအမူးပါပဲ၊ ဒါပေမဲ့ အနှောင့်အယှက်တစ်ခု ထပ်ပေါ်လာလို့ ဆရာကြီးဆီ လာခဲ့ရတာ"

ဝတ်မှုံက ကိုမြင့်အောင်၏အဘွားအကြောင်း ဦးဒေဝအား ရှင်းပြလိုက်သည်။ ဆရာကြီးက ခေါင်းတညိတ်ညိတ်. . .

အခြေအနေကို သဘောပေါက်သွားတော့ နတ်ရုပ်ပေါင်းစုံ တင်ထားသောစင်ပေါ်မှ ဆေးပုလင်းလေးတစ်လုံးကို လှမ်းယူကာ ဝတ်မှုံလက်ထဲထည့်ပေးရင်း. .

"အဲဒီအဘွားကြီးစားမယ့် အစာထဲမှာ ဒီဆေးမှုန့်ခတ်ပြီး ကျွေးလိုက် သုံးရက်ပဲလုပ်၊ ဒါ. . နှုတ်ဟန့်ဆေးပဲ၊ မင်းပြောသမျှ ဘာမှ နှုတ်လှန်ထိုးမှာ မဟုတ်တော့ဘူး၊ ဆေးထည့်ကျွေးပြီး သုံးရက်မြောက်တဲ့နေ့မှာပြော. . မင်းပြောသမျှ အောင်စေရမယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

"မင်း,လိုဘပြည့်တဲ့အခါ. . အဘွားကြီးကို ဘုရားသောက်တော်ရေစွန့်ပြီး တိုက်လိုက်ပါ၊ ဒါမှ ဗိုက်ထဲက အပင်းသွင်းထားတဲ့ အာနိသင်တွေ ပျက်ပြယ်သွားမှာ. ."

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဝတ်မှုံ ဆေးပုလင်းလေးကိုယူ၍ ပြန်လာခဲ့သည်။ ဟောင်ဖွာ ဟောင်ဖွာလုပ်ချင်သော အဘွားကြီးရဲ့ပါးစပ်ကို အပြီးပိတ်နိုင်တော့မည်။

ဦးဒေဝမှာလိုက်သလို ဘုရားသောက်တော်ရေ ပြန်တိုက်မည့်ပုံတော့ မပေါ်ပေ. . ။

သို့နှင့် ဝတ်မှုံ နှုတ်ပိတ်ဆေးကို အဘွားထမင်းစားတိုင်း သုံးရက်တိတိ ထည့်ကျွေးလိုက်သည်။

ထိုအချိန်မှာပင် ကိုမြင့်အောင်က စကားစလာသည်။

"ဝတ်မှုံကို ပိုင်ပိုင်နိုင်နိုင် ချစ်ချင်ပြီကွာ လက်ထပ်ကြစို့နော်"

"ကိုကြီး. . အဘွားကို သွားပြောလေ. . "

"လာ. . ခုံ. . သွားပြောမယ်"

ကိုမြင့်အောင်နှင့် ဝတ်မှုံတို့ အဘွားရှေ့တွင်ထိုင်ကာ လက်ထပ်ဖို့ကို တောင်းဆိုသည်။ ထူးဆန်းစွာ. . အဘွားက ဘာဆိုဘာမှ မပြော၊ မကန့်ကွက်၊ မဟန့်တားတော့. . ။ ကြည်ကြည်ဖြူဖြူ လက်ခံသဖြင့် ကိုမြင့်အောင် ပျော်သွားသလို ဝတ်မှုံလည်း စိတ်အေးသွားသည်။

ဦးဒေဝ၏ ပညာစွမ်းကိုလည်း တအံ့တသြနှင့် လေးစားအထင်ကြီးမိသွားသည်။ ဆရာကြီးပေးသော နှုတ်ပိတ်ဆေးနှင့် အဘွားပါးစပ်ပိတ်သွားခဲ့ပြီ။ အောက်လမ်းပညာ၏ အံ့မခန်းအစွမ်းများနှင့် ဝတ်မှုံသူဌေးကတော်ဖြစ်မည့်လမ်းကို အဟန့်အတားမရှိ လျှောက်လှမ်းနိုင်ခဲ့ပြီဖြစ်သည်။

ကိုမြင့်အောင်နှင့် ဝတ်မှုံတို့ တက်သုတ်ရိုက်ပြီး မင်္ဂလာ





ဆောင်ကာ အိမ်ထောင်သည်ဘဝကို တက်လှမ်းခဲ့သည်။

အပင်းမိနေသော ကိုမြင့်အောင် အပျော်ကြီးပျော်နေသလို ဆေးမိနေသော အဘွားလည်း ဘာကိုမှ မမြင်သလို မကြားသလိုနှင့် ပါးစပ်ပိတ်နေလေ၏။


ဝတ်မှုံ အငြိုးဖြင့် သောက်တော်ရေစွန့်ပြီး တိုက်ဟာတောင် မလုပ်ခဲ့၊ ဒီမိသားစုထဲသို့ ဘုရင်မအဖြစ် လွယ်လင့်တကူ ရောက်ရှိလာခဲ့သည်။ အောက်လမ်းပညာ အကူအညီအပြင် ပင်ကိုယ်ထက်မြက်မှုပါပေါင်း၍ အားလုံးကို ချုပ်ကိုင်နိုင်ခဲ့ပြီမို့ အနာဂတ်အတွက် စိတ်အေးခဲ့ရပြီ။





www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၂ )

လူ့စိတ်သဘောက အတော်ခက်လေသည်။

"လိုတာမရ ရတာမလို" ဆိုတဲ့စကား အတော်မှန်ကြောင်း ဝတ်မှုံ ခံစားလာရသည်။ မိမိလိုချင်သော ဘဝစည်းစိမ်တွေကို ရခဲ့ပြီ။ ကိုမြင့်အောင်၏ စီးပွားရေးက ဝတ်မှုံလက်ထဲ ရောက်လာခဲ့ပြီ။

သို့သော် အိမ်ထောင်ရှင်ဘဝကို ဝတ်မှုံ ခံစားလို့မရ ဖြစ်လာခဲ့သည်။ အမှန်ပြောရလျှင် စည်းစိမ်မက်လို့သာ ကိုမြင့်အောင်ကို လက်ထပ်ယူခဲ့သည်။ ချစ်လို့ယူခဲ့ခြင်းမဟုတ်. . ။



www.burmeseclassic.com

www.burmeseclassic.com



ကိုမြင့်အောင်ကလည်း မနက်မိုးလင်းတာနဲ့ လိမ္မော်ခြံထဲ ဆင်းသွားသည်။ ညနေမှ ပြန်ရောက်လာတတ်သည်။ ထိုကာလ အတွင်း အထီးကျန်နေသူက ဝတ်မှုံပင်ဖြစ်သည်။

ညနေပြန်ရောက်လာတော့လည်း ကိုမြင့်အောင် ပြန်ရောက် လာပြန်တော့လည်း မချစ်မနှစ်သက်သော ယောကျ်ားတစ်ယောက် ၏ရင်ခွင်ထဲမှာ မှေးစက်ရပြန်၏။ အပြုစုအယုယ အထိအတွေ့တွေ ကို ခံစားလို့မရ. .။ တခေါခေါအိပ်ပျော်နေသော လင်ယောကျ်ား ကိုကြည့်ရင်း အံကြိတ်နေခဲ့ရတဲ့ ညတွေလည်း မနည်းတော့. .။

ကြာတော့ ဝတ်မှုံစဉ်းစားလာရပြီ။ အိမ်ထောင်သည်ဘဝ၏ အနှစ်သာရဆိုတာ ဘယ်မှာလဲ. .၊ အချစ်၏ သာယာမှု၊ ခံစားမှု၊ စိတ်ပျော်ရွှင်မှုဆိုတာ သူမအတွက် မရှိသလို ဖြစ်လာခဲ့သည်။ မနက် မိုးလင်းထ ဈေးသွား၊ ညရောက်တဲ့အထိ မနားတမ်းလှုပ်ရှားနေရ၍ ကြာလာတော့ ရွှေဘုံပေါ် ထိုင်ရင်း သူမဘဝကို စိတ်ပျက်လာခဲ့သည်။

ဝတ်မှုံ အနေနဲ့ကလည်း အကူအိမ်ဖော် မခေါ်ရဲ၊ သူစိမ်းဝင် လာပါက သူမအကြောင်းတွေ ပေါ်သွားမည်ကို စိုးရိမ်နေမိသည်။ သူမဘဝက တခြားသူကို ချုပ်ကိုင်ထားသော်လည်း မိမိကိုယ်တိုင် အကျယ်ချုပ် ခံနေရသလို ခံစားလာရသည်။

သက်တမ်းကွေလုလု အဘွားကြီးတစ်ယောက်နှင့် ရှေးဖြစ် နှောင်းဖြစ် အကြောင်းအရာတွေကို ပြောဆိုနေရမည်လား၊ လင် ယောကျ်ားပြန်လာချိန်ကိုမျှော်ပြီး ချွေးတလုံးလုံးနဲ့ အညှော်ခံပြီး ချက် ပြုတ်နေရမည်လား. .။

မဟုတ်. . .။ သူမလိုချင်တာ ဒီလိုပုံစံမဟုတ်။





ဝတ်မှုံ ရရှိနေတဲ့အခွင့်အရေးထက် ပိုလိုချင်လာပြီဖြစ်သည်။

လွတ်လပ်မှုကို ပိုမက်မောလာသည်။

လူအများနှင့် ပြန်လည်ထိတွေ့ခွင့်ကို တောင့်တလာသည်။

ဝတ်မှုံဆိုသော ခပ်ရှုရှုမိန်းမတစ်ယောက်သည် မီးဖိုချောင် တွင် ချောင်ထိုးခံရမတဲ့လား. .။

လိုချင်တာရအောင် ယူနိုင်ခဲ့သော ဝတ်မှုံ၊ အခုလည်း ထွက် ပေါက်ကို ဖန်တီးရမည်။ လောကစည်းစိမ်တစ်ခုကို ပြန်ရနိုင်သော ထွက်ပေါက်တစ်ခုကိုပေါ့. . .။

အငယ်ကောင် ရဲမိုး ကိုးတန်းအောင်သည့်နှစ်မှာ ဆယ်တန်း ဘော်ဒါထားဖို့ စုံစမ်းရင်း. . . တောင်ကြီးမြို့က ပုဂ္ဂလိကစာသင် ကျောင်းတစ်ကျောင်းတွင် တာဝန်ခံမန်နေဂျာ အလိုရှိကြောင်း ကြော် ငြာကိုပါ တွေ့ခဲ့သည်။

ပညာအရည်အချင်းက သိပ်မွဲ့ရ၊ တာဝန်က ကျောင်းသား များအတွက် Study အချိန်ဇယား ဆွဲပေးခြင်း၊ အာဟာရမျှတအောင် အစားအသောက် စီမံပေးခြင်း၊ တစ်ဦးချင်း အခက်အခဲများကို နား ထောင်ဖြေရှင်းပေးခြင်းတို့ ပါဝင်သည်။ ဒါ သူမ လုပ်နိုင်သောအလုပ် မျိုးဟု ဝတ်မှုံ ချက်ချင်းသိလိုက်သည်။

သို့နှင့် ရဲမိုးကို ကျောင်းအပ်ဖို့ကိစ္စက နောက်ရောက်သွား ပြီး ထိုအလုပ်ကို ဝတ်မှုံ အရင်လျှောက်လိုက်သည်။ အင်တာဗျူးကို ဝတ်မှုံ အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့သည်။

ရဲမိုးကိုလည်း ထိုဘော်ဒါမှာပင် ကျောင်းအပ်ခဲ့သည်။

ထို့နောက်တွင်တော့ သူဌေးကတော်ဝတ်မှုံ စိတ်ခိုမြက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



အလှပြင်ကာ စတိုင်ကျကျဝတ်စား၍ မည်သူမှ အတားအဆီးမရှိ သူမအိမ်မှ ထိုစာသင်ကျောင်းသို့ ထွက်လာခဲ့တော့သည်။

အလုပ်ကိုအကြောင်းပြပြီး သူမပါ ကျောင်းအိပ်ကျောင်းစာ နေလိုက်လေသည်။ အိမ်ကိုပင် မပြန်တော့. . .။

ကိုယ့်အရည်အချင်းကိုယ် အရောင်တင်ကာ အစွမ်းပြခဲ့သဖြင့် လုပ်ငန်းခွင်မှာလည်း ဝတ်မှုံ အောင်မြင်နာမည်ရလာသည်။

ရဲမိုးက ဘော်ဒါတွင် တန်းခွဲ(B)၌ တက်ရောက်ခွင့်ရပြီး အတန်းဖော်များအဖြစ် အိုက်မောင်း၊ ဗလ၊ နန်းမူ၊ ဝါနု၊ ရွှေရည် တို့နှင့် ဆုံစည်းခဲ့ရသည်။ ဘော်ဒါတက်သည်ဆိုမှတော့ မိဘအသိုင်းအဝိုင်းက ငွေကြေးတောင့်တင်းသူများသာ ဖြစ်ကြသည်။ ဒီတော့လည်း ဖုန်းကိုယ်စီနှင့် လူရည်လည်နေကြသူများလည်းဖြစ်၏။

ကျောင်းအိပ်ကျောင်းစား အပျိုလူပျိုအရွယ်များကို ထိန်းသိမ်းစောင့်ရှောက် ပညာသင်ကြားပေးဖို့ဆိုတာ လွယ်ကူလှသည် မဟုတ်၊ တာဝန်ကြီးလွန်းလှသည်။

တစ်ရက်. . နေ့ခင်းထမင်းစားပြီး ခေတ္တအနားရချိန်တွင် သူငယ်ချင်းတစ်စု ဘော်ဒါကျောင်းဝင်းအတွင်းမှ အရိပ်ရခုံတန်းတွင် စကားပြောဖြစ်ကြသည်။

"ဟိုလူကြီး ရေလည်ဘူးကျတယ် သိလား"

"ဘယ်သူလဲ ဝါနုရဲ့"

"ဦးခွန်ထူးပေါ့. . . နှာဘူးကြီးလေ"

"ဟင်. ."

ဝါနု၏ အပြောကြောင့် ရဲမိုး အပါအဝင် ယောကျ်ားလေး





များအားလုံး အံ့ဩသွားကြသည်။ ဦးခွန်ထူးဆိုသည်က သူတို့ ဘော်ဒါဆောင်ကျောင်းကြီး၏ ရှယ်ယာဝင် သူဌေးတစ်ယောက်လည်းဖြစ်သည်။ ဆရာ၊ ဆရာမ အယောက်သုံးဆယ်နှင့် ဝန်ထမ်းနှစ်ဆယ်လောက်ကို နိုင်နင်းစွာ ဦးဆောင်နေသော ကျောင်း၏အုပ်ချုပ်ရေးအဖွဲ့တွင် ပါဝင်ပြီး အသက်လေးဆယ့်ဝန်းကျင် လူလတ်ပိုင်း လူပျိုလူလွတ်လည်းဖြစ်၏။

"ဟုတ်ရဲ့လားဟာ ဒီလူကြီးက စတယ်ကြီးနဲ့ပါ"

"အမလေး. . ကြောင်သူတော်ကြွက်သူခိုး၊ ညဘက် အဆောင်တွေလှည့်စစ်ရင် မိန်းခလေးတွေ့တိုင်း ခေါင်းပုတ်လိုက်၊ ပါးကိုလိမ်ဆွဲလိုက်နဲ့. . ဟွန်း"

"ဟယ်. . အဲလိုကြီးလား၊ ဒါပေမယ့် အဆောင်မှူးဆရာမတွေ ပါတယ်မဟုတ်လား ဝါနု"

"အေး. . သူတို့ပါလို့ တော်သေးတာပေါ့"

"ရဲမိုး. . နင်စိတ်တော့မဆိုးနဲ့၊ နင့်မရီးနဲ့ ဦးခွန်ထူးလည်း အရမ်းတွဲနေတာ. . ကားတစ်စီးနဲ့ အပြင်အမြဲထွက်နေကြတာပဲ"

နန်းမူ အားမနာပါးမနာ ပြောသည့်စကားကြောင့် ရဲမိုး မျက်နှာပျက်သွားသည်။ အကြောင်းအရာကို ပေါ့သွားစေမည့် စကားရှာ၍ မရီး၏သိက္ခာကို အဖတ်ဆယ်ရသည်။

"နင်ကလည်းဟာ သူဌေးနဲ့ဝန်ထမ်းလေ၊ သွားတာလာတာကလည်း ကျောင်းအတွက် လိုအပ်ပစ္စည်းတွေ ထွက်ဝယ်တာပဲ မဟုတ်လား"

"သူတို့နှစ်ယောက် ဆက်ဆံရေးက ပုံမှန်ထက် သိပ်ရင်းနှီး



www.burmeseclassic.com

www.burmeseclassic.com



နေသလားလို့ပါ"

"ကဲ. . တော်ပြီ၊ မနက်ကသင်ခဲ့တာတွေ တစ်ယောက်တစ်ပုဒ် ပြန်ရှင်းပြကြရအောင်"

အိုက်မောင်း စကားဝင်ဖြတ်လိုက်မှ ခေါင်းစဉ်ပြောင်းသွားပြီး ရဲမိုးလည်း မျက်နှာပူ သက်သာသွားသည်။ မနက်ကသင်ခဲ့သည်များကို တစ်ယောက်တစ်ပေါက် ပြန်ပြောရင်း ဆူညံနေကြသည်။ ရဲမိုးကတော့ ထိုဝိုင်းတွင် ဝင်မပါတော့၊ သူ့ခေါင်းထဲမှာ စာတွေမရှိဘဲ မရီးကိုသာ မြင်ယောင်နေမိတော့သည်။

၅ ၅ ၅ ၅





**ကိုယ်**ပိုင် Study အချိန်တွင် ရဲမိုးတို့ စာကျက်ကြရသည်။ နှစ်ထပ်အိပ်စင်တွင်အိပ်ရင်း စာဖတ်နေသော ဗလ ဆင်းသွားကာ တံခါးတွန်းဖွင့်လိုက်သည်။

"ဟေ့ကောင် ဘယ်လဲ"

"အိမ်သာဟေ့. . လိုက်ကြဦးမလား"

"မလိုက်တော့ဘူး. . တို့သွားပြီးပြီ"

ရဲမိုး စာဆက်ဖတ်ရင်း နေ့ခင်းကအိပ်ငိုက်လို့ လိုက်မရေးမိလိုက်သည့် အပိုဒ်ကိုတွေ့၍ ဗလစာအုပ်ထဲမှ ပြန်ကူးရန် သူ့ခုံပေါ်တွင် သွားရှာလိုက်သည်။

မနက်က သင်ခန်းစာကို လှန်လှောရှာဖွေတော့. . ရွှေရည်နာမည်တပ်ထားသော ဗလ၏ရည်းစားစာက စာအုပ်ထဲမှ လွင့်ဆင်းလာသည်။ ရဲမိုးရင်ထဲ အပူမီးက ဝုန်းခနဲ တောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ရွှေရည်ကို သူလည်းသဘောကျနေသည်။ ချဉ်းကပ်ရန် နည်းလမ်းစဉ်းစားနေစဉ်မှာပင် ဗလက ရည်းစားစာပင် ပေးတော့မည်။ ရဲမိုး ဝိုင်ကာ စိတ်ဓာတ်ပါကျသွားရသည်။ ဟန်မပျက် စာပြန်ကျက်နေစဉ် ဗလပြန်ရောက်လာ၏။

တစ်ခန်းတည်းအတူစုနေရသည့် လေးယောက်စလုံး ကိုယ့်နည်းကိုယ့်ဟန်နှင့် စာကျက်နေကြသည်။ အချိန်က ညဆယ်နာရီထိုးပြီ. . ။ ထိုစဉ်. . .

"အား. ."

စာကျက်သံမှလွဲပြီး တိတ်ဆိတ်နေသော ထိုအချိန်တွင် အားခနဲ အော်သံနှင့်အတူ ဆူညံပွက်လောရိုက်သံများ ကြားလိုက်ရ၍ အားလုံးလန့်သွားကြ၏။ ရဲမိုး၊ အိုက်မောင်း၊ ဗလနှင့် မိုးဝေတို့ လေးယောက်စလုံး မတိုင်ပင်ရဘဲ အခန်းထဲမှ ပြေးထွက်ခဲ့ကြ၏။

အဆောင်ဝရန်တာတွင် ကျောင်းသားတွေ အပြည့်ဖြစ်နေသည်။ အသံလာရာ မိန်းကလေးအဆောင်မှာတော့ မီးတွေထိန်ထိန်လင်းကာ အဆောင်မှူးတွေ ယောက်ယက်ခတ်နေတာ တွေ့ရသည်။

"ဘာဖြစ်တာလဲ. ."

"သရဲခြောက်တာလား မသိဘူး၊ ဒီဘော်ဒါဆောင်မှာ သရဲရှိချင်ရှိနေမှာ. ."

"ပေါက်ကရတွေကွာ. ."

ဘာဖြစ်မှန်းမသိ၍ တစ်ယောက်တစ်ပေါက် ဝေဖန်နေကြသည်။ ခဏအကြာမှာ ယောကျ်ားလေးအဆောင်မှူး ဦးစိုင်းရောက်လာ၍ ဝိုင်းမေးကြသည်။





"ကျောင်းသူတစ်ယောက် ဗိုက်အောင့်လို့ပါ ဘာမှမဖြစ်ဘူး ကိုယ့်အခန်းကိုယ်ဝင်တော့"

ဒီလိုနှင့် စိတ်အေးသွားကာ ကျောင်းသားတွေ ကိုယ့်အခန်းကိုယ် ပြန်ဝင်သွားကြသဖြင့် ညက ပုံမှန်အတိုင်း တိတ်ဆိတ်ငြိမ်သက်သွားသည်။ ညဆယ့်တစ်နာရီခွဲတွင် မီးပိတ်လိုက်သည်မို့ ဘော်ဒါဆောင်တစ်ခုလုံး အသံတိတ်သွားတော့သည်။

မနက်လင်း၍ စုပေါင်းဘုရားရှိခိုးပြီးသည်နှင့် ထမင်းစားဆောင်တွင် ကျောင်းသူကျောင်းသားများ လူစုမိသဖြင့် စကားပြောခွင့်ရသွားသည်။ ဗလက ရွှေရည့်အနားကပ်ပြီး စပ်စုသည်။

"ညက. . နင်တို့အဆောင်မှာ ဘာဖြစ်တာလဲ"

"မိုးခမ်းလေ ဗိုက်အောင့်တယ်ဆိုပြီး အော်ဟစ်လူးလိမ့်နေတာ"

ရွှေရည်က အနီးအနားကို ဝေ့ဝဲအကဲခတ်ပြီး တီးတိုးလေသံနှင့်. .

"အရင်ဆုံး သက်သာအောင်ဆိုပြီး အဆောင်မှူးက ဂျဲလမင့်(န်)တိုက်တယ်၊ အဲဒီတော့မှ ပိုဆိုးပြီးအော်တော့တာလေ"

ရွှေရည်က ဆက်ပြီးဖောက်သည်ချသဖြင့် ယောကျ်ားလေးတွေ နားထောင်ရင်း တအံ့တသြနှင့် မျက်လုံးပြူးသွားသည်။

"မိုးခမ်းကို တစ်ယောက်ယောက်က အောက်လမ်းနှင့် လုပ်ထားတာတဲ့၊ အင်္ဂလိပ်ဆေးသောက်ပြီးမှ အခြေအနေ ပိုဆိုးလာပြီး အော့အန်တော့တာဟဲ့၊ မိုးခမ်းဖြစ်တာ သွေးရိုးသားရိုး မဟုတ်နိုင်ဘူးဆိုပြီး. . . ဦးခွန်ထူးတို့ ညကြီးမင်းကြီး အပြင်ထွက်ပြီး ဆရာ[illegible]သွား



www.burmeseclassic.com

www.burmeseclassic.com



ပင့်ကြတယ်”

သို့ဖြင့်. . အထက်လမ်းဆရာရောက်လာပြီး မိုးခမ်းအနေအထားကို စစ်ဆေးကာ အောက်လမ်းနည်းနှင့် စီရင်ထားကြောင်း၊ မိုးခမ်းကို အသေသတ်တာဖြစ်ကြောင်း ရှင်းပြပြီး. . သေချာတော့မှ အပင်းချအင်းကို အုန်းရေနှင့်တိုက်ကာ ကုသကြောင်း. . ရွှေရည်က ပြောပြလေသည်။

“ဆရာက မိုးခမ်းရှေ့မှာ ပိတ်ဖြူစတစ်စ ခင်းပေးထားတယ်ဟ၊ အပင်းချအင်းက မိုးခမ်းဝမ်းထဲ ဝင်သွားတာနဲ့ အခြေအနေက ထူးခြားလာတော့တာပဲ”

“ဘာတွေဆက်ဖြစ်လဲ. . ရွှေရည်”

နားထောင်နေကြသော သူငယ်ချင်းများ အလွန်စိတ်ဝင်စားနေကြပြီဖြစ်သည်။

“အထက်လမ်းဆရာကြီးက မိုးခမ်းကို ပရိတ်ရေနဲ့ ပက်ပြီး မြတ်စွာဘုရားဂုဏ်တော်ကို မရပ်မနားရွတ်ရင်း ခေါင်းကိုကိုင်ထားတာလေ၊ ခဏကြာတော့. . မိုးခမ်းပျို့တက်လာပြီး မချိမဆန့် အန်တော့တာပဲ”

“ဟာ. . . ဘာ. . ဘာတွေ အန်တာလဲ ရွှေရည်”

“အန်ချလိုက်တာတွေက ကျောက်ခဲလေးတွေဟ၊ ပုတီးစေ့အရွယ်ကနေ ဇီးစေ့အရွယ်ထိ ဆိုဒ်စုံပါတယ်. . အရမ်းထူးဆန်းတာပဲ၊ ငါဆို ကြောက်လွန်းလို့ ထပြေးချင်စိတ်တောင်ပေါက်တယ်ဟ”

နားထောင်နေသူများပင် ရွှေရည့်စကားကြားပြီး လန့်ဖျပ်ကုန်ကြသည်။





“အဲ့ဒီအထက်လမ်းဆရာကြီးက ပြောတယ်. . ဒီကလေးမကို လုပ်ထားတဲ့သူက ဒီကျောင်းထဲကပဲ၊ ဘယ်သူလဲဆိုတာတော့ မပြောတော့ပါဘူး. . လုပ်တဲ့လူပဲ အသိဆုံးဖြစ်မှာပေါ့တဲ့”

“နင်ကကော ဘယ်သူလို့ထင်လည်း ရွှေရည်”

“ငါ မဝတ်မှုံကို မသင်္ကာဘူး၊ အထက်လမ်းဆရာကြီးက မဝတ်မှုံကို စောင်းငဲ့ကြည့်ရင်း ပြောလိုက်တာဟ၊ ပြီးတော့. . မိုးခမ်းဒီလောက်ဖြစ်နေတာတောင် သူက အေးအေးဆေးဆေးပုံစံနဲ့. . ၊ ဘာမှ အံ့သြဟန်မပြဘူး ပုံမှန်အတိုင်းပဲ ကြည့်နေတာလေ. . .”

“ရွှေရည်ရယ် ဒီလောက်တိုးတက်တဲ့ခေတ်မှာ ဒါတွေရှိသေးလို့လား”

“အမလေး ဗလ နင်က မတွေ့လိုက်ရဘဲကိုး. . ၊ ငါတို့တော့ယုံတယ်. . ကြောက်လည်းကြောက်တယ်၊ မိုးခမ်း ခံလိုက်ရတာများ သေလုမြောပါးပဲ၊ သူအန်ချတဲ့ ကျောက်ခဲတွေ ချိန်ကြည့်တာတောင် နှစ်ဆယ်သားလောက်ရှိတယ် သိရဲ့လား”

“ဘုရား. . ဘုရား”

ဘော်ဒါဆောင်မှ ကျောင်းသူကျောင်းသားများ၊ အောက်လမ်းနည်းကို ယုံသူရော မယုံသူပါ စိတ်ချောက်ချားကုန်သည်။

“ဝါနု ရှစ်တန်းတုန်းကလည်း ရပ်ကွက်ထဲမှာ အဲလိုအဖြစ်မျိုးကြုံဖူးတယ် သိလား”

ဝါနုပြောမှာကို အားလုံးနားစွင့်ကြပြန်သည်။

“ဝါနုတို့ ရပ်ကွက်ထဲမှာ ချမ်းသာတဲ့ မိသားစုတစ်စုရှိတယ်၊ ချမ်းသာသလို မောက်မာကြလို့ ရပ်ကွက်နဲ့အဆင်မပြေဘူးလေ၊



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီမိသားစုရဲ့ မောက်မာရင့်သည်းမှုကို တစ်လမ်းလုံး ခါးသီးစွာ ခံစားနေရချိန်မှာပဲ. . . အဲ့ဒီအိမ်ကလူနှစ်ယောက် ထူးဆန်းစွာပဲ အကောင်းပကတိကနေ ရှေ့ဆင့်နောက်ဆင့် သေဆုံးသွားကြတယ်၊

အသုဘဆက်တိုက်ဖြစ်ပြီး သူတို့ပိုင် ခရီးသည်တင်ကား၊ ကုန်ကားတွေ မှောက်တယ်၊ ခရီးသည်သေဆုံးမှု များတဲ့အတွက် လျော်ကြေးပေးရလို့ စီးပွားပျက်လုမတတ် ဖြစ်သွားကြရော. .၊

အဖြစ်ဆိုးတွေက အဲ့ဒါလောက်နဲ့မပြီးသွားဘူးဟ. . ဝါယာရှော့(စ်)ဖြစ်ပြီး အိမ်မီးလောင်တယ်၊ မီးကို လူနိုင်လို့ အိမ်ပြာကျမသွားခဲ့တာ. .၊ အဲ့ဒီတော့မှ ဖြစ်သမျှကိစ္စမှာ သွေးရိုးသားရိုး မဟုတ်ဘူးလို့ ယူဆပြီး အထက်လမ်းဆရာပင့်. . . နေအိမ်နဲ့ ခြံဝင်းကို သန့်စင်အောင် လုပ်ဆောင်ကြတာပေါ့. .”

ဝါနုအပြောအရ. . . ခြံဝင်းထဲမှာ ပွဲကိုးပွဲထိုးပြီး ဆန်မန်းပေါက်ပေါက်များ ကြဲပက်သည်။ ထိုသို့ဆောင်ရွက်ပြီး အထက်လမ်းဆရာက ကန်တော့ပွဲရှေ့တွင် ပုတီးစိပ်နေ၏။ များမကြာမီတွင် ကြဲပက်ထားသော ဆန်မန်းပေါက်ပေါက်များက တစ်နေရာတည်းတွင် သွားစုတော့၏။

ဆန်မန်းစုနေသောနေရာအား တူးခိုင်းသည့်အခါမှာတော့ အရိုးခေါင်းတစ်ခုနှင့် ဖာတောင်း သေးသေးတစ်လုံး ရှာတွေ့ခဲ့သည်။ ဖာတောင်းထဲတွင် ထိုမိသားစု၏ နာမည်များနှင့် အင်းချထားသော စာရွက်များကို ထဘီစုတ်နှင့် ထည့်ထားတာ တွေ့ကြရသည်။

ဖာတောင်းနှင့် စာရွက်စာတမ်းများကို မီးရှို့ဖျက်ဆီး၍ အရိုးခေါင်းကို သင်္ချိုင်းသို့သွားပစ်မှ ကံနိမ့်ပြီး အကုသိုလ်ဝင်နေတာတွေ





ရပ်တန့်သွားသည်။

“အဲဒါ ငါ့အိမ်ဘေးမှာဖြစ်သွားလို့ ဒီအကြောင်းကို အကုန်ပြောပြနိုင်တာ ရွှေရည်ရေ. .”

“ဒါဆို အောက်လမ်းဆိုတာ တကယ်ရှိတာပေါ့ ဟုတ်လား”

“လုံးဝရှိတယ် ဗလ၊ အဲဒါတွေကို လျှော့မတွက်နဲ့. .”

“ဒါဆို မိုးခမ်းကို ဘာကြောင့်လုပ်တာလဲ”

ထိုမေးခွန်းကိုတော့ ဘယ်သူမှ မဖြေနိုင်ကြ. .၊ ရွှေရည်က စဉ်းစားရင်း. .

“သေချာတော့ ဘယ်သိနိုင်ပါ့မလဲဟာ၊ ဖြစ်နိုင်တာကတော့ မိုးခမ်းက စာတော်တယ်လေ၊ ဦးခွန်ထူးရဲ့ အချစ်ဆုံးတူမ ဆိုတော့၊ တစ်ကျောင်းလုံးက ဆရာ၊ ဆရာမတွေက အလိုလိုက်ထားတယ်လေ၊ ပြီးတော့. . သူ့ဦးလေး လူပျိုကြီးဦးခွန်ထူးဘေးမှာ ဘယ်မိန်းမမှ ကပ်တာ မကြိုက်ဘူး၊ မဝတ်မှုံ ရောက်လာတော့ ဦးခွန်ထူးနဲ့ တစ်တွဲတွဲလုပ်နေလို့ မိုးခမ်းနဲ့ ရန်ဖြစ်ကြသေးတယ်၊ မဝတ်မှုံများ လုပ်လိုက်သလားလို့ ငါတွေးမိသေးတယ်ဟာ. .”

“ငါတော့ မထင်ဘူး ရွှေရည်၊ ငါ့မရီးက ရိုးပါတယ်”

ရဲမိုးလည်း သူ့မရီးဘက်မှ ကာကွယ်ပြီးပြောရလေသည်။ ထိုအချိန်မှာ ကျောင်းတက်ဘဲ(လ်)သံမြည်လာ၍ သူတို့အားလုံး မအီမလည်နှင့်ပင် လူစုကွဲသွားလေသည်။





www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၄ )

ထို အဖြစ်အပျက်ဖြစ်ပြီး တစ်လခန့်အကြာတွင် အားလုံး ကျောင်းသင်ခန်းစာနှင့် နပန်းလုံးနေကြရသဖြင့် သံသယစိတ်များ မေ့ပျောက်သွားကြသည်။ တစ်ရက်. . . စာသင်နေစဉ် ဗလ စာအုပ် ကုန်သွားသည်။ အပိုယူမလာမိသဖြင့် ဆရာကိုခွင့်ပန်ပြီး အဆောင် သို့ စာအုပ်အသစ်ပြန်ယူသည်။

အဆောင်ခန်းထဲဝင်ပြီး စာအုပ်ယူနေစဉ်. . .

"တီ. . တီ. . တီ"



www.burmeseclassic.com

စာသင်ခန်းထဲ ဖုန်းယူ၍ မရသဖြင့် အဆောင်တွင်ထားခဲ့သော သူ့ဖုန်းမှ အသံမြည်လာခြင်းဖြစ်သည်။

"ဟယ်လို"

"သား အဆင်ပြေလား၊ စာကောလိုက်နိုင်ရဲ့လား"

ဗလ အမေထံမှ ဖုန်းဆက်လာခြင်းဖြစ်သည်။

"ဟုတ်. . အမေ၊ စာသင်ချိန်ကြီးဖြစ်နေလို့ သားနောက်မှ ပြန်ဆက်လိုက်မယ်နော်"

ဖုန်းကို Silent လုပ်ကာ အိတ်ထဲထည့်ရင်း ယူလာခဲ့လိုက်သည်။

ရုံးခန်းသို့အဖြတ်တွင် ရုံးခန်းအတွင်းမှ ချွဲချွဲပြစ်ပြစ် ညည်းညူသံများ ကြားလိုက်ရ၍. . . ဆံပင်မွေးထောင်ထမတတ် ဗလ ထိတ်လန့်သွားသည်။

သရဲခြောက်ခံရပြီ ထင်ပြီး တုန်တုန်ယင်ယင် ဖြစ်လာ၏။

ကြောက်သော်လည်း စူးစမ်းချင်တာက လူ့သဘာဝပေမို့. . ဗလ ရုံးခန်းမှတရုတ်ကတ်မှန်ပေါင်ကို သာသာဟ၍ အထဲသို့ ချောင်းကြည့်လိုက်သည်။ မြင်လိုက်ရသော မြင်ကွင်းကြောင့် မျက်လုံးပြူးကာ ကြက်သေသေသွား၏။

အခန်းထဲတင် စိတ်လွတ်ကိုယ်လွတ်နှင့် ပျော်ပါးနေသော စုံတွဲက ပတ်ဝန်းကျင်ကို သတိမပြုမိ။

ဗလ စိတ်လှုပ်ရှားနေသော်လည်း ထိုမြင်ကွင်းကို ဖုန်းဖွင့်ကာအမိအရ ဗီဒီယို ရိုက်ယူလိုက်သည်။

ဗလတစ်ယောက် ချစ်ပွဲဝင်နေသော စုံတွဲအား မလွတ်တမ်း



www.burmeseclassic.com



ဗီဒီယိုရိုက်ရင်း ကြည့်နေမိ၏။

ရုံးခန်းထဲမှ စုံတွဲက ရွှေရည်တို့ ပြောနေကြသည့် ဦးခွန်ထူးနှင့် မဝတ်မှုံတို့ပင်ဖြစ်သည်။

စတိုင်ကျကျ ဝတ်စားတတ်သော ဝတ်မှုံ၏. . ဖုံးကွယ်အပ်သော အလှတရားအစုစုကို မြင်တွေ့လိုက်ရသွားသော ဗလတစ်ယောက် ဝတ်မှုံအပေါ် လူငယ်ပီပီ စွဲမက်သွားခဲ့လေသည်။

ခဏကြာမှ ဗလလည်း ဖုန်းပြန်သိမ်းကာ ခြေဖော့နင်းလျက် စာသင်ခန်းသို့ ပြန်သွားလိုက်သည်။

ဘော်ဒါဆောင်က အင်္ဂလိပ်အက္ခရာ အီးပုံသဏ္ဍာန် နှစ်ထပ်အဆောက်အဦးကြီးဖြစ်သည်။ ညာဘက်က ယောကျ်ားလေးဆောင်ဖြစ်ပြီး၊ ဘယ်ဘက်တွင် မိန်းကလေးဆောင်ရှိသည်။ အလယ်မှာ စာသင်ခန်းများနှင့် စာကြည့်တိုက်ရှိပြီး ရုံးခန်းက ယောကျ်ားလေးဆောင်၏ ထိပ်ဆုံးအခန်းတွင်ရှိသည်။ ကျောင်းရှေ့ကွက်လပ်တွင် ကြက်တောင်ကွင်းနှင့် ဘတ်စကက်ဘော ကစားကွင်းရှိသည်။

ဒီလိုအချိန် ဆရာတွေအားလုံး စာသင်နေကြသလို တခြားဝန်ထမ်းများလည်း ချက်ကြပြုတ်ကြ၊ သန့်ရှင်းရေးလုပ်ကြနှင့် ဘယ်သူမှ မအားကြသော အချိန်ဖြစ်သည်။

ဒီလိုအချိန်ကောင်းမှာ ဦးခွန်ထူးနှင့်ဝတ်မှုံတို့ မကြာခဏ ချိန်းတွေ့ဖြစ်သည်။ ဦးခွန်ထူးက မိန်းမလိုက်စားသူဖြစ်သည်။ ပိုက်ဆံချမ်းသာသလို ရုပ်ကလည်း ဖြောင့်သည်ဆိုတော့ မြင်းကို ချိုတပ်ပေးထားသလို ဖြစ်နေ၏။

ဝတ်မှုံတွင် အိမ်ထောင်ရှိတာ သိသော်လည်း သူ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်က ကျားရှေ့လာ၍ မှောက်လျက်လဲပြနေသလို၊ လိမ္မော်ခြံများ စွာပိုင်သဖြင့် ငွေအတွက် သူ့ကိုလာကပ်နေတာ မဟုတ်ကြောင်း ရိပ်မိသဖြင့်လည်း သူမအလိုရှိတာကို ပေးအပ်ခဲ့ခြင်းလည်းဖြစ်သည်။

ထိုနေ့တစ်နေ့လုံး ဗလ စာသင်ရတာ စိတ်မဖြောင့်တော့၊ သူ့အတွေးထဲမှာ ရဲမိုးမရီး ဝတ်မှုံ၏ ကပိုကရိုအလှကိုသာ မြင်ယောင် နေမိတော့၏။

ညအချိန်ရောက်တော့မှ ဗလက သူ့ဖုန်းကို ပြန်ကြည့်ရင်း အခန်းဖော် မိုးဝေနှင့် အိုက်မောင်းအား ဖုန်းတွေပေးကြရန် တောင်း ယူသည်။ ဘာမှန်းမသိသော်လည်း အိုက်မောင်းက ဖုန်းလှမ်းပေး သည်။ မိုးဝေကတော့ ဖုန်းပျက်နေကြောင်း ပြော၏။ ဒါတွေအားလုံး ရဲမိုး မသိစေရန် သတိထား ပြီး အသံတိတ်လုပ်နေကြခြင်း ဖြစ်သည်။

အိုက်မောင်း၏ ဖုန်းထဲသို့ ဝတ်မှုံတို့၏ အချစ်ဗီဒီယိုအား ဗလက ဘလူးတု(Bluetooth)နှင့် ပို့ပေးလိုက်သည်။ ပြီးသွားတော့ အိုက်မောင်းနှင့်မိုးဝေ ဖွင့်ကြည့်ရင်း ခေါင်းနှစ်လုံးပူးသွားတော့သည်။

အကြည့်တွေက ဖုန်းစကရင်ပေါ်မှ လှုပ်ရှားနေသော ပုံရိပ် များပေါ်တွင်. . .

ရဲမိုးကတော့ ဘာမှမသိရှာ၊ စာကျက်ရင်း အလုပ်များနေ သည်။

၅ ၅ ၅ ၅





ရွှေရည်အား တာဝန်ခံမန်နေဂျာ ဝတ်မှုံကခေါ်သဖြင့် ရုံး ခန်းသို့ ရောက်လာရသည်။ ဝတ်မှုံ၏ သီးသန့်အခန်းသို့ ရွှေရည်တစ် ယောက်တည်း လာခဲ့၏။ ဝတ်မှုံက ရွှေရည်ကို နှစ်လိုဖွယ်ပြုံးပြကာ နွေးနွေးထွေးထွေး ကြိုဆိုသည်။

မျက်နှာချင်းဆိုင်ထိုင်ကာ တစ်ယောက်ကိုတစ်ယောက် အ ကဲခတ်မိကြသည်။ ဝတ်မှုံအလှက ဆန့်ကျင်ဘက်လိင်ကို ဆွဲဆောင် နိုင်စွမ်းရှိသော ရင်မောဖွယ်အလှဟု ရွှေရည် သုံးသပ်မိ၏။ ကြာကြာ တော့ မျက်လုံးချင်းဆိုင်၍ မကြည့်ရဲ. . .။

ဗလလာပြသော ဗွီဒီယိုဖိုင်ထဲမှ ပုံများ ပြန်မြင်ယောင်ရင်း ရှက်ရှက်နှင့် ရွှေရည် ခေါင်းငုံ့လိုက်ရသည်။

"ရွှေရည် ညီမလေး ဒီအပါတ်စာမေးပွဲမှာ အမှတ်တွေကျ ကျသွားတယ်၊ ဘာအခက်အခဲများရှိနေလဲ မမကိုပြော.



www.burmeseclassic.com

www.burmeseclassic.com



"နောက်စာမေးပွဲမှာ ကြိုးစားပြီး အကောင်းဆုံးဖြေပါ့မယ်"

"ဒီလိုမှပေါ့. . တော်တယ်"

ရွှေရည် ထွက်သွားတော့ ကျောင်းစာရေးအား ဗလကို သွားခေါ်ခိုင်းလိုက်သည်။ ဗလက ကျောင်းစာတွင်အတော်ညံ့၍ ခေါ်တွေ့ရခြင်းဖြစ်၏။ ဆယ်မိနစ်ခန့်အကြာတွင် ဗလ ရောက်လာသည်။

"ကဲ ငါ့မောင် ထိုင်စမ်းပါဦး၊ ကျောင်းစာမှာ စိတ်ဝင်စားမှုအားနည်းနေသလိုပဲ၊ ဘာတွေအာရုံများနေလဲ ပြောပါဦး"

ဗလက မခိုးမခန့်ပြုံးရင်း. .

"စာကို စိတ်ဝင်စားလို့ မရဘူးဖြစ်နေတယ် မမ"

"ဘာဖြစ်လို့လဲ ဆရာတွေသင်ပြတာ မကောင်းလို့လား"

"ကျွန်တော် မိန်းကလေးတစ်ယောက်ကို စွဲလမ်းလို့. . ၊ မျက်စိထဲက ဖျောက်လို့မရဘူး ဖြစ်နေလို့. ."

ဗလအဖြေကြောင့် ဝတ်မှုံပြုံးမိသည်။

ရယ်ရယ်မောမောနှင့်ပင်. .

"ဒီအရွယ်မှာ ဒါတွေစိတ်ကူးမယဉ်ရဘူးလေ"

"ကျွန်တော်က အသက်နှစ်ဆယ်ပြည့်တော့မှာ မမ"

"ဟုတ်ပါပြီ အခုမင်းက ဆယ်တန်းဖြေမှာလေ၊ မင်းမိဘတွေ ကုန်ကျထားတဲ့ သိန်းသုံးဆယ်ဆိုတဲ့ငွေက နည်းလား. . ၊ ဆယ်တန်းအောင်,အောင်ဖြေပြီးမှ ရည်းစားထားဖို့စဉ်းစားပါ ဗလ"

"ကျွန်တော် စာကို စိတ်ဝင်စားလို့ ရတော့မှာမဟုတ်ဘူး"

"အင်း. . ဒုက္ခပါပဲ၊ ဒါနဲ့မောင်လေးက ဘယ်သူ့ကို သဘောကျနေလို့လဲ"





ဗလက ဝတ်မှုံအား စူးစူးရဲရဲ ကြည့်လိုက်၏။ ထိုအကြည့်ကြောင့် ဘော်ဒါဆောင်၏ တာဝန်ခံမန်နေဂျာဝတ်မှုံပင် ကြက်သီးထချင်လာသည်။

"မမကို. ."

"ဘာ. . . မင်းစကားပြောတာ ရိုင်းလှချည်လား၊ ငါ့မှာ. . ယောကျ်ားရှိတယ်ဆိုတာ မသိဘူးလား"

"မမကလည်းဗျာ၊ ဦးခွန်ထူးနဲ့မမ တွဲနေတာပဲ မဟုတ်လား၊ တစ်ကျောင်းလုံး သိနေတာပဲဟာ"

လူပျိုပေါက်အရွယ်မို့ မသိစိတ်ကနိုးဆော်ချက်ဖြင့် ဗလမိုက်လုံးကြီးကာ ပြောနေမိသည်။

"တောက်. . မင်း. . မင်း သိပ်စော်ကားလွန်းနေပြီနော်၊ ထွက်သွား. . ထွက်သွား"

ဗလ ဖုန်းထုတ်ကာ ဗီဒီယိုဖိုင်ဖွင့်၍ ဝတ်မှုံဘက် လှည့်ပြလိုက်သည်။

"အို. . ."

"ကျွန်တော်ပြန်ဦးမယ် မမ၊ သိပ်စိတ်မပူပါနဲ့ ရဲမိုးမသိသေးပါဘူး. . ."

ဖုန်းပိတ်၍ အောင်နိုင်သူတစ်ယောက်လို ဗလ လှည့်ထွက်သွားလေသည်။

ဝတ်မှုံ ရင်သိမ့်တုန်ကာ ကျန်ခဲ့၏။ သူနှင့် ဦးခွန်ထူးကိစ္စ လူတွေသိကုန်ပြီလား တွေးရင်း မလုံမလဲ ဖြစ်မိသည်။ သူတို့ အ[illegible] အထိုင်ဆင်ခြင်မှ ဖြစ်တော့မည်ဟု ဝတ်မှုံ သဘောပေါက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ဝတ်မှုံဘဝမှာ ဦးခွန်ထူးကိုတွေ့မှ အချစ်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ကိုမြင့်အောင်ကို အပင်းသွင်း၍ သိမ်းသွင်းခဲ့ခြင်းက အနာဂတ်ဘဝလုံပလို၍ ဖြစ်သည်။ လင်သားအပေါ် မေတ္တာထားမရသော ဝတ်မှုံ ဦးခွန်ထူးကို အတွေ့မှာတော့ နှလုံးသား လှုပ်ရှားသွားခဲ့ရသည်။

ဒီလိုနှင့် သူတို့၏အချစ်ဇာတ်လမ်းက အရမ်းကို မြန်ဆန်သွားခဲ့သည်။ သူကိုယ်တိုင်ချစ်ရသူနှင့် အတူနေခွင့်ရခြင်းကို လင်သားနှင့်အတူနေရခြင်းထက် ပိုနှစ်သက်မိသည်။ မိန်းမကျမ်းကျေလွန်းသူ ဦးခွန်ထူး၏ အတွေ့ထူးအောက်တွင် ဝတ်မှုံ မေ့မူးမတတ် အချစ်သစ်ကို ခံစားခွင့်ရခဲ့သည်။

အခုတော့ ဒါတွေကို လက်လွှတ်ရတော့မည်ထင်၏။

ဒီကိစ္စ ဦးခွန်ထူးနှင့် တိုင်ပင်ရမည်ဟု ဆုံးဖြတ်လိုက်၏။









# အခန်း ( ၄ )

ဒေါ်မိုးတို့ ဘော်ဒါဆောင်ကတော့ ပုံမှန်အတိုင်း ငြိမ်သက်တိတ်ဆိတ်နေသည်။ သို့သော်. . သက်ဆိုင်ရာလူအုပ်စုအတွင်းမှာတော့ မပြေလည်နိုင်သည့် အဖုအထစ်ပြဿနာက အတွင်းလှိုက်စားနေသကဲ့သို့ ဖြစ်နေလေ၏။

ဗလ၏ ဗွီဒီယိုဖိုင်နှင့် ခြိမ်းခြောက်အကျပ်ကိုင်မှုကို ဦးခွန်ထူးအားရှင်းပြပြီး. . ဝတ်မှုံလည်း ဖြေရှင်းရန်နည်းလမ်း ရှာဖွေနေသည်။

“အမိက,က ဗလဖုန်းထဲက ဗွီဒီယိုဖိုင်ကို ဖျက်ပစ်ဖို့ပဲ”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုယူမှာလဲ ကိုခွန်ထူး"

"ကျောင်းစည်းကမ်းရှိတယ်လေ၊ စာသင်ချိန်မှာ အခန်းထဲကို ဘယ်သူမှ ဖုန်းယူမလာရဘူး၊ အဲဒီအချိန်မှာ အဆောင်ထဲ ဝင်ရှာမယ်"

ဦးခွန်ထူးပြောတာ ဖြစ်နိုင်ခြေရှိသည့်အတွက် ဝတ်မှုံ အနည်းငယ် စိတ်အေးသွားသည်။ ဒါဆိုလျှင် ဗလပါးစပ်ကို ပိတ်ပစ်ဖို့ပဲ လိုတော့သည်။ ဗလမှတစ်ဆင့် ရဲမိုးမသိပါစေနှင့်ဟုသာ ဆုတောင်းနေရတော့၏။

စာသင်ချိန်စသည်နှင့် ဦးခွန်ထူးနှင့်ဝတ်မှုံ လှုပ်ရှားကြတော့သည်။ ယောက်ျားလေးဆောင်မှ ဗလတို့အခန်းကို ဝင်၍ ဖုန်းတွေရှာကာ ဗွီဒီယိုဖွင့်ကြည့်ပြီး သူတို့ဇာတ်လမ်းပါသည့် ဖုန်းထဲမှ ဖိုင်များကို ဖျက်လိုက်သည်။

ရဲမိုး ဖုန်းထဲတွင် ထိုဗီဒီယိုဖိုင် ရှိမနေတာ သိရ၍ ဝတ်မှုံ အနည်းငယ်စိတ်အေးမိသည်။

သူတို့ ထိုအခန်းထဲမှ ပြန်ထွက်လာခဲ့ကြသည်။ တစ်ပူအေးပြီဟုတွေးကာ အသက်ရှူချောင်သွားသည်။ ရုံးခန်းထဲပြန်ရောက်သည့်အခါ ဦးခွန်ထူးက လေးလေးနက်နက် စဉ်းစားနေသည်။

ဝတ်မှုံလည်း ဆက်လုပ်ရမည့်အလုပ်ကို အကြံထုတ်သည်။ သူမဆီမှာ ဆရာကြီးဦးဒေဝထံမှ နှုတ်ဟန့်ဆေးပုလင်း ရှိနေသေးသည်။ တစ်နှစ်ကျော်ကြာပြီမို့ အစွမ်းထက်မထက် မပြောတတ်သော်လည်း ထိုဆေးကို ရဲမိုးနှင့် ဗလကို တိုက်ထားလျှင်ကောင်းမည်ဟု တွေးကြည့်မိသည်။ ထိုစဉ်မှာပင် ဦးခွန်ထူးက. . .





"ဗလက တခြားသူတွေဆီ ပို့ထားသေးလား မသိဘူး"

"ဟင်. . မပြော. . မပြောတတ်ဘူးလေ"

"ဒီကောင်တွေနဲ့ တွဲနေတဲ့မိန်းကလေးအုပ်စု ရှိတယ်မဟုတ်လား. . ဘယ်သူတွေလဲ"

"ရွှေရည်တို့ အုပ်စုလေ"

ဦးခွန်ထူးက စိတ်မြန်လက်မြန်နှင့် ဝုန်းခနဲထရပ်ပြီး ထွက်သွားသဖြင့် ဝတ်မှုံလည်း ပြေးလိုက်သွားရသည်။ အချိန်က မနက်ဆယ်နာရီသာရှိသေး၍ ထမင်းစားမလွှတ်ခင်ရှာဖွေဖို့ အချိန်ရသေးသည်။

ရွှေရည်တို့ သုံးယောက်နေသော အခန်းတွင်လည်း ဖုန်းသုံးလုံးရှိနေတာ တွေ့သည်။ ထိုဖုန်းများထဲတွင်လည်း သူတို့ဗွီဒီယိုရှိနေသဖြင့် ဦးခွန်ထူးက ဒေါသတကြီးနှင့် ဖိုင်အားလုံးကို ဖျက်လိုက်သည်။

"ဒီလောက်ဆိုရင်တော့ စိတ်ချသွားရပြီ ထင်ပါတယ် ကိုခွန်ထူးရယ်"

"အင်း. . ကျောင်းထဲမှာတော့ မရှိလောက်တော့ဘူး ထင်ရတာပဲ၊ စိုးရိမ်စရာ အကောင်းဆုံးက ဝတ်မှုံအမျိုးသားဆီ ပို့လိုက်သေးသလားဆိုတာပဲ"

"အဲလိုလုပ်ရင် ကျွန်မယောက်ျား ချက်ချင်းလိုက်လာပြီး သောင်းကျန်းမှာပေ့ါ၊ အင်း. . . ဒီရက်တွေထဲ ညနေဘက် အိမ်ခဏပြန်မှဖြစ်မယ်၊ မနက်ပြန်လာခဲ့မယ်လေ"

ဦးခွန်ထူး ခေါင်းညိတ်သဘောတူသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ရင်တတိတ်ထိတ်နှင့် အချိန်တွေကို ကျော်ဖြတ်နေရ၏။ တစ်ရက်နှစ်ရက်အတွင်းတော့ ဘာမှမထူးခြား၊ သုံးရက်မြောက်နေ့မှာတော့ စာတိုက်မှတစ်ဆင့် ဦးခွန်ထူးအတွက် စာတစ်စောင်ရောက်လာ၏။

စာအိတ်ကို ဖောက်ကြည့်တော့ စာမပါဘဲ မင်(န်)မိုရီစတစ်တစ်ခုကိုသာ တွေ့ရသည်။ ဦးခွန်ထူးက မင်(န်)မိုရီစတစ်ကို ဖွင့်ကြည့်ရာ သူတို့၏ လျှို့ဝှက်အချစ်ဇာတ်လမ်းကို တွေ့လိုက်ရပြန်သည်။

ဦးခွန်ထူး အကြီးအကျယ် ဒေါသပေါက်ကွဲသွား၏။

"တောက်. . ဒီကောင်တွေ ဘယ်နှခုလောက်များ ပွားထားလဲ မသိဘူး"

"ဘယ်လို လုပ်ကြမလဲဟင် ကိုခွန်ထူး"

"သိပ်စိတ်ပူမနေပါနဲ့ ဝတ်မှုံ. .၊ ကိုယ် ဒီကောင်တွေကို ကောင်းကောင်းကိုင်တွယ်ပြပါ့မယ်"

ဦးခွန်ထူးက အားပေးစကားပြောသော်လည်း ဝတ်မှုံ စိတ်ခါတ်ကျနေမိသည်။ အဖြစ်ဆိုးတစ်ခုခု ကြုံတွေ့တော့မလို စိတ်လေးနေမိသည်။

၅ ၅ ၅ ၅





ဦးခွန်ထူး၏ တုံ့ပြန်မှုက မြန်ဆန်သွက်လက်သည်။ ဗလကို ချက်ချင်းဆိုသလို ခေါ်တွေ့သည်။ စာသင်ချိန်တွင် သီးသန့်ခေါ်ယူတွေ့ဆုံသဖြင့် ရုံးခန်းအတွင်း လူရှင်းနေ၏။

"ဘယ်နှခု ပွားထားသေးလဲ ဗလ"

"ခင်ဗျာ. . ဘာကိုပြောတာလဲ. . ဆရာ"

"အချိန်တွေကုန်တယ်. . ဗလ၊ ဟိုဗွီဒီယိုဖိုင်ကို ပြောတာ"

"ကျွန်တော် ဘာမှမသိဘူး ဆရာ"

ဘယ်လိုပင် လှည့်ပတ်မေးမေး ဗလအဖြေက မပြောင်း၊ အချိန်သာ ကုန်သွားသည် အခြေအနေက ထူးခြားမလာခဲ့။ မေးနေသူလည်း မောနေခဲ့ပြီ။ နောက်ဆုံးမှာ ဦးခွန်ထူး ဒေါသတကြီးနှင့်. .

"မင်း လောကကြီးထဲက လူမသိသူမသိ ပျောက်မသွားချင်ဘူးဆိုရင် အမြန်ဆုံး ပွားထားတာတွေလာပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



အသက်ကိုပါ ရန်ရှာမည့် ခြိမ်းခြောက်စကားပြောပြီး ဗလအား ဦးခွန်ထူး ပြန်လွှတ်လိုက်သည်။ မေးမြန်းစုံစမ်းမှုက ဒီမျှနှင့် ပြီးမသွား။ ရွှေရည်တို့သုံးယောက်ကိုပါ ခေါ်ယူစစ်မေးသေးသည်။

မသိကြောင်း၊ မရှိကြောင်း၊ အကြိမ်ကြိမ်ငြင်းဆိုသော်လည်း ဦးခွန်ထူးက မကျေနပ်။ ဘယ်လိုပဲဖြစ်ဖြစ် ရွှေရည်တို့အားလုံး အရှက်တကွဲဖြစ်ကြရတာတော့ သေချာသည်။

"အေး. . ရက်ပိုင်းအတွင်း ဒီကိစ္စ ဦးဆောင်တဲ့သူနဲ့ ပွားထားတဲ့ဖိုင်တွေ မဖေါ်ထုတ်ဘူး၊ မအပ်ဘူးဆိုရင် မင်းတို့ ဘဝပျက်ဖို့သာ ပြင်ထားကြ. ."

ခြိမ်းခြောက်မှုများနှင့် ပြီးဆုံးသွားသော စစ်မေးမှုနောက်ပိုင်း ရွှေရည်တို့ မိန်းကလေးသုံးယောက် စိတ်ဓာတ်တွေ ဖရိုဖရဲဖြစ်ခဲ့ရသည်။ နေရထိုင်ရတာ လုံခြုံမှုမရှိတော့သလို ခံစားရပြီး ကျောင်းစာကိုလည်း အာရုံစိုက်၍မရအောင် ဖြစ်လာကြ၏။ ဗလနှင့် ရွှေရည်တို့အားကစားအချိန်တွင် စကားစပ်မိပြီး ဦးခွန်ထူး စစ်မေးသည့်အကြောင်းကို ပြောဖြစ်ကြသည်။

ကိုယ်ချစ်ရသူကို စော်ကားသလို သူ့အသက်ကိုလည်း အန္တရာယ်ပြုဖို့ထိပါ ခြိမ်းခြောက်ထားသော ဦးခွန်ထူးအား. . ဗလကမ္ဘာမကျေရန်သူအဖြစ် သတ်မှတ်လိုက်သည်။

ဗလထွက်သွားပြီး ဘယ်လောက်ကြာအောင် အတွေးပင်လယ်ထဲ ကူးခတ်နေမိသည်မသိ. . အနားမှာ ရဲမိုး ဝင်ထိုင်တာကိုပင် ရွှေရည် သတိမပြုမိလိုက်. .

"ရွှေရည်. . နင် ဘာမှ မကစားဘူးလား"





"သြော်. . ရဲမိုး၊ အေးဟာ ကစားရမှာ စိတ်မပါလို့"

ဒီလောက်နှင့်ပင် ပြောစရာစကား ကုန်သွားသည်။ ရဲမိုးကို အကဲခတ်ကြည့်တော့လည်း တစ်ခုခုပြောချင်သလို ဟန်ပြင်နေတာ သတိပြုမိသည်။

"ရွှေရည်. . ဟို. . ဟိုလေ၊ ငါ. . နင့်ကို ပြောစရာရှိလို့"

"ပြောစရာရှိ ပြောပေါ့"

"အင်း. . ဟို. . ဟို. . အဲဒီလိုဟာ နင့်ကိုငါ ချစ်နေလို့. . အဲ့ဒါ"

စကားမဆုံးခင်မှာပင် ရွှေရည်၏ ဒေါသမျက်ဝန်းများကို သတိပြုမိလိုက်၍ ရဲမိုး ပါးစပ်ပိတ်သွားသည်။

"နင်တို့ ယောက်ျားလေးတွေအားလုံး ဒါပဲတွေးနေကြလား၊ ဗလကလည်း စာပေးထားတယ်၊ နင်ကလည်း ရည်းစားစကား လာပြောတယ်၊ စိတ်ညစ်ရတဲ့ကြားထဲဟယ်. . ."

ရွှေရည်က ဒေါနှင့်မောနှင့် ပြောဆိုရင်း ဗလကြောင့် အားလုံးဒုက္ခရောက်နေရပုံကို ရှင်းပြသည်။ အကြောင်းစုံသိသွားတော့ ရဲမိုး မျက်စိမျက်နှာ ပျက်သွား၏။ ဒီကိစ္စတွေကို ရဲမိုး ခုမှသိခြင်းဖြစ်သည်။ သူ့မရီးနှင့် ဦးခွန်ထူးကိစ္စကြောင့် သူတို့အုပ်စု ပြဿနာတက်ပြီး စော်ကားခြိမ်းခြောက်ခံနေရကြောင်း သိရ၍လည်း မျက်နှာမပြရဲအောင် ဖြစ်သွားရသည်။

ဒီရက်အတောတွင်း စိတ်အနှောင့်အယှက်ဖြစ်အောင် ထပ်မလုပ်ပါနှင့်တော့ဟု တောင်းပန်သောအခါ. . ရဲမိုး မျက်နှာပူပူနှင့် လှည့်ထွက်လာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးလေးရက်ခန့်အကြာတွင် ဗလနှင့်မိန်းကလေးအုပ်စု တိုင်ပင်ဆွေးနွေးရသည့်အခြေအနေထိ ရောက်လာခဲ့၏။ ရွှေရည်တို့သုံးယောက်ကို ဦးခွန်ထူး ထိကပါးရိကပါးလုပ်တာတွေ ပိုဆိုးလာကြောင်း မိန်းကလေးများက ငိုမဲ့မဲ့နှင့် ပြောလာကြသည်။

ဗလကလည်း. . . ဦးခွန်ထူးနှင့် ဆုံတိုင်း 'မင်း. . သေဖို့တစ်ရက် ပိုနီးလာပြီ'ဟု သတိပေးတာ အမြဲခံနေရကြောင်း ပြောပြသည်။ အားလုံးက ဗလဆတ်ဆော့၍ ဒီကိစ္စဖြစ်လာရတာမို့ ဝိုင်းဝန်းအပြစ်တင်ကြ၏။

ဗလကလည်း. . . 'ဒီလိုအဖြစ်မျိုး မျက်မြင်တွေ့ရသူတိုင်း လက်ဆော့ပြီး မှတ်တမ်းတင်မိမှာပဲ'ဟု ဆင်ခြေပေးသည်။ ထိုဖိုင်ကို အသုံးပြု၍ ဝတ်မှုံအား အကျပ်ကိုင်ခဲ့ခြင်းကိုတော့ ဖွင့်မပြောဘဲ ထိမ်ချန်ထားသည်။ ထို့ပြင်. . . ဗီဒီယိုကို ရဲမိုးအား ပြလိုက်ပြီဖြစ်သော်လည်း အကြောင်းအမျိုးမျိုးပြ၍ မည်သူ့ကိုမှ ကော်ပီမပေးတော့. . .။

"အဲဒီဖိုင်အကြောင်း ဦးခွန်ထူးတို့ ဘယ်လိုသိသွားတာလဲ"

"သူတို့ ဆင်ခြင်သွားအောင် သတိပေးတဲ့အနေနဲ့ ငါပို့လိုက်တာ"

ဗလက မျက်နှာကိုလက်ဝါးနှင့်အုပ်ကာ ပြောလိုက်သည်။

"ဒါဆိုလည်း. . သူလိုချင်တာ ပေးလိုက်ပါလား ဗလရာ"

"ဟာ. . . ငါသွားပေးလိုက်ရင် ဝန်ခံလိုက်သလိုဖြစ်သွားမှာပေါ့၊ ပြီးတော့လည်း. . ကော်ပီလုပ်ထားဦးမှာပဲလို့ ထင်နေဦးမှာပဲ၊ ဘာထူးမှာလဲ"





"ဒီအတိုင်းဆို ငါတို့ စာလည်းကောင်းကောင်းသင်ရမှာမဟုတ်ဘူး၊ ဆယ်တန်းတောင် အောင်ပါ့မလား မသိဘူး"

"ဟုတ်တယ် ငါတို့ တစ်ခုခုလုပ်မှ ဖြစ်တော့မယ်"

ရွှေရည့်စကားကို ဝါနုက ထောက်ခံသည်။

ခဏကြာမှ နန်းမူမျက်ဝန်းတို့ အရောင်လက်သွားရင်း တီးတိုးလေသံနှင့် အကြံပြု၏။

"လက်သည်မပေါ်အောင် အောက်လမ်းနည်းနဲ့ ဆုံးမလိုက်မယ်"

ခက်ခဲသော သင်္ချာပုစ္ဆာတစ်ပုဒ် အဖြေထွက်အောင် တွက်နိုင်သွားသလို အားလုံးအားတက်သွားကြသည်။

"နည်းလမ်းကကောင်းပေမယ့် တို့တွေ အပြင်ထွက်လို့မှ မရတာ"

"ဟဲ့. . သီတင်းကျွတ် ကျောင်းပိတ်ရက်ရှိတယ်လေ၊ တစ်ပါတ်ပဲ လိုတော့တယ်၊ တို့တွေကို တစ်ရက်အိမ်ပြန်ခွင့်ပေးထားတယ် မဟုတ်လား၊ အဲဒီနေ့မှာ သွားလုပ်မယ်ဟာ. ."

"ဟာ. . ဟုတ်တယ် အဲဒါကောင်းတယ်"





www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၅ )

ကျောင်းသားများအတွက် ညလယ်စာအဖြစ် နွားနို့နှင့် ကိတ်မုန့်ကျွေးရန် ပြင်ဆင်နေသည်။ ဝတ်မှုံက ဗလတို့အခန်းမှ လေးယောက်စာအတွက် အထူးစီမံကာ ပြင်ဆင်လိုက်သည်။ နှစ်ချို့ လက်ကျန်နူတ်ဟန့်ဆေးခတ်ထားသော နွားနို့ခွက်နှင့် မုန့်များသယ်ကာ ဗလတို့အခန်းသို့ ကိုယ်တိုင်ဝင်ပို့သည်။

ရဲမိုး၏ စူးစမ်းအကြည့်များကို ရှောင်ရှားကာ. . ဝတ်မှုံ [illegible] ချင်း ပြန်ထွက်သည်။ တစ်ခွက်တည်းရွေးကာ ဆေးခတ်[illegible]နုလျှင်

www.burmeseclassic.com

www.burmeseclassic.com



ခွက်များသောက်မိကာ လိုရင်းမရောက် ဖြစ်နေမည်စိုး၍ နို့လေးခွက်စလုံးကို ဆေးခတ်ခဲ့သည်။

ရဲမိုး၊ ဗလ၊ အိုက်မောင်းနှင့် မိုးဝေတို့ လေးယောက်စလုံး ဆေးမိပြီး ပါးစပ်ပိတ်သွားလည်း သူ့အတွက်အကျိုးမယုတ်။ စားသောက်ဆောင်သို့သွားကာ နောက်အခန်းများအတွက် နွားနို့ခွက်များယူ၍ ဝတ်မှုံ တစ်ခေါက်ပြန်ထွက်လာသည်။

ရဲမိုးတို့အခန်းရှေ့အရောက် ဆူဆူညံညံအသံကြားသဖြင့် အထဲကို လှမ်းကြည့်လိုက်သောအခါ မိုးဝေ ပတ်ပြေးနေတာ တွေ့လိုက်ရသည်။

ဘာဖြစ်တာလဲဟု စူးစမ်းစဉ်မှာပင် ဗလက နောက်ကလိုက်နေတာ မြင်လိုက်၏။ ကောင်လေးတွေ ဆော့တာလား၊ ရန်ဖြစ်တာလား ဝေခွဲမရ ဖြစ်နေစဉ်မှာပင်. .

"ဟေ့ကောင် မိုးဝေ၊ ငါ့အတွက်နွားနို့ပါ မင်းက သမသွားတယ်ပေါ့ ဟုတ်လား၊ အေး. . မိရင်တော့ အသေပဲ"

သူတို့နှစ်ယောက် ပတ်ပြေးရင်း စားပွဲခုံကိုဝင်တိုက်မိရာ. .

"ဝုန်း"

"ဟာ. . ကုန်ပါပြီကွာ၊ မင်းတို့နှစ်ကောင်လုပ်တာနဲ့ ငါတို့ခွက်တွေပါ မှောက်ကုန်ပြီကွ"

နို့ခွက်တွေ အကုန်မှောက်ကုန်၏။ အပြေးအလွှားလိုက်ရင်း အော်ဟစ်ပြောဆိုလိုက်သော ဗလအသံ ကြားမိမှ သူ့ရည်မှန်းချက်ပျက်သွားပြီဆိုတာ သိလိုက်ရသည်။

ဗလတို့ကံကောင်းနေသည်လား မပြောတတ်၊ လေးခွက်လုံး





ဆေးခတ်၍ တိုက်တာတောင်မှ ကြံဖန်ပြီး လွတ်သွားသေး၏။

ဆေးကလည်း ကုန်ပြီဆိုတော့ ဝတ်မှုံ စိတ်ပျက်လက်ပျက်ဖြစ်သွားတော့သည်။ အဆိုးထဲက အကောင်းအဖြစ် မိုးဝေ ပါးစပ်ပိတ်သွားလည်း သူ့အတွက် အရှုံးမရှိဟုတွက်၍ စိတ်လျှော့လိုက်ရတော့၏။

ဒီလိုနှင့် မင်(န်)မိုရီစတ်စ် ပြဿနာက ရှင်းလင်းပြတ်သားသည့် အဖြေမထွက်ဘဲ သီတင်းကျွတ် ကျောင်းပိတ်ရက် ရောက်လာခဲ့သည်။ တစ်ရက်အိမ်ပြန်ခွင့်ရသော ကျောင်းသူကျောင်းသားများကြားထဲမှာ ဦးခွန်ထူးကို မမြင်ချင်အဆုံး. . ၊ နှုတ်ဆက်စကားကို လူစေ့တက်စေ့ လိုက်ပြောနေသည်။

ဗလနှင့်ဆုံတော့ အေးစက်စက်မျက်လုံးများနှင့် ကြည့်၍ ရှင်းလင်းပြတ်သားသောစကားကို တီတိုးလေသံနှင့်ပြောသည်။

"မင်း ပြန်လာလို့မှ မူရင်းဖိုင်နဲ့ ပွားထားတာတွေအားလုံး ပါမလာဘူးဆို ငါ့အဆိုးမဆိုနဲ့နော်. ."

ဗလ ဘာမှပြန်မပြောဘဲ ကျောင်းထဲမှ ထွက်လာခဲ့သည်။ သူတို့အားလုံး အိမ်ပြန်ဖို့ စိတ်မကူးကြ။ အချိန်ရှိခိုက် ဦးခွန်ထူးကို တန်ပြန်ရင်ဆိုင်ဖို့အတွက် စိတ်စောနေကြ၏။ ဘော်ဒါဆောင်နှင့် မလှမ်းမကမ်း စားသောက်ဆိုင်တွင် သူတို့အားလုံးစုပြီး စည်းဝေးကြသည်။ ရဲမိုးလည်းပါသည်။ သူ့အခြေအနေက ဘာမှဝင်မပြောသာ။ မိုးဝေကတော့ နှုတ်ဟန့်ဆေးကြောင့် သူတို့နှင့် ဝင်မရောတော့ပေ။

"နောင်ခမ်းရွာက ဦးဒေဝတဲ့"

"ဟုတ်တယ်. . အဲဒီဆရာကြီးကို ဝါနုလည်းကြားဖူးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒီက တုတ်တုတ်တစ်စီး ငှားသွားမယ်"

သူတို့ သုံးဘီးဆိုင်ကယ်ဂိတ်သို့ ဆက်လျှောက်လာခဲ့ကြသည်။ အားလုံး၏ရင်ထဲမှာတော့ အတွေ့အကြုံသစ်အတွက် ရင်ခုန်ခြင်းများနှင့် လှိုက်မောနေလေ၏။ တုတ်တုတ်က နောင်ခမ်းရွာဝထိသာ ပို့ပေးသည်မို့ သူငယ်ချင်းတစ်စု ရွာထဲလမ်းလျှောက်ဝင်လာခဲ့သည်။

ရွာထဲမှာ လူသူကင်းရှင်းနေ၏။ ရွာလယ်လမ်းပေါ် ဆော့ကစားနေသော ကလေးတစ်သိုက်ကိုသာ တွေ့ရသည်။ လူကြီးတွေအားလုံး တောင်ယာသွားကြပြီ။ တွေ့သည့်ကလေးကိုသာ ဦးဒေဝအိမ် ဘယ်မှာလဲဟု မေးရသည်။ အမေးခံရသည့် ကလေးက ခေါင်းယမ်းပြီး ထွက်ပြေးသွားသည်။ နောက်ထပ် အရွယ်ကြီးကြီး ကလေးတစ်ယောက်ကိုမေးမှ. . .

"ဒီလမ်းအတိုင်းလျှောက်သွား ရွာစွန်မှာ သူ့ရဲ့အိမ်မည်းကြီးတစ်လုံးပဲရှိတာ. ."

တိကျသော လမ်းညွှန်အတိုင်း ရွာလမ်းကိုဖြတ်လျှောက်လာခဲ့သည်။ ဆယ့်ငါးမိနစ်လောက် လျှောက်လာတော့မှ အိမ်မည်းကြီးတစ်လုံးကို တွေ့ကြရသည်။ ခဏရပ်ပြီး အိမ်ကို လှမ်းအကဲခတ်ကြည့်သည်။ ဝန်းကျင်က ထိတ်လန့်စရာကောင်းအောင် တိတ်ဆိတ်ငြိမ်သက်နေ၏။

"ဝူ. . အုံ. . အူး. . ဝူး. . ဝူး. ."

အချိန်အခါမဟုတ်ဘဲ ရုတ်တရက်ကြီး ကြားလိုက်ရသော ခွေးအူသံကြောင့် သူတို့တွေ တုန်လှုပ်ချောက်ချားသွားရသည်။ မိန်း





ကလေးတွေ အလယ်မှာ စုလာကြ၏။ ဗလက ရွှေရည်စိမ်လက်ကို အားပေးသလို ဆုပ်ကိုင်လိုက်သည်ကို မြင်ပြီး ရဲမိုး မျက်နှာပျက်သွားရသည်။ ရင်ထဲမှာ ကိုယ့်ပန်းလေး သူများခူးသွားသည့်အလား. .။

"ကဲ. . လုပ်ဖို့အတွက် ဆုံးဖြတ်ပြီးသားပဲ မဟုတ်လား၊ ဘာတွေ,တွေဝေနေတာလဲ၊ ဆရာကြီးကို ဝင်တွေ့လိုက်ရအောင်"

ဗလစကားက အဆုံးအဖြတ်ဖြစ်သွား၍ သတ္တိမွေးကာ ခြံဝင်းထဲ ဝင်ခဲ့ကြသည်။ အိမ်လှေကားရင်းအရောက်တွင် အိမ်ပေါက်ဝမှ ဆီးကြိုနေသော ပြောင်ချိုအရိုးခေါင်းကြောင့် ခြေလှမ်းတုံ့သွားသေးသည်။

ဗလက ရွှေရည်စိမ်လက်ကိုလွှတ်ပြီး တစ်ယောက်တည်း ဦးဆောင်ကာ တက်သွားသည်။ ရှေ့ဆောင်မည့်သူရှိလာ၍ နောက်မှ ဝိုင်း၍လိုက်လာကြသည်၊ အိမ်အတွင်းပိုင်းက မှောင်ပိန်းနေသဖြင့် ဗလခြေလှမ်းပါ ရပ်သွား၏။

"ဟော့. . ဘယ်သူတွေလဲ"

ရုတ်တရက်ပေါ်လာသော အသံသြသြကြီးကြောင့် သတ္တိခဲတွေ သည်းထိတ်ရင်ဖို ဖြစ်ကြရပြန်သည်။

"ကျွန်တော်တို့ ကျောင်းသားတွေပါ၊ ဆရာကြီးဆီမှာ အကူအညီ လာတောင်းတာပါ"

"ကဲကဲ. . လာကြ၊ ဝင်ခဲ့. ."

သူတို့အားလုံး အခန်းထဲဝင်ခဲ့ကြသည်။ သင့်တော်သလို နေရာယူကာ ဝိုင်းထိုင်လိုက်ရင်း မှုန်ကုပ်ကုပ် အလင်းရောင်ပေါက်မှာ မြင်ကွင်းကိုကျင့်သားရအောင် အားစိုက်ကြည့်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



အလင်းရောင်အားနည်းရသည့်အထဲ အမွှေးတိုင်နံ့နှင့် အခိုးအငွေ့တွေ လွှမ်းခြုံနေသဖြင့် မြင်ကွင်းက ဝေဝါးနေ၏။

အမည်နာမ အတိအကျ မခန့်မှန်းနိုင်သော ရုပ်တုမျိုးစုံက လည်း ကြောက်မက်ဖွယ်အသွင် ဆောင်နေသည်။ တင်းပုတ်ထမ်း ကာ ဆောင့်ကြောင့်ထိုင်နေသော ရုပ်တုတစ်ခုရှေ့တွင် ဖက်ရွက်ခင်း ပြီး အသားစိမ်း ငါးစိမ်းများ ပုံထားတာလည်း တွေ့ရသည်။ ကြက်ဖ တစ်ကောင်ကလည်း လည်ချောင်းသံပေးကာ အခန်းထဲမှာ လျှောက် သွားနေသေး၏။

"ကဲ. . ဘာလုပ်ပေးရမလဲပြော"

"ကျွန်တော်တို့ကို မတရားတဲ့ လူတစ်ယောက်ကို ရှင်းချင်လို့ ပါ"

"လုပ်ရတာက လွယ်ပါတယ်၊ ဒါပေမယ့် မင်းတို့ကိုယ်တိုင် မတရားတဲ့လူတစ်ယောက်ဖြစ်ရင် မင်းတို့ကိုလည်း ပြန်ထိမှာနော်. . ဟားဟား. ."

ရွှေရည်တို့ ဗလအား ဝိုင်းကြည့်ကြသည်။

ဗလမလုံမလဲ ဖြစ်သွားသော်လည်း ချက်ချင်းတုံ့ပြန်သည်။

"ငါ့ကို အသေလုပ်မယ်လို့ ဦးခွန်ထူး ခြိမ်းခြောက်ခဲ့တာ. . နင်တို့အသိပါ. ."

ဗလစကားကို အားလုံးလက်ခံသွားသည်မို့ ရွှေရည်က. .

"ကျွန်မတို့အားလုံး ခံရတာ သေချာပါတယ် ဆရာကြီး. .၊ စော်ကားမော်ကား ပြောတာခံရတယ်၊ အရှက်တကွဲ အကျိုးနည်းဖြစ် ရတာလည်း အကြိမ်ကြိမ်ပါပဲရှင်. ."





"ကောင်းပြီလေ"

ဆရာကြီးက သူ့စားပွဲပေါ်ရှိ ဆန်ခွက်ထဲမှ ဆန်အနည်းငယ် နှိုက်ယူပြီး အနားတွင်ပုံလိုက်သည်။ လျှောက်သွားနေသော ကြက်ဖ ကြီးပြေးလာကာ ဆန်စေ့များကို ကောက်စား၏။ ဆရာကြီးက ဆတ်ခနဲ ဖမ်းယူလိုက်ပြီး ဓားမြှောင်နှင့် လည်လှီးလိုက်တော့သည်။

ကတွတ်ကတွတ်အော်သံနှင့် တဖြတ်ဖြတ်ခတ်နေသော တောင်ပံတို့ ငြိမ်သက်သွားသည်။ ရွှေရည်တို့လည်း ကြောက်ရွံ့တုန် လှုပ်သွားကြ၏။ ဆရာကြီးက ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ သူ့အလုပ်သူ ထမင်းစားရေသောက်သလို ဆက်လုပ်နေသည်။ ကြက်လည်ချောင်း သွေးကို အင်တုံ၌ ခံယူသည်။ ကြက်သေကို အသာချထားလိုက်ပြီး အင်းချထားသော စာရွက်တစ်ရွက် ထုတ်ယူလိုက်သည်။

"အဲဒီလူ နာမည်ပြော. ."

"ဦးခွန်ထူးပါ ဆရာကြီး. ."

နာမည်သိသည်နှင့် ကြက်လည်ချောင်းသွေးကို လက်ညှိုး နှင့်တို့၍ အင်းစာရွက်ပေါ်တွင် ချရေးလိုက်သည်။ လုပ်ငန်းအစမှာ ပင် သည်းတုန်အူတုန် အဖြစ်တွေကို ကြုံတွေ့လိုက်ရ၍ ကောင်မ လေးတွေ မျက်စိမျက်နှာပျက်နေကြသည်။

"ကဲ. . စာရင်းသွင်းလိုက်ပြီနော်၊ နောက်ဆုတ်လို့ မရတော့ ဘူး၊ တကယ်ထိရောက်အောင် လုပ်ဖို့ဆိုတာက အဲဒီလူရဲ့ ဓါတ်ပုံ တစ်ပုံ၊ အဝတ်အစားတစ်စုံနဲ့ သူ့ရဲ့ခြေထောက်ကဖုန်မှုန့် ရအောင် ယူခဲ့ကြ၊ ဒါမှ စီရင်လို့ရမယ်"

"ရှင်. . ဟုတ်. . ဟုတ်ကဲ့. . ဒါနဲ့ ဥာဏ်ပူဇော်ခ ကတော့



www.burmeseclassic.com

www.burmeseclassic.com



လောက်ပါလဲ ဆရာကြီး. . "

"တစ်သိန်း. . "

သူတို့တွေ ပါသမျှပိုက်ဆံစုကြရာ ခြောက်သောင်းသာရသဖြင့်. .

"ဓါတ်ပုံနဲ့ လိုအပ်တာတွေလာပေးမှ ကျန်ငွေလေးသောင်းပေးပါရစေရှင်"

"ဖြစ်ပါတယ် အချိန်တော့မဆွဲနဲ့၊ ဒါတွေက သရဲမွေးပြီးလုပ်ရတာ. . အကုန်အကျများသလို အန္တရာယ်လည်းရှိတယ်"

"ဟုတ်ကဲ့ပါ ဆရာကြီး၊ ကျွန်တော်တို့ ပြန်လာခဲ့ပါ့မယ်"

ငွေခြောက်သောင်းပေးပြီး နှုတ်ဆက်၍ ခပ်သွက်သွက် ပြန်ထွက်လာခဲ့ကြ၏။ အိမ်ပြင်ရောက်မှ အသက်ရှူချောင်သွားသလို စိတ်ကျဉ်းကျပ်မှုလည်း လျော့ပါးသွားကြရသည်။

ရွာလမ်းအတိုင်း ပြန်လျှောက်လာကြရင်း လိုအပ်ပစ္စည်းကိစ္စ ဆွေးနွေးကြရသည်။

"ဓါတ်ပုံကတော့ ပြဿနာမရှိဘူး"

"အင်း. . ပြဿနာက အဝတ်အစားနဲ့ ခြေမှုန့်တွေကွ အဲဒါဘယ်လိုလုပ်မလဲ"

"ဦးခွန်ထူး အခန်းအဝင်ဝမှာ WELCOME စာလုံးပါတဲ့ ခြေသုတ် အခင်းပြား အစိမ်းရောင်လေး ရှိတယ်လေ၊ အသစ်တစ်ခုဝယ်သွားပြီး၊ အလစ်မှာ လဲထားလိုက်လေ ဒါဆိုပြီးပြီပေါ့"

အိုက်မောင်းအကြံက ကောင်းလွန်း၍ အားလုံး ထောက်ခံကြသည်။ အဝတ်အစားရဖို့ကတော့ ဝင်ခိုးမှရမည်မို့ ဦးခွန်ထူးအခန်း





နှင့်နီးသော ယောက်ျားလေးများတာဝန်သာ ဖြစ်သွားတော့သည်။

ရွှေရည်က အရေးအကြီးဆုံးအပိုင်းကို ဝင်ပြောသည်။

"အဲဒီပစ္စည်းတွေ ဆရာကြီးဆီ ဘယ်လိုလာပေးမှာလဲ"

သီတင်းကျွတ်ပြီး၍ ဘော်ဒါဆောင်ပြန်ရောက်လျှင် ထွက်လို့မရတော့မည်ကို ရွှေရည်ပြောခြင်းဖြစ်သည်။ ခေါင်းခြောက်လုမတတ် စဉ်းစားပြီးမှ ဇလက. .

"ငါ့အိမ်မှာ ငါ့ညီကိုမှာခဲ့မယ်၊ နောက်သုံးရက်နေရင် အဆောင်ကို အဘွားနေမကောင်းဘူးလို့ လှမ်းဖုန်းဆက်ဖို့ပေါ့၊ ဒါဆို အိမ်ပြန်ခွင့်ရမယ်ထင်တယ်"

"ဇလ. . နင့်အိုင်ဒီယာ သိပ်ကောင်းတာပဲသိလား"

ရွှေရည်၏ ချီးကျူးမှုကိုရ၍ ဇလ မြောက်ကြွကြွဖြစ်သွားသည်။ ရွှေရည် ဇလအပေါ် အရေးတယူလုပ်နေ၍ ရဲမိုးပိုပြီး အားငယ်သွားတော့၏။ ရဲမိုးမျက်နှာ နီရဲတက်လာသည်။

"ဟတ်ချိုး"

နေလည်းသိပ်မကောင်းချင်တော့. . .

"ရွှေရည် နင့်လက်ကိုင်ပဝါ ခနငှားပါလားဟာ၊ ကျောင်းပြန်တက်ရင် လျှော်ပြီးပြန်ယူလာခဲ့ပါ့မယ်"

"ရတယ် ရဲမိုး၊ ရော့. . ရော့ ပြန်မပေးနဲ့တော့"

မြို့ထဲရောက်သည်နှင့် ကိုယ့်အိမ်ကိုယ်ပြန်ရန် လမ်းခွဲလိုက်ကြသည်။ ရဲမိုးမပြန်သေးပဲ စဉ်းစားနေမိသည်။

သို့နှင့်. . သူလာခဲ့သောလမ်းအတိုင်း ပြန်လျှောက်သွားလေသည်။ သူသွားနေသည်က ဦးဒေဝ၏အိမ်သို့ ပြန်လာနေခြင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟော့. . မင်းဘာကျန်ခဲ့လို့လဲ"

ရဲမိုး အိမ်ထဲဝင်ဝင်ခြင်း စကားသံက ဆီးကြိုနေသည်။

"မကျန်ခဲ့ပါဘူး ဆရာကြီး၊ ကျွန်တော် လုပ်စရာလေးရှိလို့ပါ"

"ဘာများလဲကွ. . . စောစောကတော့ ဘာမှမပြောပဲနဲ့"

ရဲမိုး လက်ကိုင်ပဝါလေး ထုတ်ပြရင်း. .

"ဒီပစ္စည်းလေးက ကျွန်တော်သိပ်ချစ်နေရတဲ့ ကောင်မလေးရဲ့ လက်ကိုင်ပဝါပါ၊ သူကျွန်တော့ကို ပြန်ချစ်လာအောင်လုပ်ပေးနိုင်မလား. . ဆရာကြီး၊ လုပ်ပေးနိုင်ရင် ဒီပစ္စည်းလေး ဆရာကြီးကို ပေးပါ့မယ်"

ရဲမိုး သူ့လက်တွင်စွပ်ထားသော ငါးမူးသားလက်စွပ်ကို ချွတ်၍ လက်ကိုင်ပဝါပေါ် တင်ပေးလိုက်သည်။

"သူ့ဓါတ်ပုံလိုတယ်"

ရဲမိုး သူ့အိတ်ထဲမှ သူငယ်ချင်းများ စုရိုက်ထားသော ဓါတ်ပုံကို ထုတ်၍ လက်ညှိုးလေးထောက်ကာ. .

"သူပါ ဆရာကြီး"

ဦးဒေဝက ရှေ့ရည့်ပုံကို ကတ်ကြေးဖြင့် ဖြတ်ယူလိုက်သည်။ ပြီးတော့ ပုံကိုမှောက်ကာ အပေါ်မှအင်းပြားဖြင့်အုပ်၍ ထိုအပေါ်တွင် ဖယောင်းတိုင်တစ်တိုင် ထပ်ထွန်းလိုက်သည်။ ပါးစပ်မှလည်း ဂါထာများ ရွတ်ဖတ်နေ၏။

လူရုပ်ပုံ ဖယောင်းအရုပ်ကလေးတစ်ခုကို ယူ၍ ရှေ့ရည့်လက်ကိုင်ပဝါနှင့်ပတ်ပြီး ဓါတ်ပုံနှင့်အင်းပြားကို ထပ်ပတ်လိုက်သည်။





နောက်. . အရုပ်တစ်ခုကို ထပ်ယူကာ. .

"မင်းလက်ပေး. . "

ရဲမိုးလက်ညှိုးကို အပ်ဖြင့်ဖောက်ပြီး ကျလာသောသွေးကို အရုပ်သစ်ပေါ်တွင် သုတ်လိုက်သည်။ ထို့နောက် စောစောကအတိုင်း ရဲမိုးဓါတ်ပုံကိုဖြတ်၍ ထိုအရုပ်တွင်ကပ်လိုက်သည်။

အရုပ်နှစ်ခုကို တွဲချည်လိုက်ပြီး. .

"ဒီအရုပ်နှစ်ခု မပျက်ဆီးသရွေ့ တစ်ယောက်ယောက်သေခဲ့ရင်တောင် ဝိညာဉ်ဘဝနဲ့ အနားမှာ အမြဲနေခွင့်ရှိလိမ့်မယ်"

"ကျေးဇူးပါပဲ ဆရာကြီး"

ရဲမိုးမျက်နှာတွင် ပြုံးပျော်လို့နေသည်။ အပြန်လမ်းတစ်လျှောက် တွဲချည်ထားသော အရုပ်နှစ်ခုကိုကြည့်ရင်း ပီတိတွေဖြစ်လို့မဆုံးတော့ပေ. . ။

ရဲမိုး အိမ်ပြန်ရောက်တော့ သူ့မရီးဝတ်မှုံ ပြန်ရောက်နေပြီဖြစ်သည်။ တတ်လည်းတတ်နိုင်သည့်မိန်းမ၊ အခုတော့လည်း အစ်ကို့နားမှာ ကပ်ချွဲနေပြန်ပြီ. . ။ သူဝင်လာမှ ဝတ်မှုံ ဣန္ဒြေဆယ်လိုက်သလို အစ်ကိုလည်း မျက်နှာပိုးသတ်ရင်း. . ။

"ထိုင်ပါဦးဟ. . ငါ့ညီရ. . ပြန်လာတာ နောက်ကျလိုက်တာ၊ ဘယ်တွေသွားနေလဲ"

"သူငယ်ချင်းတွေနဲ့ မြို့ထဲလျှောက်လည်နေလို့ပါ ကိုကြီး၊ အပြင်ထွက်ရတုန်း မြို့ထဲပတ်ကြတာပါ"

"အေးအေး. . စာကောလိုက်နိုင်ရဲ့လား"

"အခြေအနေကောင်းပါတယ် ကိုကြီး. . "



www.burmeseclassic.com

"ကျွန်တော်ရေချိုးလိုက်ဦးမယ် ကိုကြီး. ."

"အေး. . အေး. . အနားယူလိုက်အုံး ညီလေး. ."

ပြန်လာတုန်းကတော့ ဝတ်မှုံဖောက်ပြန်သည့်အကြောင်းကို ကိုကြီးအား အသိပေးမည်ဟု မောင်းတင်လာခဲ့၏။ သို့သော်. . အားလုံးနှင့် မျက်နှာစုံညီတွေ့လိုက်တော့လည်း ပြောရမည့်စကားတွေလည်ချောင်းထဲ တစ်ဆို့နေသည်။

ဝတ်မှုံနှင့် အကြည့်ချင်းဆုံသောအခါမှာလည်း မျက်လုံးချင်းဆိုင်ပြီး ပြိုင်မကြည့်ရဲ၊ ရင်မဆိုင်ရဲ၊ သူ့အကြည့်တွေကြောင့် ပြောရမည့် စကားတွေပင် ပျောက်ဆုံးသွားတော့သည်။

သို့သော် ဝတ်မှုံမရှိခိုက် သူ့အစ်ကိုအား ရဲမိုး ပြောပြလိုက်လေသည်။

ဝတ်မှုံ ပြန်လာတော့. . အခန်းထဲခေါ်ကာ ကိုကြီး မေးလေသည်။ ရဲမိုး တံခါးဝတွင် ချောင်းနားထောင်လိုက်သည်။

"ရှင့်ညီပြောတာကို ယုံတာပဲလား၊ သူ့စကားတွေကို မယုံပါနဲ့၊ သူက ကျောင်းမှာစာမလုပ်ပဲ မိန်းကလေးတွေတရုန်းရုန်းနဲ့ နေ့တိုင်း ပြဿနာဖြစ်နေတာကော ရှင်မသိဘူးမဟုတ်လား၊ ရဲမိုးနဲ့ သူပေါင်းတဲ့သူငယ်ချင်းတွေ အမြဲရန်ဖြစ်လို့ ရုံးခန်းမှာ ခဏခဏ ဖြေရှင်းပေးနေရတာကော မပြောပြဘူးလား. .၊

ရှင့်ညီစကားတွေက ကျွန်မကို သိက္ခာလိုက်ချနေတယ်လို့ကော ရှင်မထင်ဘူးလား၊ ရှင်ပြန်စဉ်းစားကြည့်ပါ၊ ကျွန်မရှင့်ကို ဘယ်လောက်ချစ်လဲဆိုတာ ရှင်အသိဆုံးပါ၊ အခုတော့ ညီကကုန်းချောတာနဲ့ပဲ ကျွန်မကို အထင်လွဲရတယ်လို့ ကျွန်မ တကယ်စိတ်မကောင်း





ဘူး ကိုမြင့်အောင်. . ဟင့်. . ဟင့်. . ဟီး"

အပင်းမိနေသော ကိုမြင့်အောင်မှာ ခုတင်ပေါ်တွင် ခေါင်းကြီးငုံ့ကာ ဝတ်မှုံပြောသမျှကို ငြိမ်ခံနေရလေသည်။ ရဲမိုးလည်း အစ်ကိုဖြစ်သူကို စိတ်ပျက်စွာဖြင့် အိမ်ရှေ့ထွက်လာကာ ခြံထဲတွင် ထိုင်နေလိုက်သည်။

ဝတ်မှုံငိုသံတိတ်သွားတော့ ကိုမြင့်အောင် အိမ်ရှေ့ထွက်လာပြီး သူ့ညီကိုလှမ်းအော်ခေါ်လေသည်။

"ရဲမိုး. . ရဲမိုး"

ရဲမိုးထကာ နောက်လှည့်ကြည့်တော့ သူ့ဘေးသို့ ကိုမြင့်အောင် ရောက်နေလေပြီ. .။

"ငါ. . မင်းကို ဘယ်နှစ်ခါပြောရမလဲ၊ မင်းပါးစပ်က မင်းမရီး မကောင်းကြောင်း မပြောပါနဲ့လို့ မှာထားတယ် မဟုတ်လား"

"ကိုကြီး. . ညီလေးမျက်စိနဲ့ သေချာကြည့်ခဲ့ရတာ"

"ဖြောင်း. ."

ကိုမြင့်အောင် သူ့ညီပါးကို ရိုက်ချလိုက်ပြီး. . .

"ဝတ်မှုံက ဘယ်သူနဲ့မှ မဖောက်ပြန်ဘူးကွ၊ အဲဒါ မင်းမြဲမြဲမှတ်ထား. ."

ရဲမိုးရင်ထဲတွင် ဝတ်မှုံအပေါ် အတော်နာကြည်းသွားခဲ့ရတော့သည်။





www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၆ )

ဘော်ဒါဆောင်ပြန်ရောက်ပြီး နောက်တစ်နေ့ မနက်စာ‚စားချိန်တွင် ရွှေရည်တို့နှင့်ဆုံသည်။ အခြေအနေတိုးတက်မှုကို စိတ်စောစွာနှင့် မေးကြည့်သည်။

"ဓါတ်ပုံလည်း အဆင်သင့်ဖြစ်နေပြီ၊ ခြေသုတ်ဖုံလည်း လဲထားပြီးပြီ၊ ခက်နေတာက အဝတ်အစားပဲ အဲဒါကတော့ အချိန်ပေးရမယ် ထင်တယ်"

"အေးနော် အလစ်ဝင်ခိုးရမှာဆိုတော့ ဘယ်လွယ်ပါ့မလဲ၊



www.burmeseclassic.com

www.burmeseclassic.com



မိသွားရင်လည်း ပြဿနာက ပိုကြီးလာမှာ. . ”

အိုက်မောင်းက အလေးအနက်တွေးရင်း ရွှေရည်တို့အား အကြံတစ်ခုပေးသည်။ မနက်စောစော မိန်းကလေးတစ်ယောက် မေ့လဲသွားဟန်ဆောင်ပြီး ရုတ်ရုတ်သဲသဲဖြစ်အောင်လုပ်ဖို့ အစီအစဉ်ဖြစ်သည်။

ဒါဆို. . . တာဝန်ရှိသူများနှင့် ဦးခွန်ထူးတို့ အပြေးရောက်လာမှာဖြစ်ကြောင်း အခြေအနေကောင်းလျှင် ဦးခွန်ထူး အခန်းထဲ ဝင်ခွင့်ရမည်ဟု တွက်ချက်ပြလိုက်သည်။

ထိုအစီအစဉ်ကို သဘောကျကြသဖြင့် အတည်ပြုလိုက်ကြသည်။ ထိုအချိန်တွင်မှ ဗလ စားသောက်ဆောင်ထဲ ဝင်လာသည်။

“နောက်ကျလိုက်တာ ဘယ်သွားနေလို့လဲ”

“ဦးခွန်ထူး ခေါ်ရစ်နေလို့. . ”

ဦးခွန်ထူးက ခေါ်ပြီး မင်(န်)မိုရီစတစ်တောင်းရင်း ခြိမ်းခြောက်ကြောင်း ဗလ ရှင်းပြသည်။

“သန်ဘက်ခါဆို မင်းညီက ဖုန်းဆက်တော့မှာနော်၊ ပစ္စည်းအားလုံးရထားဖို့ အရေးကြီးတယ်”

အားလုံးခေါင်း တညိတ်ညိတ် ဖြစ်သွားသည်။ ဗလမသိသေးသော ရွှေရည်တို့လုပ်မည့်အစီအစဉ်ကို အသိပေးလိုက်တော့ ဗလ အားတက်သရော ဖြစ်သွားသည်။ ထို Plan ‘အောင်မြင်ပါစေ’ ဆုတောင်းကာ လက်ဝါးရိုက်လိုက်ကြသည်။

ထိုနေ့က ရဲမိုး ဘော်ဒါဆောင်သို့ ညနေစောင်းမှ ရောက်လာခဲ့သည်။





ကားပေါ်က ဆင်းဆင်းချင်း သူ့ကိုကြည့်နေသော မျက်ဝန်းတစ်စုံကို သတိပြုမိ၍ ဖျတ်ခနဲလှည့်ကြည့်လိုက်သည်။ ကျောင်းဝင်ပေါက်တွင်စောင့်နေသော ရွှေရည်ကိုတွေ့လိုက်ရသည်။

“ရဲမိုးရယ်. . နောက်ကျလိုက်တာ၊ ငါအတန်းချိန်ပြီးကတည်းက နင့်ကိုစောင့်နေတာ၊ ပြီးတော့. . ပေးစရာလည်းရှိတယ်ရော့. . ”

ရဲမိုးလက်ထဲသို့ စာအိတ်လေးတစ်အိတ် ထည့်ပေးလိုက်သည်။

“ညကျမှဖတ်”

ပြောပြီး လှည့်ထွက်သွားသော ရွှေရည့်ကျောပြင်ကို ကြည့်ကာ ရဲမိုး အံ့အားသင့်၍ ဝမ်းသာလို့မဆုံး ဖြစ်နေတော့သည်။

အိပ်ခါနီးမှ ရဲမိုး စာအိတ်လေးကို အသာအယာ ဖွင့်ကြည့်သည်။

ရဲမိုး. .
ငါ. .
နင့်ကို. .
သိပ်ချစ်တယ်. .

၆ ၆ ၆ ၆



www.burmeseclassic.com

www.burmeseclassic.com



နံနက်ခင်းက ထုံးစံအတိုင်း မြူဆိုင်းနေသည်။ နေမထွက်မချင်း အေးမြနေဦးမည့် ရာသီဥတုကြောင့် နေလို့ထိုင်လို့ကောင်းသည့် အခါသမယလည်း ဖြစ်သည်။

ကျေးငှက်တို့နှင့်အပြိုင် လူတွေလည်း စောစောထကာ အလုပ်သွားဖို့ ပြင်ဆင်နေကြပြီ။ မကြာခင်မှာ မြို့လယ်လမ်းပေါ်သို့ ဆိုင်ကယ်တွေ စက်ဘီးတွေ တစ်ပြုံကြီး ရောက်လာတော့မည်။ ရဲမိုးတို့ ဘော်ဒါဆောင်လည်း ခြောက်နာရီ သံချောင်းခေါက်သံနှင့်အတူ နိုးထလှုပ်ရှားနေကြပြီ ဖြစ်သည်။

မျက်နှာသစ်၊ ရေအိမ်ဝင်၊ အဝတ်အစားလဲတာတွေ တက်သုတ်ရိုက်လုပ်ကြသည်။ ထိုသို့အလုပ်ရှုပ်နေကြစဉ် မိန်းကလေးအဆောင်ဘက်မှ ဆူညံအော်ဟစ်သံများ ကြားလိုက်ရ၏။ ကြိုတင်စီစဉ်ထားသည့် ဂွင်အတိုင်း ဗလတို့အုပ်စု ဝရန်တာသို့ ရောက်သွားသည်။ မိန်းကလေးဆောင်မှာ ပြဿနာတက်နေပြီဟု ဝိုင်းကူကာ အော်ဟစ်ပေး၏။

ထိုဆူညံသံများကြောင့် ဦးခွန်ထူး အခန်းထဲမှ ပြေးထွက်လာသည်။ ဝရန်တာမှာ တန်းစီနေသော ကျောင်းသားများကြားသို့ တိုးဝင်သည်။

"ဘာလဲ. . ဘာဖြစ်တာလဲ"

"မပြောတတ်ဘူး ဦးခွန်ထူး၊ မိန်းကလေးအဆောင်မှာ ဖြစ်နေတာ. ."

"ဟေ. . ဟုတ်လား"

ဦးခွန်ထူး လှမ်းကြည့်ပြီး ရုတ်ရုတ်သည်းသည်း ဖြစ်နေတာမြင်ရသည်မို့ စိတ်စောစွာဖြင့် မိန်းကလေးအဆောင်ဘက် ပြေးသွားသည်။ အခွင့်ကောင်းကို စောင့်နေသော ရဲမိုး၊ ဗလနှင့် အိုက်မောင်းတို့ ဦးခွန်ထူးအခန်းသို့ ပြေးကြသည်။ နှစ်ယောက်က အပြင်မှစောင့်၍ အခြေအနေကြည့်နေစဉ် ဗလ အခန်းတံခါးကို ဖွင့်သည်။

ကံကောင်းထောက်မစွာပင် ဦးခွန်ထူး သော့ခတ်ဖို့ မေ့သွားသည်ထင်၏။ တံခါးက အလွယ်တကူပင် ပွင့်သွားသည်။

ဗလ လှစ်ခနဲ အခန်းထဲဝင်သွားသည်။ သူ့ခိုးမျက်လုံးများနှင့် အကဲခတ်လိုက်ပြီး သော့တန်းလန်းနှင့်ဗီရိုကို ဖွင့်ကြည့်သည်။

သူ့ငွေးပီပီ အထပ်လိုက်ရှိနေသော အင်္ကျီပုဆိုးများကို ကြည့်ကာ ချက်ချင်းသတိမထားမိလောက်သည့် ခပ်ရိုးရိုးအဆင်နှင့် ပုဆိုး၊ အင်္ကျီ တစ်ထည်စီ ထုတ်ယူလိုက်၏။

အင်္ကျီရင်ဘတ်ကြားထဲ ဦးခွန်ထူး အဝတ်အစားများ ထိုး







www.burmeseclassic.com

www.burmeseclassic.com



သွင်းရင်း အပြင်သို့ပြန်ထွက်လာသည်။ ရဲမိုးနှင့် အိုက်မောင်းက အခြေအနေကောင်းကြောင်း လက်မထောင်ပြသဖြင့် ဗလ အခန်း တံခါးကို ခြေရာလက်ရာမပျက် ပြန်စေ့ကာ သူတို့အခန်းသို့ ပြေးကြ တော့၏။

"အဟား. . ဒါဆို အစီအရင်လုပ်ဖို့အတွက် လိုအပ်ပစ္စည်း အကုန်စုံပြီပေါ့"

"အေးလေ. . ကဲ. . ကဲ. . ဒါတွေလုံခြုံတဲ့နေရာမှာ သိမ်း ထားလိုက် ညကျမှအကုန်စုပြီး ပြင်ဆင်မယ်၊ ဦးခွန်ထူး ပြန်မလာခင် ထမင်းစားဆောင်ကို လစ်ကြစို့"

ရဲမိုးတို့သုံးယောက် ဘာတွေလုပ်နေကြမှန်း မသိသော်လည်း နှုတ်ဟန့်ဆေးမိပြီး ကြောင်တောင်တောင်ဖြစ်နေသော မိုးဝေလည်း တစ်ယောက်တည်း မနေခဲ့ချင်သည့်အတွက် အတူလိုက်လာခဲ့၏။

ဦးဒေဝ တောင်းထားသော ပစ္စည်းအစုံအလင်ကို သွားပို့ပြီး ဦးခွန်ထူးအား သင်ခန်းစာပေးဖို့ပဲ လိုတော့သည်လေ. . . ။

၅ ၅ ၅ ၅



BURMESE CLASSIC .com



**နောက်**တစ်နေ့မနက် ကိုးနာရီလောက်တွင် ရဲမိုးတို့ စာသင်ခန်းသို့ ဝတ်မှုံရောက်လာသည်။ ဗလအဘွား ဆေးရုံတင်ထားရ၍ ခဏလာခဲ့ရန် မိဘများအကြောင်းကြားကြောင်း လာရောက်အသိပေးသည်။ တစ်ရက်ခွင့်ပေးကာ အိမ်ပြန်ခွင့်ပြု၏။

စီစဉ်ထားသည့်အတိုင်း အကုန်ဖြစ်လာသည်မို့ အပျော်ရုပ်ကို ဟန်လုပ်၍ပူဆွေးကာ ဗလ အတန်းထဲမှ ထွက်ခဲ့၏။ ကျောပိုးအိတ်ထဲမှာ လိုအပ်ပစ္စည်းက အစုံအလင်ထည့်ထားပြီးသား. .

ဘော်ဒါဆောင်နားမှ ဆိုင်ကယ်ကယ်ရီနှင့်ပင် ထွက်လာခဲ့သည်။ ဆေးရုံသို့တော့မဟုတ်၊ အိမ်နှင့်အနီးဆုံး လက်ဖက်ရည်ဆိုင်သို့ဖြစ်သည်။ လက်ဖက်ရည်ဆိုင်ရောက်မှ ညီငယ်ကို ဖုန်းဆက်၍ ဆိုင်ကယ်နှင့် ထွက်လာရန် မှာလိုက်သည်။

သူညီရောက်လာမှ သွားမည့်ခရီးစဉ်နှင့် ကိစ္စကိုရှင်းပြကာ



www.burmeseclassic.com

www.burmeseclassic.com



စည်းရုံးရသေးသည်။ အကြမ်းသဘော နားလည်အောင် ပီယသဒ္ဒိ အဆောင်ဟုသာ မလှိမ့်တစ်ပါတ် ရှင်းပြထား၏။ သူ့ထက်(၃)နှစ်သာ ငယ်သည့် (၁၇)နှစ်သား ညီငယ်ကလည်း မိန်းမကိစ္စ၊ ရည်းစားကိစ္စ ဆိုတော့ စိတ်ဝင်စားသွားသည်။

ဗလ၏အကြံအစည်ထဲတွင် တကယ်လည်း မိန်းမကိစ္စ ပါဝင်နေသည်။ ဗလဆီမှာ ဝတ်မှုံ၏ဓာတ်ပုံနှင့် အဝတ်လှမ်းသည့်အထဲမှ ခိုးယူထားသော ဘရာစီယာတစ်ထည် ပါလာသည်။

ဆိုင်ကယ်နှင့်ပင် ညီအစ်ကိုနှစ်ယောက် စိတ်တူကိုယ်တူ ခရီးဆက်ခဲ့ကြသည်။ နောင်ခမ်းရွာမှ ဦးဒေဝထံသို့ အချိန်တိုအတွင်းမှာ ရောက်ခဲ့ကြ၏။ ဗလက ဦးခွန်ထူး၏ အစီအရင်အတွက် ပစ္စည်းလာပို့ကြောင်းနှင့် လက်ကျန်ငွေကို ပေးလိုက်သည်။

ဆရာကြီးက အသင့်ပြုလုပ်ထားသော ရွှံ့လူရုပ်တွင် ဗလယူလာသည့် ပစ္စည်းများနှင့် အစီအရင်ကိုသုံး၍ အသက်သွင်းတော့သည်။ ဦးခွန်ထူး၏ အင်္ကျီကိုညှပ်၍ ရွှံ့ရုပ်အတွက် အင်္ကျီချုပ်ပေးသလို ပုဆိုးကိုညှပ်၍ အရုပ်တွင် ပုဆိုးပတ်ပေးသည်။ ခေါင်းကို ကော်သုတ်ပြီး စက္ကူထုပ်ထဲမှ ခြေမှုန့်များ ဖြူးပေးလိုက်သည်။

ထိုမျှနှင့်မပြီးသေး. . ဓါတ်ပုံမှမျက်နှာကို ကွက်၍ ကိုက်ယူပြီး အရုပ်တွင်တပ်ဆင်လိုက်ပြန်သည်။ ထို့နောက် အင်းချထားသော စာရွက်များကို ပြာချပြီး အင်တုံထဲမှ ကြက်သွေးတို့နှင့် ရောမွှေသည်။

ထို့နောက်တွင်မှ ဆရာကြီးက အရုပ်ကိုအောက်လမ်းမန္တန်များဖြင့် မန်းမှုတ်နေတော့သည်။ ထိုမန္တန်များမှာ အောက်လမ်းဖြစ်သည်နှင့်အညီ အယုတ္တ၊ အနတ္တ ညစ်ညစ်ညမ်းညမ်း စကားလုံးများ





စွာဖြင့် ဖွဲ့စည်းထား၏။

ဗလတို့ ညီအစ်ကိုနှစ်ယောက်မှာ ဆရာကြီးရွတ်ဆိုနေသံများကို နားထောင်ရင်း ပြုံးလည်းပြုံးမိကြသည်။ ကြက်သီးမွေးညင်းလည်း ထခဲ့သည်။

“ကဲ. . ဗုဒ္ဓဟူးသားရဲ့ ရုပ်နာမ်နှစ်ပါးကို ချုပ်ထားလိုက်ပြီးပြီ၊ ဒီအရုပ် အသက်ဝင်လာတာနဲ့ လိုရာစေစားလို့ရပြီ၊ ဘယ်လိုဘယ်ပုံ လုပ်ကိုင်အသုံးချရမယ်ဆိုတာကိုလည်း ပြောပြမယ်”

ဆရာကြီးက အရုပ်ကိုပေးရင်း ဘယ်လိုလုပ်ရမည်ကို အသေးစိတ် ရှင်းပြလေ၏။

ဗလမှာ ဆရာကြီးရှင်းပြသည်များကို နားထောင်ရင်းမှ ဦးခွန်ထူးအား ကောင်းစွာပညာပေးနိုင်မည်ဟုတွေးရင်း ဝမ်းမြောက်နေမိသည်။ ညီဖြစ်သူ ရူပါက လေသံတိုးတိုးဖြင့်. . .

“အစ်ကိုပြောတော့ ပီယသဒ္ဒိ အဆောင်ဆို”

“အသာနေစမ်းပါ”

“အင်း. . မင်းစိတ်ချလက်ချ ပြန်လို့ရပြီ၊ ဒီအရုပ်ကို မင်းတို့ ဘယ်လိုပဲလုပ်လုပ်. . လုပ်သမျှ ဟိုဘက်ကလူ ခံစားရလိမ့်မယ်”

“ဒါနဲ့ဆရာကြီး မိန်းမတစ်ယောက်ကို ကိုယ်အလိုရှိတဲ့အချိန်မှာ ကိုယ့်ဆီရောက်လာအောင်ခေါ်လို့ရတဲ့ အစီအရင်များ မရှိဘူးလား”

“ဟား. . သိပ်ရှိတာပေါ့ကွာ မင်းလိုချင်လို့လား”

“ဟုတ်. . ဟုတ်ကဲ့”

“ဓါတ်ပုံနဲ့ သူ့အဝတ်အစားတစ်ခုခုယူခဲ့”



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"အခု ပါလာပါတယ်ဆရာကြီး"

ဗလက ဝတ်မှုံ၏ခေါ်တပ်ပုံနှင့် ဘရာစီယာကို ထုတ်ယူ၍ ဆရာကြီးလက်သို့ အပ်လိုက်သည်။

"နာမည်က ဝတ်မှုံတဲ့"

"ဟုတ်ပြီလေ. . ထားခဲ့ မနက်ဖြန်လာယူ"

"မနက်ဖြန် ကျွန်တော်မလာနိုင်လို့ ဒီညီလေး လာယူပါလိမ့်မယ်ခင်ဗျား"

"ဘယ်သူလာယူယူပေါ့. . အဲဒီအတွက်က ငါးသောင်း"

"ဟုတ်. ."

နောက်အစီအရင်အတွက် ပိုက်ဆံထပ်ပေးပြီး ညီအစ်ကို နှစ်ယောက် ပြန်လာခဲ့ကြသည်။







# အခန်း ( ၁ )

ပြည်ပြည့်ဝဝ ထွန်းလင်းနေသောလမင်းက ညခင်းကို အသက်ဝင် လှပနေစေသည်။ ခြောက်နာရီသာသာလောက်သာရှိသေး၍ စာကြည့်ချိန်မရောက်ခင် ကျောင်းသူကျောင်းသားများ အနားယူ အပန်းဖြေနေကြသည်။ ကြက်တောင်ရိုက်သူ ဘောလုံးပုတ်သူ၊ ဝိုင်းဖွဲ့စကားပြောသူတို့နှင့် ကျောင်းဝင်းအတွင်း စည်ကားနေသည်။

ဦးခွန်ထူးနှင့် ဆရာနှစ်ယောက် ခြံထောင့် အပင်အောက်



www.burmeseclassic.com

www.burmeseclassic.com



တွင် ရေနွေးကြမ်းဝိုင်းဖွဲ့ကာ စကားစမြည်ပြောနေကြသည်။

ယောကျ်ားလေးဆောင် ဝရန်တာမှာတော့ ရဲမိုး၊ အိုက်မောင်းနှင့် ဗလတို့ ရှိနေကြသည်။ ဗလလက်ထဲမှာ အရုပ်လေးတစ်ရုပ် ရှိနေသည်။

"ကဲ. . အစီအရင် ဘယ်လောက်စွမ်းလည်း စမ်းကြည့်ရအောင်"

"ကောင်းသားပဲ. . "

ဗလက အရုပ်၏ခေါင်းကို လက်ညှိုးလက်မနှင့် ဖိညှပ်လိုက်သည်။ ထိုသို့လုပ်ထားရင်း ဦးခွန်ထူး၏ အခြေအနေကို လှမ်းအကဲခတ်ကြသည်။

လက်ဖက်စားပြီး ရေနွေးသောက်နေသော ဦးခွန်ထူး ရေနွေးခွက်အား ကမန်းကတန်းပြန်ချကာ နားထင်ကို နှိပ်နယ်နေလေသည်။

ဗလတို့အုပ်စု အချင်းချင်းကြည့်ကာ လက်မထောင်လိုက်ကြသည်။ အောက်လမ်းပညာအစွမ်းကို အံ့မခန်းမြင်လိုက်ရ၍ အံ့သြကျေနပ်နေကြသည်။

ဗလက တစ်ဆင့်တက်၍. . ရင်ဘတ်အား လက်ညှိုးနှင့် ဆောင့်ထိုးကာ မွှေလိုက်သည်။ ဦးခွန်ထူး ဆက်တီပေါ်တွင်ထိုင်ရင်း ရင်ဘတ်ဖိလျက် တွန့်တွန့်လူးနေလေ၏။

ဗလ လွန်စွာကျေနပ်အားရ ဖြစ်သွားသည်။ ငါ့ကို အသေသတ်မယ်ဆိုတဲ့ကောင်ကြီး. . အခု ဘာတတ်နိုင်သေးလဲဟု စိတ်ထဲမှ ကြုံးဝါးလိုက်၏။





နေ့ခင်းထမင်းစားချိန်ကတည်းက ညနေတွင် ဤသို့လုပ်မည်ကို ရွှေရည်တို့ထံ အကြောင်းကြားထားပြီးသားဖြစ်၍ သူတို့သုံးယောက်လည်း ဦးခွန်ထူးနှင့် မလှမ်းမကမ်းခုံတန်းတွင်ထိုင်ကာ ကြည့်နေကြသည်။

ဦးခွန်ထူး ဝေဒနာကို မခံစားနိုင်တော့ဟန်နှင့် ခုံမှထကာ ဒယိမ်းဒယိုင် ဖြစ်နေသည်။ ဆရာတစ်ယောက်က ဖေးမတွဲကူသည်။ ဗလက အရုပ်၏ရင်ဘတ်ကို အားနှင့်ဖိနှိပ်လိုက်ရာ ဦးခွန်ထူး မခံမရပ်နိုင်အောင် နာကျင်သွားပြီး ကျွမ်းထိုးမှောက်ခုံ လဲကျသွားသည်။

ထိုသို့လဲကျသွားသည်ကို ဗလမြင်၍ အချိန်ကိုက်ဆိုသလို အရုပ်၏ ခြေထောက်ကို လိမ်ချိုးလိုက်သည်။

"အား. . အောင်မလေး သေပါပြီဗျ"

ဦးခွန်ထူး၏ နာနာကျင်ကျင်အော်ဟစ်သံက ဆူညံစွာ ပေါ်ထွက်လာ၏။ လူမြင်ကွင်းတွင် အော်ဟစ်လူးလိမ့်နေသည်မို့. . ထိုအဖြစ်အား ကျောင်းရှိလူအကုန် ဝိုင်းကြည့်နေကြသည်။ ဒါကို ကြည့်ပြီး ဗလက အားရကျေနပ်စွာဖြင့်. . .

"ကဲ. . ပွဲသိမ်းပဲကွာ"

ထိုသို့ရေရွတ်ပြီး အရုပ်၏ လည်ပင်းအား ဘယ်ညာလှည့်၍ ချိုးပစ်လိုက်သည်။ မြေပြင်ပေါ် လူးလိမ့်နေသော ဦးခွန်ထူး၏ အခြေအနေကိုကြည့်ပြီး မဟန်တော့မှန်းသိကြသဖြင့် ဝတ်မှုံနှင့် ဆရာများက ဆေးရုံပို့ဖို့ စီစဉ်ရတော့၏။

"ဦးခွန်ထူးတော့ ကိစ္စချောသွားပြီ၊ အားလုံးပါးစပ်ပိတ်ထားဖို့ပဲ လိုတော့တယ်"



www.burmeseclassic.com

www.burmeseclassic.com



အရေးအကြီးဆုံးကိစ္စအား သတိပေးပြီးနောက် စာကျက်ချိန်ရောက်လာသည့်အတွက် ကိုယ့်အဆောင်ကိုယ် ပြန်လာခဲ့ကြသည်။ ညဆယ်နာရီခန့်တွင် ဦးခွန်ထူးဆုံးပြီဆိုသော သတင်းရောက်လာခဲ့သည်။ ထိုသတင်းကြောင့် ကျောင်းအတွင်း တီးတိုးဝေဖန်သံတွေက စာကျက်သံကို လွှမ်းသွားတော့သည်။

နှလုံးထိခိုက်ပြီး ခြေထောက်ကျိုး၍ လည်ပင်းရိုးအဆစ်ပြုတ်ကာ အသက်ဆုံးခဲ့ရသော ဦးခွန်ထူး၏ သေမှုသေခင်းကို ရဲများထုံးစံအတိုင်း လာရောက်စစ်ဆေးကြသည်။ လူမြင်ကွင်း သက်သေအများကြီးရှေ့တွင် ဖြစ်ပျက်ခဲ့သည်မို့ သာမန်သွေးရိုးသားရိုး သေဆုံးမှုဖြစ်စဉ်ဟုသာ သုံးသပ်ခဲ့ကြသည်။

ပထမအစီအရင်တစ်ခု ချွင်းချက်မရှိ အောင်မြင်ခဲ့သည့်အတွက် ဗလရင်ထဲ အပျော်ကြီးပျော်နေမိသည်။ သူ့ဆီမှာ ဝတ်မှုံကို ဦးတည်ထားသော အစီအရင်တစ်ခု ရှိနေသေးသည်။ ဗလ၏ညီလာပို့ပေးထားသော အရုပ်လေးနှင့် အသုံးပြုပုံ ရေးပေးလိုက်သည့် စာရွက်လေးက အဆင်သင့်. . .။

အစီအရင်အတွက် ငါးသောင်းဆိုသော်လည်း အလွန်တန်သည်ဟု ဗလက သတ်မှတ်ထားသည်။ ထိုအစီအရင်ကို အသုံးပြုချင်စိတ်နှင့် လက်ယားနေသည့် ဗလတစ်ယောက် ဦးခွန်ထူး အသုဘချသည့်ရက်အထိ သည်းခံစောင့်ဆိုင်းနေရ၏။

ညဉ့်ဦးပိုင်း စာသင်ချိန်အပြီးတွင် ကျောင်းသူကျောင်းသားများ အိပ်ဆောင်သို့ ပြန်လာခဲ့ကြသည်။ ဗလနှင့်ရဲမိုး အတူတွဲ၍ အဆောင်အပေါ်ထပ်သို့ တက်လာသည်။ အပေါ်ထပ် ကော်ရစ်ဒါ





အရောက်တွင် ထွန်းထားသောမီးများ ဖွင့်လိုက်ပိတ်လိုက်ဖြစ်လာသည်။ မီးပျက်ချင်တာလားဟု တွေးကာ အခန်းသို့ အမြန်ပြန်ခဲ့သည်။

အခန်းထဲတွင် ဘက်ထရီ စာကြည့်မီးအိမ်များရှိ၍ မီးပျက်လည်း ပြဿနာမရှိ။ ထင်သည့်အတိုင်း မီးပျက်သွားသည်။ မီးအိမ်ကိုယ်စီ ဖွင့်လိုက်ကြ၍ အခန်းထဲထိန်လင်းသွား၏။ စာကျက်ဖို့ ဘယ်သူမှ စိတ်မပါကြ၍ ခုတင်ပေါ် လှဲကာ အနားယူနေကြသည်။

ထိုစဉ် ရဲမိုးထလာကာ. .

"အိမ်သာတက်ချင်လို့ အဖော်လိုက်ခဲ့စမ်းပါ"

ရဲမိုးက ဖွတ်ဆွဲခေါ်နေ၍ မတတ်သာတော့ဘဲ ဓာတ်မီးလှမ်းယူကာ ဗလလိုက်လာခဲ့ရသည်။ မီးပျက်နေ၍ စင်္ကြံလမ်းတစ်လျှောက်လုံး အမှောင်ကကြီးစိုးနေသည်။ ဓာတ်မီးကိုယ်စီနှင့် နှစ်ယောက်သား ပခုံးဖက်ကာ သွက်သွက်လျှောက်ခဲ့ကြသည်။

အိမ်သာက အောက်ထပ်အစွန်ဆုံးတွင် ရှိသည်မို့ မအောင့်နိုင်တော့သောရဲမိုး ဖင်လေးလိမ်ကျစ်လိမ်ကျစ်နှင့် မပြေးရုံမတစ်မယ် လျှောက်နေလေ၏။

ယောကျ်ားလေးအိမ်သာခန်းထဲတွင် ရေအိမ်ငါးလုံးရှိသည်။ ဆီးသွားရန် ကြွေခွက်သုံးခွက်နှင့် လက်ဆေးရန် ဘေစင်တစ်စုံရှိ၏။

အရေးပေါ် အခြေအနေရောက်နေသော ရဲမိုးက အနီးဆုံး ရေအိမ်ထဲ ဝင်သွားခဲ့ပြီ။

ခဏအကြာတွင် အပြင်တွင်စောင့်နေသော ဗလ တံခါးဖွင့်သံကြား၍. . ရဲမိုး ကိစ္စပြီးပြီအထင်နှင့် လှည့်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတစ်ယောက် ထွက်လာတာတွေ့၍ တစ်ဖက်သို့လှည့်ကာ အိမ်သာတံခါးမှီရင်း မဝတ်မှုံအကြောင်း စိတ်ကူးယဉ်နေမိသည်။

"ဘုတ်"

ပခုံးပေါ်သို့ ကျရောက်လာသော လက်အေးကြီးတစ်ဖက်ကြောင့် ဗလ လန့်ကာလှည့်ကြည့်မိသည်။

တွေ့လိုက်ရသည်က ဇက်ကျိုးနေသော ဦးခွန်ထူးပင်ဖြစ်သည်။

"အား. . သရဲ. . သရဲ"

ဗလ ထိုနေရာမှ ထွက်ပြေးရလေသည်။

ရဲမိုးလည်း အသံကြား၍ ရေဆေးပြီး အိမ်သာထဲမှပြေးထွက်ရာ. . . နောက်မှ ပုဆိုးစကိုဆွဲထား၍ ပုဆိုးချွတ်ချကာ ပြေးရလေတော့သည်။

ဌ ဌ ဌ ဌ





**နောက်**တစ်နေ့ မနက်စာ,စားသည့်အချိန်တွင် ရဲမိုးနှင့်ဗလ သရဲခြောက်ခံရသောကိစ္စက တစ်ကျောင်းလုံးသိနေကြပြီဖြစ်သည်။ မိန်းကလေးများကလည်း သူတို့အဆောင်မှာ သရဲခြောက်ကြောင်း တစ်ယောက်တစ်မျိုး ပြောဆိုကြသည်။

"နင်တို့ရော သရဲခြောက်ခံရတာပဲလား ရွှေရည်"

"ဟုတ်တယ် ရဲမိုး၊ ခြင်ထောင်ကြိုးတွေ ဖြုတ်ချတယ်၊ စာအုပ်တွေ ခဏခဏ ပြုတ်ကျတယ်၊ အကောင်အထည်တော့ မမြင်ရဘူး၊ ငါတို့ ညညအိပ်မပျော်ဘူး ဖြစ်နေတယ်"

"နင်တို့ ဘာမှမမြင်ရတာ တော်သေးတာပေါ့. . .၊ ငါက ဦးခွန်ထူးကို ကိုယ်တိုင်မြင်ရတာ. . လိပ်ပြာလွင့် မတတ်ပဲ"

တစ်ယောက်တစ်ပေါက်ပြောရင်း အားလုံးထသွားတော့ နေရာတွင် ရဲမိုးတစ်ယောက်တည်း ကျန်ခဲ့သည်။ သူ့ဘေးတွင်မတ်



www.burmeseclassic.com

www.burmeseclassic.com



တတ်လာရပ်သူကို ရဲမိုးလှည့်မကြည့်ပဲ သိလိုက်သည်။

"ရွှေရည် ဘာလို့ရပ်နေတာလဲ လာထိုင်လေ"

ဘေးတွင်ဝင်ထိုင်ရင်း အသည်းပုံ ခေါင်းအုံးသေးသေးလေးကို ရဲမိုးအားပေးကာ. . .

"ငါ အိမ်မှာကတည်းက နင့်ကိုအရမ်းသတိရနေတာ၊ ဒါ ငါဝယ်ထားတဲ့ ခေါင်းအုံးလေး၊ ရဲမိုးကြည့်ပါအုံး မလှဘူးလား"

ရဲမိုးက အောင်နိုင်သူပီပီ ပြုံးကာခေါင်းညိမ့်ပြသည်။

"ငါနင့်ကို အရမ်းချစ်တာပဲ၊ တို့နှစ်ယောက် ဘယ်တော့မှ မခွဲကြကြေးနော်"

ရွှေရည် ရဲမိုးခါးကိုဖက်ကာ အနမ်းပွင့်လေးချွေရင်း ရှက်ရှက်နှင့် ထထွက်သွားသည်။

တစ်ဖက်တွင်လည်း ဗလက မဝတ်မှုံနှင့် နှစ်ယောက်တည်း တွေ့ဆုံခွင့်ကို ပိုပြီးမက်မောနေသည်။

ဒီတော့. . . အရဲစွန့်ပြီး ညဘက် အခန်းပြင်သို့ ထွက်လာခဲ့သည်။ သူ့လက်ထဲတွင် ဦးဒေဝ၏ အစီအရင်အရုပ်လေး ပါလာ၏။

ဦးခွန်ထူးခြောက်၍ ဘယ်သူမှ အပြင်မထွက်ရဲကြသဖြင့် ကော်ရစ်ဒါတွင် လူရှင်းနေသည်။ ညဆယ်နာရီရှိပြီမို့ တချို့လည်း အိပ်နေကြပြီ။ ဗလက အလွတ်ကျက်ထားသော လုပ်နည်းလုပ်ဟန်များအတိုင်း အရုပ်ကို ကျီးကန်းအတောင်တစ်ချောင်းထုတ်ယူကာ ပွတ်သပ်လိုက်သည်။

"မမဝတ်မှုံ အခုချက်ချင်း ကျွန်တော့်ဆီလာခဲ့ပါ"

ခနအကြာတွင် ကော်ရစ်ဒါထောင့်ချိုးမှ အရိပ်မည်းတစ်ခု ထွက်လာတာ လှမ်းမြင်လိုက်ရသဖြင့် ဦးခွန်ထူးအထင်နှင့် ဗလ ထိတ်လန့်သွားသည်။ အရိပ်မည်း၏ ကောက်ကြောင်းက မိန်းမတစ်ယောက်ပုံရိပ်မှန်း သိရတော့ အကြောက်ပြေသွားသည်။ ပီပီပြင်ပြင် မြင်တွေ့လိုက်ရသောအခါ မဝတ်မှုံမှန်းသိပြီး ဝမ်းသာလုံးဆို့သွားရသည်။ အရုပ်ကို အနွေးထည်အတွင်းအိတ်ထဲ ထည့်လိုက်၏။

"ဗလပါလား. . မင်းတစ်ယောက်တည်း ဒီမှာဘာလုပ်နေတာလဲ"

"ဘာရယ် မဟုတ်ပါဘူးမမ. . အိပ်မပျော်လို့ပါ. ."

"အင်း. . မမလည်း အိပ်မပျော်ဘူးဖြစ်နေလို့ ကော်ရစ်ဒါဘက် လမ်းထွက်လျှောက်တာ"

အစပျိုးစကားပြောနေစဉ်မှာပဲ အဆောင်စကြံမှ မီးများ မှိတ်တုတ်မှိတ်တုတ် ဖြစ်လာသည်။ လေမတိုက်ဘဲ အေးစိမ့်သော အထိအတွေ့ကို နှစ်ယောက်သား ခံစားလိုက်ကြရသည်။

ထိုအချိန်မှာ မီးက ဖျတ်ခနဲ ပျက်သွားသည်။

"ဒုက္ခပါပဲ. . မမကြောက်တယ် ဗလ၊ မမအခန်းကို လိုက်ပို့ပေးပါလား"

ဗလက မချိပြုံးလေး ပြုံးရင်း. . .

"ရတယ်လေမမ"

ဖောင်တိန်ဓာတ်မီးနှင့် အမှောင်ထဲလမ်းရှာရင်း အတူထွက်ခဲ့ကြသည်။ မမအခန်းသို့ ရောက်လာတော့. . .

"မီးကလည်း မလာသေးဘူး၊ ဗလ ပြန်တော့မလို့လား၊ မမ ကို မီးလာတဲ့အထိ အဖော်လုပ်ပေးပါလား"







www.burmeseclassic.com

www.burmeseclassic.com



"မမက ရှိစေချင်တယ်ဆိုရင် ကျွန်တော်မပြန်ပါဘူး"

အခန်းထဲဝင်လိုက်သည်နှင့် ဗလရင်ထဲ နတ်ကနားပွဲကနေ သလို ဝုန်းဒိုင်းကျဲသွား၏။ ပတ်ဝန်းကျင်ကလည်း မှောင်မည်းတိတ် ဆိတ်နေသည်။

မီးမလာသေးသော်လည်း ဗလနှင့်ဝတ်မှုံတို့မှာ အလိုတူစွာ ဖြင့် အမှောင်ကမ္ဘာထဲ တိုးဝင်ကြတော့သည်။ တံခါးဝတွင် သူတို့ နှစ်ဦးကိုကြည့်ကာ ကျောက်ရုပ်လိုဖြစ်နေသူက ဦးခွန်ထူးပင်ဖြစ် သည်။

ၕ ၕ ၕ ၕ





ဦးခွန်ထူး၏ ရက်လည်နေ့တွင် ကုသိုလ်ပြုအမျှဝေခဲ့ပြီး နောက် ခြောက်တာလှန့်တာတွေ မကြုံရတော့သဖြင့် အားလုံး ပျော် ရွှင်နေကြသည်။ ကောင်းကောင်းအိပ်စက်ခွင့်ရတာ နှစ်ညရှိခဲ့ပြီ။

မကြာမီ စစ်ဆေးတော့မည့် ဒုတိယအစမ်းအတွက် စိတ် အေးလက်အေး စာကျက်ခွင့်ရသည်မို့ သူတို့အားတက်နေကြ၏။

ထိုအချိန်မှာပဲ တံခါးခေါက်သံ ထွက်ပေါ်လာသည်။

"ဒေါက်. . ဒေါက်. . ဒေါက်"

အမှတ်တမဲ့မို့ အားလုံးလန့်သွားကြသည်။

ဝါနုက အရဲစွန့်ပြီး. .

"ဘယ်သူလဲ"

"အဆောင်မှူးလေ အခန်းစစ်မလို့"

"ဩော်. . ဟုတ်ကဲ့၊ လာပြီရှင့် ခဏလေး"



www.burmeseclassic.com

www.burmeseclassic.com



ဝါနုက လက်ဖက်သုပ်တစ်ဇွန်း ခပ်စားပြီး ခုတင်ပေါ်မှ ဆင်းလိုက်သည်။ အခန်းဝသို့ လျှောက်သွားပြီး တံခါးဖွင့်လိုက်သည့်အခါ ဘယ်သူမှ မတွေ့ရပေ. . ။

"ဘာလဲဟာ. . ဘယ်သူလာနှောက်တာလဲ မသိဘူး"

ဝါနု တံခါးပြန်ပိတ်ရင်း လျှောက်လာစဉ် တံခါးခေါက်သံ ထပ်ပေါ်လာပြန်သည်။ ဒီတစ်ခါတော့ မဖွင့်ရဲတော့. . .

လေအေးများ အခန်းထဲကိုတိုးဝင်လာနေတာကိုသာ ခံစားလိုက်ကြရသည်။ သုံးယောက်သား ကျောချင်းကပ်၍ အခန်းထဲ အလွတ်မပေးဘဲ ကြည့်နေလိုက်သည်။ အခန်းနံရံတွင် ချိတ်ထားသော ရွက်ဆုတ်ပြက္ခဒိန် လှုပ်ရှားလာတာ ရွှေရည် သတိပြုမိလိုက်သည်။

"ပြက္ခဒိန်. . ပြက္ခဒိန်"

ရွှေရည်၏ အထိတ်တလန့်အသံကြောင့် အားလုံးအကြည့်က နံရံမှပြက္ခဒိန်ဆီ ရောက်သွားသည်။ ကြည့်နေစဉ်မှာပင် ပြက္ခဒိန်စာရွက်များကို တစ်ယောက်ယောက်က ဆွဲဆုတ်နေသလို တစ်ရွက်ပြီးတစ်ရွက် ပြုတ်ကျလာတာ တွေ့လိုက်ရသည်။

"ဟင်. . ဘုရား. . ဘုရား"

ဒီဇင်ဘာ လဆန်း(၂)ရက်နေ့ ပြက္ခဒိန်က ရုတ်ခြည်းဆိုသလို (၃၀)ရက်သို့ရောက်သွားသည်။ တစ်နေ့တစ်ရွက်ဆုတ်ရသည့် ပြက္ခဒိန်စာရွက်လေးများလည်း အခန်းထဲ ပြန့်ကျဲကုန်သည်။

"ငါ. . ငါကြောက်တယ်. . ရွှေရည်"

ထိုစဉ် စားပွဲပေါ်စီတင်ထားသောစာအုပ်များ ပြုတ်ကျလာပြန်သည်။ တစ်အုပ်ပြီးတစ်အုပ်ပြုတ်ကျလာသော စာအုပ်များကို





ကြည့်ရင်း ရွှေရည်တို့ တအားကြောက်ရွံ့ထိတ်လန့်လာသဖြင့် အခန်းထဲမှ ထွက်ပြေးဖို့ ကြိုးစားကြသည်။ အခန်းတံခါးက လွယ်လွယ်နှင့် ဖွင့်မရ. .

"ကယ်ပါ. . ကယ်ကြပါ. . သရဲခြောက်နေလို့"

တံခါးကို တဝုန်းဝုန်း ထုနှက်ရင်း အော်ကြဟစ်ကြသောအခါ တံခါးက အလိုလိုပွင့်သွားသည်။

ရွှေရည်တို့ ကော်ရစ်ဒါလမ်းအတိုင်း ပြေးလာကြစဉ်. . မဝတ်မှုံ၏ အခန်းရှေ့အရောက်တွင် တံခါးတစ်ချပ်ပွင့်လာသည်။

အင်္ကျီရင်ဘတ်ဟောင်းလောင်းနှင့် ထွက်လာသူက ဗလ ဖြစ်နေသည်။ ရွှေရည်တို့ အံ့သြသွားကာ ဗလကိုလှမ်းအော်မေးကြသည်။

"ဟဲ့. . ဗလ နင်ဒီအခန်းထဲ ဘာဝင်လုပ်တာလဲ"

အထဲကြည့်တော့ မဝတ်မှုံက ကပိုကရိုနှင့်. .

"ဘာမှမဟုတ်ပါဘူးဟာ. . မမဆီ လာလည်တာပါ"

ပြောပြီးလှည့်ထွက်သွားသော ဗလက သူမဟုတ်သလို ပုံစံနှင့်. . ။

ရွှေရည်တို့လည်း အသံတွေငြိမ်သွားမှ ကိုယ့်အခန်းကိုယ်ပြန်၍ ချောင်းကြည့်ရသည်။ အခန်းထဲဝင်ကာ ခုတင်တစ်လုံးတွင် သုံးယောက်သားပူးပြီး အိပ်ရတော့သည်။ ဗလ ဝတ်မှုံအခန်းထဲဝင်နေ၍ ဦးခွန်ထူး ရွှေရည်တို့ဆီ လာသောင်းကျန်းသွားခြင်းဖြစ်သည်။

၅. ၅. ၅. ၅.



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်. . ဒေါက်. . "

အချိန်မတော်ကြီး တံခါးခေါက်သဖြင့် ရဲမိုး အိပ်နေရာမှ လန့်နိုးသွားသည်။ တံခါးဖွင့်ကြည့်တော့ ဗလ ဖြစ်နေသည်။

"ဟာ. . ဟေ့ကောင် ဘယ်တွေသွားနေတာလဲ"

"ပျင်းလို့ကွာ. . လမ်းထွက်လျှောက်တာ"

ဗလ ပြောပြီး အခန်းထဲဝင်လာကာ ခုတင်ပေါ် အရှိန်နှင့် ပစ်ကာလှဲချလိုက်သည်။

"ဂျွတ်"

အသံကြားမှ လူးလဲထကာ အကျီအိတ်ထဲ စမ်းကြည့်သည်။ အရုပ်ကလေးကတော့ ကျိုးနေလေပြီ. . ။

"ဟာ. . သွားပါပြီကွာ. . . တောက်"

ဗလ အသံကြောင့် မိုးဝေနှင့် အိုက်မောင်းပါ ခုတင်ပေါ်က





ခေါင်းထောင်ကြည့်ကြသည်။

နောက်နေ့တွင် ဝတ်မှုံက ခပ်တည်တည် ဖြစ်နေသဖြင့် ဗလ အတော် စိတ်ဓာတ်ကျသွားသည်။ အရုပ်ကျိုးသွား၍ အစွမ်းမထက်တော့ခြင်းလည်း ဖြစ်သည်။

စကားသွားပြောတော့ အဖက်မလုပ်ချင်သလိုပုံစံဖြင့် ဝတ်မှုံက ဆက်ဆံလိုက်သဖြင့် ဗလ တော်တော်တင်းသွားသည်။

ထိုညမှာပင် အကြံသမားဗလက အားလုံးအိပ်အောင်စောင့်သည်။ သူသိမ်းထားသော မင်(န်)မိုရီစတစ်ကို ထုတ်၍ Laptop ကွန်ပျူတာနှင့် ချိတ်လိုက်သည်။ ပြီးတော့ ကြံစည်ထားသည့်အတိုင်း သူတို့၏ ပုဂ္ဂလိကဘော်ဒါ ကျောင်းဝက်(ဘ်)ဆိုက်ထဲ ဝင်လိုက်သည်။

မစားရသည့်အမဲ သဲနှင့်ပက်သည်ပဲဆိုဆို ဝတ်မှုံ အရှက်တကွဲအကျိုးနည်းဖြစ်အောင်လုပ်ဖို့ သူဆုံးဖြတ်ထားပြီး ဖြစ်သည်။

ဝတ်မှုံနှင့် ဦးခွန်ထူးတို့၏ ရမ္မက်ပြိုင်ပွဲဗီဒီယိုကို အင်တာနက်ပေါ် တင်ပေးလိုက်သည်။ လုပ်ငန်းအဝဝ ပြီးဆုံးသွားတော့မှ ဗလ ရင်ထဲကဒေါသတွေ ပြေပျောက်သွားကာ အိပ်ရာဝင်နိုင်ခဲ့တော့၏။





www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၈ )

ကျောင်းအုပ်ချုပ်ရေးအဖွဲ့က သံဃာအပါးနှစ်ဆယ် ပင့်ကာ ဘုရားအနေကဇာတင်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်ခြင်း၊ မေတ္တာပို့အမျှဝေခြင်းများ ဆောင်ရွက်ကြသည်။ ကျောင်းမှအဆောင်တိုင်း အခန်းတိုင်းတွင်လည်း ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ရေများနှင့် အကာအကွယ် အဟန့်အတားများ ပြုလုပ်ပေးသည်။

ကျောင်းသူကျောင်းသားများကြားတွင် စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုများ ရရှိခံစားသွားကြရသဖြင့် အုပ်ချုပ်ရေးအဖွဲ့၏ [illegible]အစဉ်



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်သည်ဟုပင် ဆိုရမည်။

သူတို့၏ မျက်နှာပေါ်တွင် အတန်ကြာပျောက်ဆုံးနေခဲ့သည့် အပြုံးအပျော်လေးများကို တွေ့လာရသည်။ ပြောဟယ်ဆိုဟယ် နောက်ပြောင်ဟယ်နှင့် လူငယ်စရိုက် ပြန်ပေါ်လာသည်။

သံဃာတော်များပြန်သွားပြီး ဥက္ကဋ္ဌက အင်တာနက်တွင် လောလောဆယ်ပျံ့နှံ့နေသော ဗီဒီယိုဖိုင်တစ်ခုကို တီဗွီတွင် ဖွင့်ပြလိုက်သည်။ ပထမတော့ ဘာတွေပြနေမှန်းမသိကြ၊ ဝတ်မှုံ တစ်ယောက်သာ ပြုံးပြုံးပျာပျာ ဖြစ်သွားသည်။

နှစ်မိနစ်ခန့်အကြာမှာတော့ ပုံရိပ်များကို ပြတ်ပြတ်သားသား တွေ့မြင်မှတ်မိသွားကြ၏။ ဝတ်မှုံ ဘာလုပ်ရမှန်း မသိတော့။ အရှက်တကွဲအကျိုးနည်း ဖြစ်ရပြီမို့ ဘယ်သူ့မျက်နှာကိုမှ မကြည့်ရဲအောင် ဖြစ်သွားရသည်။

ဥက္ကဋ္ဌက ပြီးဆုံးသည်အထိ ပြမနေတော့ဘဲ ပိတ်လိုက်ပြီး လည်ချောင်းရှင်းသည်။

"အဟမ်း. . အဟမ်း"

အဖွဲ့ဝင်များ ဝန်ထမ်းများအားလုံး တီးတိုးသံများ ထွက်လာကာ ဝတ်မှုံကို ဝိုင်းပြီးကွက်ကြည့်ကွက်ကြည့် လုပ်နေကြ၏။ တချို့က အထင်သေးသော အကြည့်နှင့်၊ တချို့ကတော့ သနားသောအကြည့်များနှင့် ကြည့်ကြသည်။

ဝတ်မှုံတစ်ယောက် ဒီနေရာမှာပဲ မြေမျိုသွားပါစေတော့ဟု ဆုတောင်းနေမိသည်။ ရှက်စိတ်၊ ကျေကွဲနာကြည်းစိတ်များနှင့် အောက်နှုတ်ခမ်းကို တင်းတင်းကိုက်ရင်း မျက်ရည်များ ပိုးပိုးပေါက်





ပေါက်ကျလာသည်။

"အဟမ်. . အဟမ်း. . ဘယ်သူမပြု မိမိမှု ဆိုသလို ဒီကိစ္စက အင်တာနက်မှာ ပျံ့သွားပြီဆိုတော့ ကျောင်းရဲ့ပုံရိပ်ကို အများကြီးထိခိုက်သွားပါပြီ၊ ဒီတော့ ဝတ်မှုံ လက်ရှိတာဝန်က ကိုယ့်ဘာသာနှုတ်ထွက်သွားပါလို့ အကြံပေးပါရစေ"

အဖွဲ့ဝင်များထံမှ ထောက်ခံပြောဆိုမှုများ တီးတိုးထွက်ပေါ်လာပြန်သည်။ ဝတ်မှုံမှာ ပါးစပ်ဆယ်ပေါက်ရှိလျှင်တောင်မှ ပြန်ပြောစရာစကား မရှိတော့. .

သိမ်ငယ်စိတ်နှင့် မျက်နှာအောက်ချကာ ရုံးခန်းထဲမှ ထွက်လာခဲ့သည်။ သူ့မျက်ရည်ပေါက်ကို သူကိုယ်တိုင် တက်နင်းပြီး အခန်းထဲမှ ပစ္စည်းများကိုပင် မယူတော့ဘဲ ကျောင်းဝင်းထဲမှ အပြီးထွက်လာခဲ့တော့၏။

ဒါဘယ်သူ့လက်ချက်လည်းဆိုတာ ဝတ်မှုံ ကောင်းကောင်းသိသည်။ သူမ၏ လူရာဝင်မှု ပြီးဆုံးသွားပြီဆိုတာ သိရ၍ သူ့ဘဝရပ်တည်မှု ဘယ်လိုဆက်စခန်းသွားရမလဲဟု တွေးရင်း. . ဆောက်တည်ရာမဲ့သလို ခံစားရသည်။

လင်သားဖြစ်သူ ကိုမြင့်အောင်က ရိုးရိုးအအကြီးမို့ အင်တာနက်တွေဘာတွေ ဖွင့်ကြည့်မှာမဟုတ်ဟုသာ စိတ်ကိုတင်းထားရတော့သည်။

ဝတ်မှုံ ပြန်လာတာကို အပျော်ကြီးပျော်နေသူက ကိုမြင့်အောင်သာဖြစ်သည်။ သူ့ပုံစံမြင်ပြီး အင်တာနက်ကိစ္စ ဘာမှမသိသေးတာ အထင်အရှားမို့ ဝတ်မှုံ အနည်းငယ်စိတ်အေးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရင်ဘတ်တွင် ချိန်ကိုက်ဗုံးချိတ်ထားရသည့် အသေခံဗုံးခွဲသူတစ်ယောက်လို အချိန်ပြည့်စိုးရိမ်နေရခြင်းက စိတ်ပင်ပန်းလွန်းလှသည်။ လုံခြုံစိတ်ချရသော စိတ်ကျေနပ်မှုကို မခံစားရ. . .။

စိတ်သက်သာရာရအောင် အိမ်မှုကိစ္စတွေလုပ်ရင်း လင်သားအတွက် အချိန်တွေပုံပေးထားလိုက်သည်။ ကိုမြင့်အောင်မျက်နှာ ပြုံးရွှင်နေသမျှ သူအသက်ဆက်ခွင့်ရနေမည့်သဘော ဖြစ်နေ၍ လင်သား၏မျက်နှာကို မှန်လိုကြည့်နေခဲ့ရသည်။ ထိုသို့ လုံခြုံစိတ်ချကျေနပ်နေရသော နေ့ရက်များက လွန်စွာမှ နည်းလွန်းလှသည်။

တစ်ရက်မှာ ကိုမြင့်အောင် လိမ္မော်ခြံထဲ သံဃာတော်များပင့်၍ အလှူလုပ်သည်။ ထိုအလှူသို့ ဝတ်မှုံမသွားခဲ့ပေ. . ။

ဆရာတော်မှ ရေစက်ချအပြီး ကိုမြင့်အောင်ကို လှမ်းခေါ်၍ ပရိတ်ရေတိုက်လိုက်သည်။ ထိုအချိန်မှစ၍ ကိုမြင့်အောင်၏စိတ်မှာ နဂိုပုံမှန်အတိုင်း ပြန်ဖြစ်သွားသည်။

အလှူအပြီးတွင် တပည့်တစ်ယောက်က အင်တာနက်ပေါ်မှ ဗီဒီယိုဖိုင်ကို လာပြလေသည်။ ထို့ပြင် ဝတ်မှုံကိုလည်း ကျောင်းမှ အလုပ်ထုတ်လိုက်ပြီဖြစ်ကြောင်းပြောလေရာ ကိုမြင့်အောင် အတော်ရှက်သွားပြီး မျက်နှာကြီးနီရဲကာ အိမ်သို့ဒုန်းစိုင်းပြန်လာတော့သည်။

"ဝတ်မှုံ. . ဝတ်မှုံ. . မင်းဘယ်မှာလဲ"

အိမ်ရှေ့မှ အဆက်မပြတ်အော်ခေါ်ရင်း ဝုန်းဒိုင်းကျဲကာ အိမ်ပေါ်တက်လာသော ကိုမြင့်အောင်၏အမူအရာကြောင့် ဝတ်မှုံရင်တုန်သွား၏။ နှစ်ယောက်သား မျက်နှာချင်းဆိုင်မိသောအခါ သူမအရိပ်လိုကြည့်နေခဲ့သော မှန်ကလေး ကွဲသွားပြီဆိုတာ သိလိုက်ရ





သည်။

"မင်း. . မင်း. . အနေအထိုင် ပက်စက်လှချည်လား၊ မင်းဘာကြောင့် အိမ်ပြန်ရောက်လာသလဲဆိုတာ ငါသိသွားပြီ"

"ကိုအောင် ဘာတွေပြောနေတာလဲ"

"ဝတ်မှုံ နင့်ရဲ့မာယာတွေကို ရပ်တန်းကရပ်လိုက်တော့၊ တစ်မြို့လုံး နင့်အကြောင်းသိပြီးမှ ငါက သိရတာလေ၊ လယ်မထွန်မြက်မစားပေမယ့်. . ငါက နွားကွ. . နွားလုံးလုံးဖြစ်သွားပြီ"

"ကိုအောင်ရယ် ဘာပြဿနာဖြစ်လာလို့လဲ ဝတ်မှုံနားလည်အောင် ရှင်းပြပါဦး"

ဝတ်မှုံက ရိုးသားချင်ယောင်ဆောင်ကာ မျက်နှာသေလေးနှင့် မေးသည်။ ကိုမြင့်အောင် ပို၍ပေါက်ကွဲသွားသည်။

"မင်းနဲ့ခွန်ထူးဆိုတဲ့ကောင် ဖြစ်ချင်တိုင်းဖြစ်နေကြတဲ့ အခွေကို ငါကြည့်ပြီးသွားပြီ၊ အဲဒီအကောင်သေသွားလို့ နင်. . ငါ့ဆီ ပြန်လာခဲ့တာ မဟုတ်လား၊ နင့်တစ်ကိုယ်လုံး ရမ္မက်တွေဖုံးနေတာပဲ မဟုတ်လား၊ ရွံတယ်. . အဲလိုမိန်းမမျိုးကို ငါရွံတယ်"

အခြေအနေက ပြောင်ငြင်းလို့ရတော့မှာ မဟုတ်ကြောင်း ဝတ်မှုံ ကောင်းကောင်းသဘောပေါက်လိုက်၏။ ပြောင်ငြင်းလို့ မရတော့ ပေါ်တင်ဝန်ချတောင်းပန်ဖို့သာ ရှိတော့သည်မဟုတ်လား. . ဝတ်မှုံ သိက္ခာနှင့်မာနကို ခဝါချ၍ ဒူးထောက်ပြီး ကိုမြင့်အောင်၏ ခြေထောက်ကိုဖက်ကာ တောင်းပန်တော့သည်။

"ကျွန်မ. . ကျွန်မ. . မဆင်ခြင်မိလို့ တစ်ကြိမ်တစ်ခါ မိုက်မဲမှားမိတာကို ခွင့်လွှတ်ပေးပါ ကိုအောင်ရယ်. . နော်. . ကိုအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ. . ခွင့်လွှတ်ပေးရမယ် ဟုတ်လား၊ လှေကြီးပေါ်မှာ လှေငယ်တင်ပြီး ဖေါက်ပြန်တဲ့မိန်းမကို ဘာကိစ္စခွင့်လွှတ်ရမှာလဲ"

"ကိုအောင်ရယ် ဒီနေ့ဒီအချိန်ကစပြီး အဲသလို ထပ်မှားမယ်ဆိုရင် ကျွန်မကို သတ်ပစ်လိုက်ပါ ကိုအောင်ရယ်"

"တော်စမ်းပါဟာ၊ နင့်လိုအောက်တန်းကျတဲ့မိန်းမကို ခုချက်ချင်းသတ်ပစ်ချင်တာ. . သိလား"

"ဒါဆိုလည်း သတ်လိုက်ပါ ကိုအောင်ရယ်၊ ခုပဲသတ်လိုက်ပါတော့"

ဝတ်မှုံ မာယာတွေသုံးရတော့သည်။ ကိုမြင့်အောင်လည်း ဒေါသထွက်ထွက်နှင့် ဖနောင့်နှင့်ပေါက်တော့သည်။

"အား. . အမလေး သေပါပြီ၊ နောက်မလုပ်တော့ပါဘူး ကိုအောင်ရယ်"

အားရအောင် ရိုက်နှက်ပြီးမှ. . .

"မင်း. . ငါ့ အိမ်ပေါ်ကဆင်းတော့. . ၊ မင်းမျက်နှာကို ငါ မမြင်ချင်တော့ဘူး"

"ကျွန်မ မဆင်းပရစေနဲ့ ကိုအောင်ရယ်၊ ကျွန်မ ဘယ်သူ့သွားအားကိုးရမှာလဲ. . ဟင့်. . ဟင်"

တစ်ကိုယ်လုံး အညိုအမဲစွဲနေသော ဝတ်မှုံ ချုံးပွဲချငိုတော့သည်။

"ငါ့ကို ကိုအောင်လို့ လာမခေါ်နဲ့. ."

ကိုမြင့်အောင်ပြောပြီး အခန်းထဲသို့ဝင်သွားလေသည်။

ဝတ်မှုံလည်း အံ့ဩမဆုံး၊ ကိုမြင့်အောင်အပေါ် လုပ်ထား





သောအပင်းက ပျက်ပြယ်ပြီလား၊ လိမ္မော်ခြံတွင် အလျှုလုပ်သောနေ့မှ ကိုမြင့်အောင်အပေါ် သူပြောသမျှ မအောင်မြင်တော့ခြင်းက ထူးဆန်းလို့နေသည်။

ဧည့်ခန်းထဲတွင်ထိုင်နေသော အဘွားက ဘာမှဝင်မပြောသော်လည်း သူမကြည့်ပြီး ပြုံးနေတာ တွေ့လိုက်ရသဖြင့် အံ့ဩသွားရပြန်သည်။

အဘွားကြီးပါးစပ်ကို ဆေးနှင့်ပိတ်ထားတာ ခုထိအသက်ဝင် အသုံးတည့်နေသေးသော်လည်း စိတ်ကို ထိန်းချုပ်လို့တော့မရ၊ ဒါကြောင့်လည်း သူမဒုက္ခရောက်တာကိုကြည့်ပြီး အဘွားကြီးပြုံးခြင်းဖြစ်ပေလိမ့်သည်ဟုသာ မှတ်ယူလိုက်သည်။

ဒီအချိန်မှာ သူ့ကိုအရေးလုပ်နေဖို့ အချိန်မရှိ၊ ကိုမြင့်အောင်၏ဒေါသတွေ လျော့ပါးသွားအောင်လုပ်ပေးမှ သူမအနေချောင်မည်ဖြစ်သည်။ ထို့နောက် ဝတ်မှုံလည်း နောင်ခမ်းရွာသို့ ဆိုင်ကယ်နှင့်ထွက်လာခဲ့တော့၏။

၆. ၆. ၆. ၆.



www.burmeseclassic.com

www.burmeseclassic.com



"ဒီအစီအရင်က ရှုးသွပ်ပြီး စိတ်ဖောက်ပြန်စေတဲ့ အစီအရင်ပဲ. ."

ဆရာကြီး ဦးဒေဝထံမှ အစီအရင်တစ်ခုနှင့် ဆေးဝါးများ ရရှိလာပြီးနောက် ဝတ်မှုံစိတ်တွေ ပြန်လည်တည်ငြိမ်လာခဲ့၏။

သူပြန်လာတော့ ကိုမြင့်အောင်က အခန်းထဲတွင် အိပ်ပျော်နေဆဲ. .

ဦးဒေဝ ပေးလိုက်သောအင်းများကို ကိုမြင့်အောင်အိပ်သည့်ဘက်မှ မွေ့ရာအောက်တွင် ထားလိုက်သည်။ အပင်းဆေးကို ဟင်းထဲ ခတ်ထားလိုက်ပြန်သည်။

နောက်တစ်နေ့ နေ့လယ်တွင် ခြံထဲမှာ အလုပ်သမားများက ကိုမြင့်အောင် မူးရူးပြီး တောရှင်းသည့်ဓားနှင့် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားကြောင်း ဖုန်းဆက်သတင်းပို့တော့၏။





အပူရှပ်ပေါ်အောင် ဟန်လုပ်သရုပ်ဆောင်ရင်း လိမ္မော်ခြံသို့ ဝတ်မှုံရောက်သည့်အခါ ရဲမျှား ရောက်နှင့်နေပြီဖြစ်သည်။ ခြံအလုပ်သမားများ၏ ထွက်ဆိုချက်နှင့် အခုမှ ငိုကြီးချက်မနှင့် အပြေးအလွှားရောက်လာသော ဝတ်မှုံမှာ ရဲမျှား၏အမြင်တွင် အပြစ်ကင်းစင်နေတော့သည်။

ရဲမျှား တားမြစ်ထားသဖြင့် အလောင်းကို ဖက်ငိုခွင့် မရသောဝတ်မှုံမှာ မြေပြင်တွင် လူးလိမ့်၍ ငိုတော့သည်။ သတိများပင် လစ်သွားသေး၏။

ကိုမြင့်အောင် ဆုံးသွားကြောင်း အလုပ်သမားများ အကြောင်းကြားမှ ဘော်ဒါမှ ရဲမိုး သိရသည်။

ရဲမိုးပြန်လာကာ တာဝန်ရှိသမျှတို့ကို သူတစ်ယောက်တည်း လုပ်ဆောင်နေရသဖြင့် ဒုတိယလပတ်စာမေးပွဲကိုပင် ဖြေဖြစ်တော့မည်မဟုတ်။ ရက်လည်ကိစ္စ ပြီးသွားမှသာ ရဲမိုးနှင့်ဝတ်မှုံ စကားပြောဖြစ်တော့သည်။ ပြီးနောက် သူတို့အားလုံး လိမ္မော်ခြံထဲမှအိမ်ကြီးသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

ရဲမိုးတစ်ယောက်တည်း ခြံထဲလျှောက်သွားရင်း သီးနှံများ အခြေအနေကို စူးစမ်းလေ့လာနေလိုက်သည်။ ရှုမဆုံးသည့် တစ်မျှော်တစ်ခေါ် လိမ္မော်ပင်တန်း၊ လတ်ဆတ်သည့် လေပြေညင်းနှင့် အေးမြသောလေထု၏ အငွေ့အသက်ကို ခံစားနေရသော်လည်း ငြိမ်းချမ်းမှုကို မခံစားရ. .။

တဟူးဟူးတိုက်ခတ်နေသောလေက သူ့အတွေးတွေကို ပိုမို ဖရဲဖြစ်အောင် လုပ်နေသလားဟုပင် ထင်မိသည်။ ရဲမိုး သည်ပြင်း



www.burmeseclassic.com

www.burmeseclassic.com



မှတ်ထုတ်လိုက်တော့ အခိုးအငွေ့များ တိုးထွက်လာကာ မြူခိုးငွေ့တို့နှင့် ရောယှက်ပေါင်းစပ်သွားသည်။

စိုက်ခင်းမှ အပင်များကို မျှော်ကြည့်နေခိုက် ဝတ်မှုံရောက်လာပြီး. . .

"ဘာတွေ စဉ်းစားနေတာလဲ ရဲမိုး"

"ဒီလိုပါပဲ. . အနာဂတ်လမ်းကြောင်း ရွေးနေတာပါ. .၊ ကျွန်တော် ကျောင်းဆက်မတက်တော့ဘူး၊ ခြံအလုပ်ပဲ ဦးစီးတော့မယ်၊ အင်း. . အစ်ကိုက ရုတ်တရက်ဆုံးတာဆိုတော့ အမွေခွဲဖို့တောင် စီစဉ်နိုင်ခဲ့မယ် မထင်ဘူးနော်"

"မင်းအစ်ကိုနဲ့မမက တရားဝင်လင်မယားတွေလေ လင်ပိုင်ဆိုင်သမျှ မယားဆက်ခံရမှာပေါ့"

"အစ်ကိုပိုင်တာဆိုရင်တော့ ဟုတ်တာပေါ့. .၊ အခုဟာက အဘွား ပိုင်တာလေ၊ အဘွားက အမွေတောင် မပေးရသေးဘူး. . အကုန်လုံး အဘွားရဲ့နာမည်တွေနဲ့ချည်းပဲ"

အခုမှကြားဖူးသော အကြောင်းအရာသစ်ကြောင့် ဝတ်မှုံအထိတ်တလန့် ဖြစ်သွားရသည်။

ဒီလိုတွေဖြစ်လာလိမ့်မည်ဟု မထင်မိသဖြင့် ပိုင်ဆိုင်မှုကိစ္စတွေကို ဝတ်မှုံ တစ်ခါမှမစပ်စုဘူးခဲ့၊ ထိုဟာကွက်ကို ပြင်ဆင်ဖို့ အချိန်မရတော့. . .။

ရဲမိုးက. .

"ပြီးတော့လည်း အချိန်မတန်သေးဘဲနဲ့ အစ်ကိုခုလိုပုံစံနဲ့ လောကထဲကထွက်သွားရတာ ဘာကြောင့်များလဲလို့. . ပုံမှန်မဟုတ်





ဘူးလို့ ကျွန်တော်သံသယဖြစ်မိတယ်. ."

ဝတ်မှုံ လှည့်ပြန်သွား၍ ထိုနေရာမှာ ရဲမိုး တစ်ယောက်တည်း ကျန်ခဲ့သည်။ အစ်ကိုမရှိတော့သော်လည်း လိမ္မော်သီးများကတော့ သီးနေဆဲပင်. . .။

၎ ၎ ၎ ၎



www.burmeseclassic.com

www.burmeseclassic.com



**အေး**မြသည့်ရာသီဥတုကြောင့် အိပ်လို့ကောင်းသော်လည်း ဆီးခဏခဏသွားရသော ဒုက္ခကို ရဲမိုးမနှစ်သက်၊ အောင့်ထား၍လဲ မရသောကြောင့် ရဲမိုး သန်းခေါင်ကျော်တွင် အိပ်ရာမှ ထခဲ့ရပြန်သည်။ လိမ္မော်ခြံထဲက အိမ်သာကလည်း အိမ်အပြင်ခပ်လှမ်းလှမ်းမှာ ရောက်နေသည်မို့ အိမ်ပြင်ထွက်၍ အနီးဆုံးအပင်အောက်မှာပင် ကိစ္စရှင်းလိုက်သည်။

အပေါ့သွားရင်း ဟိုဒီကြည့်မိစဉ် မက်မန်းသီးဆားရေစိမ် ဂိုဒေါင်ဘက်ဆီမှ မီးလင်းနေတာ လှမ်းမြင်မိသည်။ ထိုဂိုဒေါင်ထဲမှ ဝတ်မှုံထွက်လာတာမြင်တော့ အံ့သြပြီး အပင်ကွယ်က ချောင်းနေလိုက်သည်။ ညကြီးသန်းခေါင် ဂိုဒေါင်ထဲ သူမ ဘာသွားလုပ်တာလဲ။

တွေးနေလို့ အဖြေပေါ်မှာမဟုတ်သလို အပြင်မှာ အရမ်းအေးနေသည့်အတွက် အိမ်ထဲပြန်ဝင်လာခဲ့သည်။





ဒီကိစ္စ မနက်ကျမှသွားကြည့်မည်ဟု ဆုံးဖြတ်ပြီး ပြန်အိပ်လိုက်သည်။ တစ်ညလုံး အိပ်မက်ဆိုးများမက်နေ၍ ကောင်းကောင်းအိပ်မပျော်ခဲ့သော်လည်း ရဲမိုး စောစီးစွာပင် နိုးလာ၏။

မျက်နှာသစ်ပြီး စားဖိုဆောင်ထဲ ဝင်လာတော့. . အေးအေးဆေးဆေး ခေါပုတ်ကြော်စားကာ ရေနွေးကြမ်းသောက်နေသော အဘွားကို တွေ့သည်။

"အဘွားက အစောကြီးနိုးနေတာကိုး"

အဘွားက ဘာမှပြန်မပြောသလို ပြုံးလည်းပြုံးမပြ၊ ရဲမိုးကို အရေးမလုပ်သော်လည်း သူ့ပေါင်ပေါ်က ကြောင်လေးကိုတော့ တယုတယ ပွတ်သပ်ပေးကာ. . ပွေ့ချီရင်း ဖြည်းဖြည်းညင်သာစွာ ထွက်သွားတော့သည်။

အဘွားပုံစံပြောင်းသွား၍ ရဲမိုးပိုပြီး သံသယဝင်နေခြင်းဖြစ်၏။ အဘွားကို ဝတ်မှုံ ခြိမ်းခြောက်ထားသလား၊ တစ်ခုခုလုပ်ထားသလား မပြောတတ်၊ ယခင်ကဆိုလျှင် အဘွားက ဖက်လဲတကင်းနှင့် ရဲမိုးစားချင်တာမှန်သမျှ လုပ်ကျွေးလေ့ရှိသည်။ ခုလို အေးတိအေးစက် မတုန်မလှုပ်ပုံစံက အဘွား၏ ပုံစံမဟုတ်. . .

ရဲမိုး ခေါပုတ်ကြော်စားကာ ကော်ဖီမစ်ဖျော်သောက်ရင်း ညက ဝတ်မှုံ မက်မန်းသီးဆားရည်စိမ် ဂိုဒေါင်ထဲမှ ထွက်လာတာ သတိရသွားသည်။ သို့နှင့် ဂိုဒေါင်ထဲဝင်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ကော်ဖီလက်ကျန်ကို အပြတ်မော့၍ ရဲမိုး ဂိုဒေါင်သို့ထွက်လာခဲ့သည်။ ဒီမနက် ဝတ်မှုံကို လုံးဝမတွေ့မိသေး. .



www.burmeseclassic.com

www.burmeseclassic.com



ဂိုဒေါင်တံခါး တွန်းဖွင့်ပြီး အထဲသို့ ရဲမိုး ဝင်လာခဲ့သည်။ မြောက်မြားလှသော ရာဝင်အိုးကြီးများကို တစ်စီတစ်တန်းကြီး မြင်တွေ့ရသည်။ တစ်လှမ်းချင်းလျှောက်ရင်း စဥ့်အိုးများကို စစ်ဆေးကြည့်သည်။ ဂိုဒေါင်အလယ်လောက်တွင် ကွက်လပ်တစ်ခု ဖြစ်နေသည်။

စဥ့်အိုးတွေမရှိသည့် ထိုနေရာတွင် တစ်ပေမရှိတရှိ သေတ္တာအသေးလေးခြောက်လုံးကို စက်ဝိုင်းပုံစီထားတာ တွေ့ရ၍ အံ့သြသွားသည်။ ရဲမိုး ထိုနေရာမှာ ဒူးထောက်ထိုင်လိုက်ရင်း သေတ္တာလေးတစ်ခုကိုကောက်ယူကာ ဖွင့်ကြည့်မည်အပြု. .

"ရဲမိုးရေ. . ရဲမိုး. ."

အသံက ဂိုဒေါင်အပေါက်ဝမှ ဖြစ်သည်။ သေတ္တာလေးကို ပြန်ချကာ ဂိုဒေါင်ထဲမှ ထွက်လာလိုက်သည်။

"မင်း. . ဒီအထဲ ဘာဝင်လုပ်တာလဲ ရဲမိုး"

"မရောက်တာကြာလို့ ဝင်ကြည့်တာပါဗျာ"

ဘုကြည့်ကြည့်ကာ ဝတ်မှုံရှေ့မှ ထွက်လာလိုက်သည်။

ရဲမိုး ဖွင့်မကြည့်လိုက်မိသော သေတ္တာလေး တစ်ခုစီတွင် လူရုပ်တစ်ရုပ်စီ ရှိနေသည်။ သေတ္တာ၏ အတွင်းဘောင်တွင်လည်း နာမည်တွေ ထိုးထား၏။ ရဲမိုးကိုင်ကြည့်သောသေတ္တာတွင် ထိုးထားသည့်နာမည်က ဗလ ဖြစ်သည်။

နောက်သေတ္တာများတွင်တော့ အိုက်မောင်း၊ ရဲမိုး၊ ရွှေရည်၊ ဝါနု၊ နန်းမူ စသည့်နာမည်များ အသီးသီးထိုးထားသည်။ သူတို့ခြောက်ယောက်အုပ်စုကို တန်ပြန်လက်စားချေဖို့ အစီအရင်တွေ





လုပ်ထားခြင်းဖြစ်သည်။

ဝတ်မှုံ. . အဝေးရောက်သွားသော ရဲမိုးကျောပြင်ကို ကြည့်ရင်း. . .


"နင်တို့အားလုံး ဒီခြံထဲမှာလာပြီး သေရလိမ့်မယ်"





www.burmeseclassic.com

www.burmeseclassic.com







## အခန်း ( ၉ )

ရွှေရည်တို့ငါးယောက် တုတ်တုတ်တစ်စီးနှင့် ရဲမိုးရှိနေမည့် လိမ္မော်ခြံသို့ ထွက်လာကြသည်။ ဒုတိယအစမ်းစာမေးပွဲအပြီးတွင် ဒီဇင်ဘာကျောင်းပိတ်ရက်အဖြစ် နှစ်ညအိပ်သုံးရက် အိမ်ပြန်ခွင့် ရထားကြသည်။ ရဲမိုးအစ်ကို ဆုံးသွားသည့်ကိစ္စ သတင်းမေးကြရန်နှင့် ရဲမိုးကို ကျောင်းပြန်တက်ဖို့ စည်းရုံးကြရန် ထွက်လာကြခြင်းလည်း ဖြစ်သည်။

ဝါနုက ရဲမိုး ဖုန်းကို လှမ်း၍ဆက်သွယ်သည်။ လိုင်းမမိ၍



www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ကြိမ်ဆက်ရင်း ဝါနုစိတ်တိုနေသည်။

"တောက်!. . ဖုန်းတွေကလည်း ခေါ်လို့ကိုမရဘူးဟာ. . "

"မရလည်း ဆက်မနေနဲ့ တော်ကြာရောက်တော့မှာပဲ"

အိုက်မောင်းက ဝါနုအား စူးစူးရဲရဲကြည့်ရင်း ပြောသည်။

"ရဲမိုးနဲ့ကတော့ ပြဿနာမရှိဘူး၊ ဒါပေမယ့် မဝတ်မှုံက ငါတို့လာတာကို ကောင်းကောင်းကြိုဆိုပါ့မလား. . "

"အင်း. . . သိပ်တော့မထင်ဘူး၊ သူ အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး အလုပ်ကထွက်သွားရတာ ငါတို့ပယောဂ မကင်းဘူးလို့ သူယူဆထားမှာပဲ. . "

ထိုစဉ် လမ်းကလည်းကြမ်းသဖြင့် တုတ်တုတ်ဘီးပေါက်တော့သည်။ တုတ်တုတ်ပေါ်မှ စိတ်ပျက်စွာ အကုန်ဆင်းကြရသည်။ တာယာကွဲသွားသဖြင့် တုတ်တုတ်မောင်းသူလည်း ငုတ်တုတ်ထိုင်နေရသည်။ ဗလကပဲ ဦးဆောင်ကာ. . .

"ဒါဆို ရဲမိုးအိမ်ကို ငါတို့လမ်းလျှောက်ကြတာပေါ့၊ လိမ္မော်ခြံကို ဘယ်သူမှတော့ မရောက်ဖူးကြဘူး၊ ဒီလမ်းအတိုင်းလျှောက်ရင်း လူတွေ့ရင် မေးကြတာပေါ့ကွာ"

အားလုံးအထုပ်အပိုးများ ကိုယ်စီလွယ်ကာ စကားတပြောပြောနှင့် လမ်းလျှောက်လာခဲ့ကြသည်။

ကြီးမားလှသော ညောင်ပင်ကြီးတစ်ပင်နား အရောက်တွင် ညောင်ပင်အကွယ်မှ ရဲမိုးခုန်ထွက်လာလေသည်။

"ဟင်. . ဟိုမှာ ရဲမိုးဟေ့"

"ဟေ့ကောင်. . ရဲမိုး၊ မင်း ငါတို့လာမယ်မှန်းသိလို့ ထွက်ကြိုနေတာလား"





ဗလက ဝမ်းသာအားရ ပြေးဖက်ရင်းပြောလိုက်သည်။

ရဲမိုးကပြုံးရင်း. .

"အဲဒီလိုပဲ ဆိုရမှာပေါ့ကွာ"

ရွှေရည်ကလည်း ရဲမိုးကိုပြေးဖက်သည်။

"နင်တော်တော် ပိန်သွားတယ်နော်"

"အေးပေါ့ဟာ. . စိတ်ထောင်းတော့ ကိုယ်ကြေပေါ့"

ထိုစဉ် မြင်းလှည်းတစ်စီးလာ၍ ဗလလှမ်းတားလိုက်သည်။

"လိမ္မော်ခြံကိုသွားမလို့"

"တစ်ယောက် နှစ်ရာပဲပေးပါ"

"ဟာ. . ရဲမိုး မင်းတို့ဒေသက ဈေးအတော်ပေါပါလား"

မြင်းလှည်းပေါ် ကျောပိုးအိတ်ကို တင်ရင်း ဗလလှမ်းပြောလိုက်သည်။ မြင်းလှည်းသမားက ဗလ ဘယ်သူ့ကို ပြောနေတာလဲ ဆိုသောအကြည့်ဖြင့် ကြောင်ကြည့်နေ၏။

ဗလ နောက်လှည့်ကြည့်တော့ ရဲမိုးမရှိတော့. . ရဲမိုးက မြင်းလှည်းပေါ်ပင် ရောက်နေလေပြီ။

"ဟာ. . မင်းကတော့ နောက်ပြီကွာ"

ဗလ ခုန်တက်လိုက်သည်နှင့် မြင်းလှည်းလည်း စရုန်းကာ ထွက်လေတော့သည်။

သိပ်မကြာခင်မှာပင် ရဲမိုးတို့ခြံဝသို့ ရောက်လာသည်။

ရဲမိုး၊ ဗလ၊ အိုက်မောင်း၊ ရွှေရည်၊ ဝါနု၊ နန်းမူ ခြောက်ယောက်မို့ ဗလက (၁၂၀၀) ထုတ်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းသမားက သူတို့အုပ်စုကိုတစ်လှည့် ပိုက်ဆံကို တစ်လှည့်ကြည့်ပြီး (၁၀၀၀)ပဲယူကာ နှစ်ရာပြန်ပေးလေသည်။

ဗလလည်းကြောင်သွားကာ ခြောက်ယောက်လေဟု ပြောလိုက်ချိန်တွင် မြင်းလှည်းလည်း သူတို့ဘေးမှ ထွက်သွားလေတော့သည်။

"လာလေကွာ. . အိမ်ပေါ်တက်ကြလေကွာ"

ရဲမိုးနောက်မှ သူတို့အားလုံး လိုက်လာခဲ့ကြသည်။ အိမ်ပေါ်သို့ အရောက်တွင်ပင် ကြောင်ဖြူလေးတစ်ကောင်ကို ပွေ့ပိုက်၍ အခန်းတစ်ခုထဲမှ ထွက်လာသောအဘွားကို တွေ့ရသည်။

"အဘွား. . ဒါ. . သားသူငယ်ချင်းတွေလေ၊ ဘော်ဒါမှာ အတူနေခဲ့ကြတာ"

"အဘွား. . နေကောင်းလား. ."

နန်းမူ၏ နှုတ်ဆက်စကား မဆုံးခင်မှာပင် အဘွား အိမ်ပေါ်မှ ဆင်းသွားသည်။ ဘယ်သူ့ကိုမှ အဖက်မလုပ်သည့်အတွက် ကြားထဲက ရဲမိုးပဲ အားနာနာနှင့် တောင်းပန်ရသည်။

"ဆောရီးပဲကွာ. . . အစ်ကို့အဖြစ်ဆိုးတွေကြောင့် အဘွား စိတ်ကယောက်ကယက် ဖြစ်သွားတာ၊ တို့ညီအစ်ကိုကို အဘွားက သိပ်ချစ်တာလေ၊ အဖေနဲ့အမေ ကားမှောက်ပြီး ဆုံးသွားကတည်းက အဘွားကပဲ စောင့်ရှောက်လာခဲ့တာ"

"ရပါတယ် ရဲမိုးရယ်၊ ငါတို့ နားလည်ပါတယ်"

ထိုစဉ် ဝတ်မှုံ အခန်းထဲမှ ထွက်လာပြီး. .

"မင်းတို့ ရောက်လာကြပြီလား. . ."





"ဟုတ်ကဲ့ မမ၊ ဦးမြင့်အောင် နာရေးသတင်းမေးရင်း ရဲမိုးကိုလည်း ကျောင်းပြန်တက်ဖို့ လာခေါ်ကြတာပါ"

"အဟင်း မင်းတို့က ရဲမိုးဆီကိုလာတာကိုး. .၊ အေးလေ ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေး နားကြပါအုံး"

စကားကောင်းနေစဉ် ဝါနုရဲ့ဖုန်း မြည်လာသည်။

"ဟုတ်ကဲ့. . ဟုတ်ကဲ့. . ပြန်လာခဲ့မယ်လေ၊ ဟုတ်. . . ဟယ်. . လိုင်းအောက်သွားပြီ"

ဝါနု ဖုန်းပိတ်ပြီး စိတ်ပျက်လက်ပျက်ဖြစ်သွား၏။

ဝတ်မှုံက. . .

"ဟုတ်တယ်. . ဒီမှာ ဖုန်းလိုင်းက သိပ်မမိဘူး. . ."

"ဘာတဲ့လဲ ဝါနု. . ."

"မန္တလေးက အဘွားရောက်လာလို့ အိမ်ပြန်လာခဲ့ပါတဲ့ ရွှေရည်ရဲ့. . ."

"ဟယ်. . . ဒါဆို နင်ပြန်မှာပေါ့. . ."

"အေး. . မပြန်လို့ မဖြစ်ဘူး၊ အဘွားရောက်နေတယ်ဆိုတော့. ."

"ဒါဆို ဝါနု. . မမနဲ့လိုက်ခဲ့လေ၊ မမလည်း အပြင်သွားဖို့ရှိတယ်. . တစ်ခါတည်းဝင်ပို့ပေးမယ်လေ. . ."

"ဟုတ်ကဲ့ မမ. . ."

သိပ်မကြာခင်မှာ ဆိုင်ကယ်သံကြားရပြီး ဝတ်မှုံနှင့် ဝါနုတို့ ထွက်သွားကြလေသည်။

"အဟဲ. . ရဲမိုး၊ မင်းတို့ဆီမှာ ဝိုင်ရှိတယ်မို့လား. ."



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ရှိတာပေါ့ကွာ၊ မင်းကို စဉ်းအိုးထဲ ခေါင်းစိုက်အောင် အမှောက်တိုက်မှာ"

"အဟီး. . ဂွတ်သွားပြီ. ."

ဗလနှင့် အိုက်မောင်း လက်ဝါးချင်း ရိုက်လိုက်ကြသည်။ ရွှေရည်နှင့် နန်းမူက မျက်စောင်းထိုးကြ၏။

"ကဲ. . ခြံထဲသွားမယ်. . ."

ရဲမိုးနှင့် ရွှေရည်က လက်တွဲမဖြုတ်ကြ. .

ခြံထဲလျှောက်ရင်း မောလာတော့ မြက်ခင်းပေါ် လှဲကာ နားကြသည်။

"မင်းတို့ခြံက ဘယ်နှဧကလဲ. . ."

"တစ်ရာ. . ."

"ဟား. . နင်ကဘောစိပဲ ရဲမိုး. . ."

"ဒီလောက်လည်း မဟုတ်ပါဘူး နန်းမူရာ. ."

အညောင်းပြေ အမောပြေတော့ သူတို့ လမ်းဆက်လျှောက်ကြသည်။ လိမ္မော်နုံ့သင်းသင်းနှင့် လေကိုရှူရတာ အရသာတွေ့နေကြ၏။ စကားတပြောပြောနှင့် လမ်းလျှောက်လာစဉ် အခါမဲ့ နှင်းမိုးများ ရွာချလာသည်။ ထီးနှင့် မိုးကာ ပါမလာကြသဖြင့် ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ လှမ်းကြည့်တော့ တန်းလျားဟောင်းတစ်ခုကို တွေ့ရ၍ ထိုနေရာသို့ အားလုံးပြေးကြသည်။

အထဲရောက်မှ ရေတွေခါချကြ၊ ရေစိုဆံပင်တွေ သုတ်ကြနှင့် အလုပ်တွေရှုပ်သွားသည်။

"ကွိုင်ပဲ. . မိုးက တော်တော်သည်းနေတာ. . ."





"ဘာဖြစ်လဲကွာ. . အလုပ်ရှိတာမှ မဟုတ်တာ အေးဆေးပေါ့. . ."

မိုးတိတ်အောင်စောင့်ရင်း ရောက်နေသော အဆောက်အအုံကို ကြည့်ရှုအကဲခတ်မိသည်။ အလုပ်သမားတန်းလျားဟောင်းတစ်ခု ဖြစ်ပုံရပြီး အကာနံရံနှင့် အခင်းများက ပြိုပျက်ဆွေးမြေ့နေပြီ. . .။

ရုတ်တရက် ရွှေရည့်မျက်နှာကို လေတစ်ချက်ဝှေ့တိုက်ခတ်သွားသည်။

ရွှေရည် ဟိုဒီငေးရင်း ကြက်သီးဖြန်းဖြန်းထလာ၏။ မိုးမိ၍ ဖျားချင်ပြီလား မသိ၊ မိုးသံပြင်းပြင်းထွက်နေသောခေါင်မိုးမှ မိုးရေတွေ ကျနေသည်မို့ အမိုးကိုမော့ကြည့်တော့ ဇကာကျအောင် ပေါက်ပြနေသော အမိုးပြားများကို တွေ့ရလေသည်။ ထို့နောက် ထုပ်တန်းကို ကြည့်မိသည့်အခါ ရွှေရည် မျက်လုံးပြူးရတော့သည်။

အမြင်မှားသလားအတွေးနှင့် မျက်လုံးများပွတ်သပ်၍ တစ်ခါထပ်ကြည့်သည်။ အမြင်မှားတာမဟုတ်ကြောင်း သေချာသွားတော့ အတော်လေး ထိတ်လန့်တုန်လှုပ်သွား၏။

ရွှေရည် မျက်နှာကြက်သို့ လက်ညှိုးထိုးရင်း. .

"အပေါ်မှာ ဘာတွေလဲ. . လူ. . လူတွေ. ."

ရွှေရည် အလန့်တကြားပြောလာ၍ အားလုံး အထိတ်တလန့်ဖြစ်သွားကြသည်။

"ဘယ်. . ဘယ်မှာလဲ ရွှေရည်"

"ဟိုမှာလေ ထုပ်တန်းပေါ် မှာ လူသုံးယောက် ငုတ်တုတ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ထိုင်နေတယ်၊ သရဲတွေလား မသိဘူး"

ရွှေရည်က ရဲမိုးအား အတင်းဖက်တွယ်ကာ မျက်နှာဝှက်ထားရင်း ထုပ်တန်းသို့ညွှန်ပြသည်။ ရွှေရည်ညွှန်ပြရာသို့ အားလုံးကြည့်ကြ၏။

"ရွှေရည်ရယ် ဘာမှလည်း မရှိဘဲနဲ့"

ရဲမိုးက ဘာမှမရှိဘူးဆို၍ ရွှေရည် အရဲစွန့်ပြီး လှမ်းကြည့်သည်။ သူ့အမြင်မှာတော့ လူသုံးယောက် ထုပ်တန်းပေါ်တွင် ထင်ထင်ရှားရှား. .

"ဟင်. . ရှိနေသေးတယ်"

ရွှေရည်ကလွဲ၍ ဘယ်သူမှမတွေ့. .

ထိုစဉ်မှာပင် ထုပ်တန်းပေါ်ထိုင်နေသော လူသုံးယောက်မှ ရွှေရည့်အား လက်ယပ်လှမ်းခေါ်လိုက်သောအခါ. .

"ဟင်. . ငါ့ကိုခေါ်နေပြီ၊ လုပ်. . လုပ်ကြပါဦး"

နောက်ဆုံးမှာတော့ ရွှေရည် သတိလစ်ပြီး ပျော့ခွေကာ ပုံလျက်လဲကျသွားတော့သည်။ ဗလနှင့်ရဲမိုးလည်း ရွှေရည်အား ဝိုင်းဝန်းပွေ့ထူကာ နှာနှပ်ကြသည်။

ရွှေရည် လုံးဝသတိပြန်လည်မလာခဲ့. .

"ရွှေရည်. . သတိထားလေ"

နန်းမူလည်း ရွှေရည့်အား ဆွဲကိုင်လှုပ်ရမ်းကာ တကြော်ကြော်ခေါ်နေမိသည်။

"ကဲ. . ဘယ်လိုလုပ်ကြမလဲ ရဲမိုး"

"ငါတို့အိမ်ကို ပြန်ခေါ်သွားရမှာပေါ့ အိုက်မောင်း"





"အင်း. . မိုးကလည်း အရမ်းရွာနေတယ်"

"မိုးကအရေးမကြီးဘူး၊ ကဲ. . ငါ့ကျောပေါ်တင်ကွာ၊ ကုန်းပိုးသွားမယ်"

ရဲမိုးက ကျောပေး၍ ဆောင့်ကြောင့်ထိုင်ကာ ပြောလိုက်သဖြင့် ဗလနှင့်အိုက်မောင်းတို့ ဝိုင်းဝန်းပွေ့ချီကာ ရွှေရည့်အား ရဲမိုးကျောပေါ် တင်ပေးလိုက်၏။ ရဲမိုး ထရပ်နိုင်အောင် ဖေးမကူညီရင်း အိမ်သို့ပြန်လာခဲ့ကြသည်။

ထိုသို့ပြန်လာကြရာ လမ်းတစ်လျှောက်တွင်လည်း ကျီးတစ်အုပ် တအားအား အော်မြည်ကာ တောက်လျှောက်လိုက်ပါလာ၍ ပို၍ပြီးထိတ်လန့်မိကြ၏။

"ကျီးတွေ ပြုတယ် ရဲမိုး. . အဲဒါမကောင်းဘူး"

"ဘာဖြစ်တတ်သလဲ"

"ဘာဖြစ်မလဲဆိုတာတော့ မပြောတတ်ဘူး၊ ကျီးပြုတာတို့ ခွေးအူတာတို့ဖြစ်ရင် နာနာဘာဝတွေရှိလို့ဆိုတာ ကြားဖူးတယ်"

"ဟင်"

ဗလအပြောကြောင့် နန်းမူ ပိုပြီးကြောက်သွား၏။

"ဒုက္ခပါပဲဟယ် ရဲမိုးကလည်း နင်တို့ခြံထဲမှာ သရဲတွေ ရှိနေတာ မသိဘူးလား"

"အရင်တုန်းက ရှိမှမရှိတာ"

အိမ်သို့ပြန်ရောက်လာခဲ့ပြီဖြစ်၍ ရွှေရည်အား အခန်းတစ်ခန်းသို့ ခေါ်သွားကာ ခုတင်ပေါ် အသာအယာတင်ပေးသည်။ ရဲမိုး ကိုယ်တိုင် ထမ်းပိုးလာခဲ့ရသဖြင့် ရွှေရည်၏ နှလုံးခုန်သံကို ခံစားသိရှိ



www.burmeseclassic.com

www.burmeseclassic.com



မိသည်မို့ သိပ်တော့စိတ်မပူမိ. . .။

"ကဲ. . နန်းမူ. . ရွှေရည်ကို အဝတ်အစားလဲပေးလိုက် အအေးပတ်သွားလိမ့်မယ် ပြီးမှပဲ သတိရအောင် ပြုစုကြတာပေ့ါ"

"အေး. . အေး. . ငါလုပ်ပေးလိုက်မယ် ရဲမိုး"

ရဲမိုးတို့ထွက်ခဲ့ပြီး အခန်းတံခါး ပိတ်ပေးလိုက်သည်။

ယောကျ်ားလေးတွေကတော့ ဧည့်ခန်းမှာပင် ရေစိုဝတ်များ လဲလိုက်ကြသည်။

"ရွှေရည် အမြင်မှားတာလား၊ တကယ်ပဲလား"

အိုက်မောင်း အမေးကို ဗလက. . .

"တန်းလျားထဲမှာ ငါ့ကို တစ်ယောက်ယောက်က ဝင်တိုက်သွားတယ်၊ ဒါပေမဲ့ ဘယ်သူ့ကိုမှ မတွေ့ရဘူး၊ ရွှေရည် အမှန်တွေ ပြောနေတာပဲဖြစ်မယ်"

ရဲမိုး တွေဝေစဉ်းစားနေသည်။ အိုက်မောင်းက ခေါင်းတညိတ်ညိတ်၊ ဗလက မေးပွတ်ရင်း အခြေအနေကို သုံးသပ်ပြီး. . .

"ရဲမိုး မင်းပြောတော့ ဒီမှာအရင်က ဘာသရဲမှ မရှိဘူးဆို"

"ဟုတ်တယ်လေ. . ငါ ဆယ့်ရှစ်နှစ်ထိ ဒီမှာနေခဲ့တာ"

"အင်း စဉ်းစားရခက်သား"

ထိုစဉ် ဝတ်မှုံ ဧည့်ခန်းထဲဝင်လာသည်။ သူတို့ကို တစ်ချက်အကဲခတ်ပြီး. . .

"ဘယ်တွေသွားနေကြတာလဲ ဗလ"

"ဒီခြံထဲတင်ပါ မမ"

"အင်း. . ဗိုက်ဆာနေကြပြီလား၊ ဂျီသားဟင်း ချက်နေတာ





အရမ်းကောင်းတယ်. . ဆတ်သားထက် ပိုကောင်းတယ်"

"ဟုတ်လားမမ ကြားတာနဲ့တင် ဗိုက်ဆာလာပြီ"

"ခဏလေးပါ နောက်နာရီဝက်ဆိုရပြီ"

ဝတ်မှုံ မီးဖိုဆောင်သို့ ပြန်ဝင်သွားသောအခါ နန်းမူ အခန်းထဲမှ ထွက်လာသည်။

"အဝတ်အစား လဲပေးပြီးပြီ ရဲမိုး၊ ရွှေရည်တော့ သတိမရသေးဘူး"

ရဲမိုး လူးဆေးရှူဆေးတို့ ရှာဖွေယူဆောင်ပြီး အခန်းထဲဝင်ခဲ့သည်။ ရှူဆေး နှာဝတွေ့သူတော့၊ အေးစက်နေသော ခြေလက်များကို ဆေးလူး၍ နှိပ်ပေးသူကနှိပ်နှင့် ဝိုင်း၍ပြုစုကြသည်။

အပြုစုကောင်း၍ ရွှေရည် ညည်းညူလူးလွန့်ကာ နိုးထလာသည်။ ဝိုင်းအုံနေသော သူငယ်ချင်းများကို ပြူးကြောင်ကြောင်နှင့် ကြည့်ရင်း. .

"ရဲမိုးကော. ."

"ငါဒီမှာလေ ရွှေရည်"

လက်ကလေးကို ဆုပ်ကိုင်ကာ ရဲမိုး အနားတိုးလာသည်။

"ငါ သတိလစ်နေတုန်း. . . နင့်အစ်ကိုလို့ လာပြောတဲ့ လူတစ်ယောက်ကို တွေ့ခဲ့တယ် ရဲမိုး၊ နင့်အစ်ကို သူ့ကိုယ်သူ သတ်သေသွားတာ မဝတ်မှုံ အောက်လမ်းနဲ့ လုပ်လို့တဲ့၊ ငါတို့အားလုံးကို သေအောင်သတ်ဖို့ စီရင်ထားတယ်လို့လဲ ပြောသွားတယ်၊ ရဲမိုး ငါ နင့်အတွက် စိတ်မကောင်းဖြစ်ရသလို. . အရမ်းလည်းကြောက်လာ ဟာ. . .၊



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တယ်. . . ငါ့ကိုလာပြောတာ ထုပ်တန်းပေါ်မှာ တွေ့ခဲ့တဲ့လူပဲ၊ နောက်နှစ်ယောက်ကတော့ ဝိုးတဝါးပဲ မျက်နှာတွေကိုတော့ မမှတ်မိတော့ဘူး. . .၊

တစ်ယောက်က အသက်ခပ်ကြီးကြီး မိန်းမတစ်ယောက်နဲ့ နောက်တစ်ယောက်က ငါတို့အရွယ် ကောင်လေးတစ်ယောက်ပဲ"

ထို့နောက် ရွှေရည် ခုတင်ပေါ်မှဆင်းကာ အခုမှရောက်ဖူးသော ရဲမိုးတို့အိမ်ထဲ ကျွမ်းကျွမ်းကျင်ကျင် လျှောက်သွားသည်။

အခန်းတစ်ခုရှေ့တွင် ရပ်လိုက်ပြီး. .

"ဒါ နင့်အစ်ကိုနဲ့ မဝတ်မှုံတို့ အိပ်ခန်းမဟုတ်လား"

"အင်း. . နင်ဘယ်လိုသိလဲ ရွှေရည်"

"နင့်အစ်ကို လိုက်ပြထားတာ"

ရွှေရည်က တံခါးတွန်းဖွင့်၍ အခန်းထဲဝင်သည်။ ခုတင်ရှိရာသို့ တန်း၍သွားပြီး မွေ့ရာကိုလှန်လိုက်သည်။ မွေ့ရာအောက်တွင် အင်းချထားသော အစီအရင်များကို တွေ့ရ၏။

"တွေ့လား. . အဲဒါက ကံကုန်အောင်လုပ်တဲ့ အစီအရင်"

ရွှေရည်က မရပ်သေး ဗီရိုကို မွှေနှောက်၍ရှာပြန်သည်။

ဝတ်မှုံ၏ ထဘီအထပ်အောက်မှ ပုလင်းတစ်လုံးတွေ့၍ ထုတ်ယူပြီး. . .

"ဒါက ရူးသွားအောင် ခတ်တဲ့ဆေး. . ဒီဆေးကြောင့်စိတ်ဖောက်ပြန်ပြီး ကိုယ့်ကိုယ်ကိုယ်သတ်သေသွားတာ၊ တရားခံက မဝတ်မှုံပဲ. . ."

သက်သေနှင့်တကွဆိုတော့ အားလုံးမယုံ၍မရတော့. .





"ဒါတွေအားလုံး ဦးဒေဝပဲလုပ်ပေးတာ"

"တောက်. . ."

ရွှေရည် ရှင်းပြတာကိုနားထောင်ရင်း ရဲမိုး တောက်ခေါက်သည်။ မွေ့ရာကို နေသားတကျပြန်ထား၍ အခန်းထဲမှ ထွက်လာခဲ့ကြသည်။

"တို့တွေ ဘာဆက်လုပ်ကြမလဲ သူကထပ်ပြီး အကောက်ကြံရင်ကြံဦးမှာ ငါကြောက်တယ်"

ရဲမိုး ငြိမ်ချက်သားကောင်းနေသည်။

နန်းမူက မနေရဲတော့သဖြင့်. . .

"ငါ. . ငါတို့ ပြန်ကြရအောင်လား၊ ငါအရမ်းကြောက်နေပြီ"

"ရဲမိုး. . မင်း မဝတ်မှုံနဲ့ အတူနေလို့ ဖြစ်ပါတော့မလား"

"ဘယ်ဖြစ်မလဲ၊ ဒီမိန်းမကို ငါတို့ဝိုင်းပြီး လက်စားချေရမယ်၊ သူရဲ့ ဟန်ဆောင်မျက်နှာဖုံးကို ခွာချရမယ်"

ရွှေရည်က ရဲမိုးဘက်မှ ဝင်ပြောလိုက်သည်။

"ဟုတ်တယ်. . ငါ့အစ်ကိုအတွက် လက်စားချေရမယ်၊ နင်တို့ မပြန်နဲ့ဦး၊ ငါ့ကို ဝိုင်းကူပေးပါ. ."

နန်းမူမှလွဲ၍ အားလုံးက ရဲမိုးနှင့် လက်ဝါးချင်း ရိုက်လိုက်တော့၏။

မတရားမှုနှင့် ယုတ်မာကောက်ကျစ်မှုကိုဖော်ထုတ်ဖို့ သူတို့အားလုံး စိတ်အားထက်သန်သွားကြသည်။ ပြီးတော့. . သူတို့အားလုံး နန်းမူကိုကြည့်လိုက်ကြရာ. . .

"နင်တို့အားလုံး ဆန္ဒရှိနေရင် ငါလည်းဝိုင်းကူပေးပါ့"



www.burmeseclassic.com

www.burmeseclassic.com



နန်းမူပါ လက်တွဲလာသဖြင့် အားလုံးပျော်ရွှင်သွားကြသည်။

ထိုစဉ် အဘွား၏ကြောင်ကလေး ရောက်လာကာ နန်းမူအား ပွတ်သီးပွတ်သပ်လုပ်သည်။ နန်းမူက ကြောင်လေးကို ပွေ့ချီပွတ်သပ်ပေးလိုက်သည်။ နန်းမူ ပွတ်သပ်ပေးတာကို ဇိမ်တွေ့သွားသော ကြောင်လေးက နန်းမူပေါင်ပေါ်မှာ လှဲအိပ်လိုက်လေသည်။

"မြီ . . မြီ . . မြီ . . "

ထိုအချိန်မှာပင် တမြီမြီနှင့် အဘွား၏ခေါ်သံကို ကြားလိုက်သဖြင့် ကြောင်လေး နန်းမူပေါင်ပေါ်မှ ခုန်ချကာ ထွက်ပြေးသွားသည်။

"သူ့သခင်အသံတော့ သိတယ်နော်"

"ဒါကြောင့် ချစ်စရာကောင်းတဲ့ အိမ်မွေးတိရစ္ဆာန် ဖြစ်နေတာပေါ့"

စိတ်သက်သာရာရအောင် ကြံဖန်ပြီးပြောနေကြစဉ်မှာပင် နာနာကျင်ကျင် အော်ဟစ်လိုက်သည့် ကြောင်လေး၏အသံကို ကြားလိုက်ကြရသည်။

"ညောင် . . ညောင် . . "

ရင်နင့်ကန်ကုတ်ခြစ် အော်ဟစ်နေသော ဆူညံသံကြောင့် ရဲမိုး အဘွားအခန်းသို့ ပြေးရပြန်သည်။ အခန်းထဲအရောက် အဘွား၏ လုပ်ရပ်ကို မြင်လိုက်ရသဖြင့် . . .

"ဟာ . . . အဘွား . . ကြောင် . . ကြောင်လေးကို ဘာလို့ သတ်ရတာလဲ"

အဘွားက ကြောင်ကို ကတ်ကြေးနှင့် ထိုးသတ်ထားတာ





တွေ့၍ ရဲမိုး အလန့်တကြားတားမြစ်မိသည်။ ရဲမိုး အသံကြောင့် ရွှေရည်တို့လည်း အပြေးအလွှားရောက်လာကြသည်။

သွေးစွန်းကတ်ကျေးနှင့် ကြောင်သေကိုတွေ့တော့ နန်းမူ ပျို့အန်ချင်သလို ဖြစ်သွား၏။ အဘွားက ထိုကတ်ကြေးဖြင့် သူ့ကိုယ်သူ ထိုးမည်အပြု ရဲမိုး အဘွားလက်ထဲမှ ကတ်ကြေးကို အချိန်မီ ပုတ်ထုတ်လိုက်ရသည်။ ရွှေရည်က အဘွားကိုကြည့်ရင်း . . .

"မဝတ်မှုံက နင့်အစ်ကိုလိုပဲ အဘွားကို လုပ်ထားသလား မသိဘူး၊ ရူးသွားအောင် ခတ်တဲ့ဆေးနဲ့ ကိုယ့်ဟာကိုယ် သတ်သေအောင် လုပ်ထားတာနဲ့တူတယ်"

"အဘွားရယ် ဘာလို့ ကြောင်လေးကို သတ်လိုက်ရတာလဲ"

နှုတ်ဟန့်ဆေး မပြယ်သေးသောကြောင့် အဘွားပါးစပ်မှ ဘာစကားတစ်ခွန်းမှ ထွက်မလာပေ။

ဗလက ကြောင်သေကို ယူလိုက်ပြီး . .

"အဘွားကို သန့်ရှင်းပေးလိုက်ကြပါကွာ၊ ငါ ဒီကောင့်ကို သွားပစ်လိုက်ဦးမယ်"

ဗလ ကြောင်သေကို အိတ်တစ်လုံးထဲထည့်ပြီး တူရွင်းဆွဲကာ ခြံထဲဆင်းလာခဲ့သည်။ သင့်တော်သည့်နေရာရှာကာ ကြောင်သေမြှုပ်ဖို့ တွင်းတူးလိုက်၏။ တွင်းတူးနေစဉ် ခွပ်ခနဲ မြည်သံနှင့်အတူ တူရွင်းသွားက တစ်စုံတစ်ခုကို ထိုးဆောင့်မိသည့်အသံနှင့် အထိအတွေ့ကို ခံစားရသည်။ ဗလ တူရွင်းကိုချ၍ မြေစာခဲများအား လက်နှစ်ဖက်နှင့် ကျုံးယူဖယ်ရှားလိုက်သည်။

မြေစာခဲတွေ ရှင်းသွားသောအခါ တစ်ပေခန့် သေတ္တာလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးကို တွေ့ရသည်။ အထဲဖွင့်ကြည့်တော့ အရုပ်ကလေး တွေ့လေသည်။ ဒါဘာလဲဆိုတာ ဗလ ကောင်းကောင်းသိသည်။

သေတ္တာလေးကို ကျင်းထဲမှ ဆွဲထုတ်လိုက်သည်။ ဘေးမှ မြေမှုန်များကို ပွတ်သပ်ဖယ်ရှားလိုက်သောအခါ ဝါနုဆိုသော နာမည်ကို တွေ့လိုက်ရ၏။

“ဟာ. . မဝတ်မှုံ ဝါနုကို သတ်လိုက်ပြီလား မသိဘူး. .”

ဗလ ဝါနုဖုန်းကို လှမ်းခေါ်ကြည့်၏။ နှစ်ခါသုံးခါခေါ်လည်း ဖုန်းကိုင်မည့်သူ မရှိသဖြင့် လက်လျှော့လိုက်ရသည်။ ရင်ထဲမှာတော့ ဝါနုအတွက် စိုးရိမ်စိတ်တွေ ပြည့်သိပ်နေရပြီ။

တွင်းကိုထပ်တူး၍ ကြောင်သေနှင့် သေတ္တာလေးကိုပါ မြှုပ်ပစ်လိုက်သည်။ မြေပြန်ဖို့ပြီးသောအခါ ဗလ ခြေကုန်လက်ပန်းကျသွား၏။ ထို့နောက် အသင့်ပါလာသော ဖယောင်းတိုင်ကို ကြောင်သေမြှုပ်ထားသော မြေပုံပေါ်တွင်ထွန်း၍ ကြောင်ကလေးအတွက် ဆုတောင်းပေးလိုက်သည်။ ဆုတောင်းအပြီး မျက်လုံးဖွင့်ကြည့်တော့ ဖယောင်းတိုင်က မြေပုံပေါ်တွင် ဇောက်ထိုးဖြစ်နေ၏။

“ဟာ. .”

ဗလ ထိုနေရာတွင်မနေရဲတော့ပဲ အိမ်ပေါ်ပြန်တက်ကာ ဝါနုအခြေအနေကောင်းမှာ မဟုတ်ကြောင်း ပြောဖို့ပြင်စဉ်မှာပင် ဝတ်မှုံ အခန်းထဲဝင်လာသည်။

“ကဲ. . အားလုံးလည်း ဆာလှရောပေါ့၊ ထမင်းဟင်းတွေ အကုန်ကျက်ပြီ. . စားလိုက်ကြရအောင်”

“ဟုတ်ကဲ့မမ”





ရွှေရည်က ဟန်မပျက် ပြန်ဖြေလိုက်သည်။

“ကဲ. . ဆိုင်မှာ ကိုယ့်ပိုက်ဆံနဲ့ကိုယ် ဝယ်စားသလိုမျိုး အားမနာတမ်း စားနော်. . . ဂျီသားဆီပြန်၊ ချဉ်ပေါင်ချဉ်ရည်၊ အသီးအရွက်ကြော်၊ ပဲငပိထောင်းနဲ့ စားလို့ကောင်းကြမှာပါ”

“ဟုတ်ကဲ့ မမဝတ်မှုံလည်း တစ်ခါတည်းစားလေ”

“မမ အလုပ်ရှိသေးတယ် စားနှင့်ကြ၊ မမခြံထဲဆင်းလိုက်ဦးမယ်”

“ဟုတ်ကဲ့ မမ”

ဝတ်မှုံ ခြံထဲဆင်းသွားပြီ။ အိုက်မောင်း ဗိုက်ဆာနေပြီမို့ ဟန်လုပ်မနေတော့ဘဲ ဟင်းတွေခပ်ထည့်ကာ အားရပါးရ စားမည့်ဟန်ပြင်လိုက်စဉ်. . .

“နေဦး၊ မစားကြနဲ့ဦး”

ရဲမိုး လှမ်းတား၍ ပါးစပ်ပေါက်ဝနားရောက်လုဆဲ ထမင်းလုပ်တွေကို ပြန်ချလိုက်ရသည်။

ချဉ်ပေါင်ချဉ်ရည်ဟင်းခွက်ထဲ ရဲမိုး ဇွန်းနှင့်ခပ်ကြည့်သည်။ ဇွန်းထဲတွင် ပြောင်ပြောင်လက်လက်လေးတစ်ခု ပါလာသည်။

ထမင်းပန်းကန်ထဲ သွန်ချတော့ ‘ဂလောက်’ ဟူသောအသံထွက်ပေါ်လာပြီး. . အားလုံး မျက်လုံးလေးတွေ အဝိုင်းသားဖြင့် ရဲမိုးပန်းကန်ထဲ ဝိုင်းကြည့်ကြသည်။

စိန်လုံးသေးသေးလေးတွေဖြင့် စီခြယ်ထားသော နားကပ်တစ်ဖက် ဖြစ်နေသည်။ ရဲမိုး လက်ထဲမှ နားကပ်လေးကို ဝိုင်းကြည့်နေကြသည်။ အိုက်မောင်က လှမ်းယူ၍ သေချာကြည့်လိုက်ချင်း. .



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ဘုရား. . ဘုရား၊ ဒါ. . ဝါနု. . ဝါနု. . နားကပ်"

"ဘာ. ."

ဗလ ဝုန်းခနဲထရပ်ရင်း ဟင်းခွက်ကို မွှေနှောက်ရှာဖွေသည်။ ဂျိသားဆီပြန်ထဲ ထပ်ခပ်ကြည့်တော့ လက်ချောင်းတွေကိုတုံးကာ ချက်ထားသည်ကို တွေ့ရသည်။ ထိုဟင်းခွက်ထဲတွင် ပြောင်ပြောင်လက်လက်နှင့် လက်စွပ်လေးတစ်ကွင်း ထွက်လာပြန်သည်။

ထိုလက်စွပ်ကို ယူကြည့်တော့ ဝါနုလက်စွပ်ဖြစ်နေ၏။

"ဒီဟင်းတွေက ဝါနုကို သတ်ပြီးချက်ထားတာဟ. .၊ အတော်ရက်စက်တဲ့ မိန်းမပဲ"

"ဝါနုအိမ်ပြန်မယ့်ဟာကို ခေါ်သွားပြီး သတ်လိုက်တာ ဖြစ်မယ်"

ရဲမိုး အံကိုတင်းတင်းကြိတ်ပြီး စားပွဲကို လက်သီးနှင့် တဒုန်းဒုန်း ထိုးနေသည်။

"တောက်!. . ဒီမိန်းမ ယုတ်မာတာကမ်းကုန်နေပြီကွာ၊ ဝါနုကိုသတ်ပြီး ကျွေးတယ်ကွာ၊ ဗလ ဒီမိန်းမကို ဝိုင်းသတ်ကြမယ်ကွာ"

ရဲမိုးထကာ နောက်ဖေးမီးဖိုချောင်တွင် ဓားသွားရှာလေသည်။ အိမ်ထဲတွင် ဓားကတစ်ချောင်းမှ မရှိတော့. .

"ဒီမိန်းမ ငါတို့ကိုသတ်ဖို့အတွက် တမင်ကြံစည်ပြီး လုပ်နေတာ. . ."

နန်းမူကတော့ အကြောက်လွန်ကာ ခြေဖျားလက်ဖျားတွေပင် အေးစက်နေသည်။

"တို့. . ဘာဆက်လုပ်ကြမှာလဲ၊ ငါတော့ ခုချက်ချင်း ပြန်ချင်ပြီဟာ. . ဒီမှာ တစ်စက္ကန့်တောင် ထပ်မနေချင်တော့ဘူး ရဲမိုးရယ်"

"အခု မှောင်စပျိုးနေပြီ၊ အနည်းဆုံး နှစ်နာရီလောက် လမ်းလျှောက်ရမှာ. .၊ ပြီးတော့ သချိုင်းကိုလည်း ဖြတ်သွားရဦးမှာလေ နန်းမူရဲ့"

"ဒုက္ခပါပဲ ဘယ်လိုလုပ်မလဲ ပြောပါဦး ရဲမိုးရယ်"

"တို့က ငါးယောက်လေ နန်းမူ၊ သူက တစ်ယောက်တည်း"

အသက်ရှင်သန်ဖို့အတွက် သွေးရူးသွေးတန်း ကြံစည်တွေးတောနေကြစဉ် ရွှေရည်က. . .

"ဟယ်. . ရဲမိုး၊ နင့်. . နင့်အဘွားရော"

"ဟင်. . အေး. . အဘွားဘယ်ရောက်နေလဲ မသိဘူး"

အဘွားအတွက် စိတ်ပူသွားပြီး အိမ်ပေါ်မှာ တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ရှာကြသည်။ တစ်အိမ်လုံး နှံ့သွားသော်လည်း ဘယ်မှာမှမတွေ့. . .။

"အဘွားကိုလည်း ဟိုမိန်းမ ဒုက္ခပေးလိုက်ပြီ ထင်တယ်"

အိုကြီးအိုမ တစ်ယောက်ကိုပါ အလွတ်မပေးသည့်အတွက် ဝတ်မှုံကို အားလုံးရွံမုန်းသွားကြသည်။

"တောက်!. . ဒီမှာ သက်သေတွေအများကြီးပဲ၊ မင်းအစ်ကိုနဲ့ ဝါနုကို သတ်တဲ့အမှုနဲ့ ဒီမိန်းမကို ရဲစခန်းပို့မယ်"

ဗလက ဖုန်းထုတ်၍ ဒေါသတကြီးပြောဆိုကာ ရဲကိုအကြောင်းကြားရန် ဖုန်းခေါ်လိုက်သည်။ ဖုန်းလိုင်းကမမိ. . ဗလ အိမ်ထဲအနှံ့ လျှောက်သွားရင်း နေရာပြောင်း၍ ဖုန်းဆက်သည်။ လုံးဝဆက်သွယ်၍မရ. . .







www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . ရဲမိုး၊ မင်းမှာ ထော်လာဂျီရှိတယ် မဟုတ်လား၊ အဲဒါနဲ့ ပြန်မယ်ကွာ. . မင်းပါလိုက်ခဲ့. . ."

မိန်းကလေးနှစ်ယောက် အားတက်သရော ပြေးထွက်သွားကြ၍ ရဲမိုးတို့လည်း ပြေးလိုက်ကြရသည်။ ထော်လာဂျီရှိရာ ရောက်တော့ အရုပ်ကြီးပြတ် ဖြစ်သွားကြတော့၏။ အင်ဂျင်မှ ပန်ကာကြိုးက ပြတ်နေခဲ့ပြီ။ တိတိရိရိ ပြတ်နေတာကို ကြည့်ရင်း. .

"တောက်. . ဟိုမိန်းမယုတ် လက်ဦးသွားပြန်ပြီ"

"ခြံထဲမှာ ဟိုင်းလပ်တစ်စီး ရှိသေးတယ် မဟုတ်လား ရဲမိုး"

ထိုကားဆီ သွားကြည့်ပြန်တော့လည်း သော့မရှိပေ. . ။

"ဒါဆို ဘာလုပ်ကြမလဲ"

ဗလက ဒေါသပေါက်ကွဲကာ လေသံမာမာနှင့် ရဲမိုးကိုမေး၏။

"လက်နက်အဖြစ် သုံးလို့ရသမျှပစ္စည်းတွေစုပြီး အားလုံး ငါ့အခန်းမှာ တစ်စုတစ်ဝေး အတူနေမယ်၊ တံခါးတွေ အလုံပိတ်မယ်၊ အလှည့်ကျ ကင်းစောင့်မယ်၊ ဒါဆို မနက်ထိ အခြေအနေကောင်းမှာပါ"

ရဲမိုးပြောတာက အကောင်းဆုံးဖြစ်နေ၍ တွေ့ရာလက်နက်ကောက်ယူပြီး အိမ်ပေါ်သို့တက်ခဲ့ကြသည်။ ငါးယောက်အားနှင့် စုပေါင်း၍ ဝတ်မှုံကိုရင်ဆိုင်ဖို့ စိတ်စောနေကြပြီ ဖြစ်သည်။

အခန်းထဲရောက်သည်နှင့် ရုတ်တရက် ရွှေရည်နှာခေါင်းသွေးများ လျှံကျလာကာ ပါးစပ်မှလည်း သွေးများ ဝေါခနဲ အန်ထွက်လာလေသည်။ ဝတ်မှုံ အောက်လမ်းအစီအရင်ဖြင့် သူတို့ကို တိုက်





ခိုက်နေပြီဆိုတာ ဗလ သိလိုက်ပြီ။

ဗလ ဘုရားစင်မှ ပရိတ်ရေပုလင်းကို အမြန်သွားယူသည်။ သို့သော်. . ဘုရားစင်တွင်လည်း ဘုရားဆင်းတုတော်မှအစ ဘာမှ မရှိတော့ပေ. . ။ ရွှေရည်ကို ဝိုင်းဝန်းပြုစုပေး၍ အနည်းငယ် သက်သာစပြုလာသည်။

ဆိုးရွားသော တစ်ညတာကို သူတို့ကျော်ဖြတ်ရပေဦးမည်။ မိန်းကလေးနှစ်ယောက်ကို ဦးစားပေးအိပ်ခိုင်း၍ ယောကျ်ားလေး သုံးယောက်က အလှည့်ကျကင်းစောင့်ရင်း တစ်ညတာကျော်လွှားဖို့ စီစဉ်ကြသည်။

"ငါ. . ငါ. . အပြင်ခဏ ထွက်လိုက်အုံးမယ်ကွာ"

အိုက်မောင်းက လေသံတိုးတိုးဖြင့် ဗလကိုပြောသည်။

"ဟေ. . ဘာလုပ်ဖို့လဲကွာ"

"အပေါ့သွားချင်လို့ပါကွ၊ ငါ့မှာ အဲဒီအကျင့်ဆိုးက တမော့်ကွာ၊ ခဏခဏသွားချင်နေတာပဲ"

အိုက်မောင်းက သူ့ဒုက္ခကို စိတ်ပျက်စွာပြော၏။

"ငါလိုက်ခဲ့ရမလား အိုက်မောင်း"

"မလိုက်နဲ့ဗလ ဒီမှာပဲစောင့်နေ၊ ဒီမှာ ပိုအရေးကြီးတယ်၊ ငါက ပြဿနာမရှိဘူး. . အရေးအကြောင်းဆို ပြေးလို့ရတယ်"

အိုက်မောင်းက သံတုတ်တစ်ချောင်းဆွဲ၍ ထွက်လာခဲ့သည်။ သစ်ပင်၊ ချုံပုတ်ဘက်သို့ ဦးတည်လျှောက်လာခဲ့၏။ အခုချိန်မှာတော့ ဤခြံကြီးတစ်ခုလုံးက စက်ဆုပ်ဖွယ်ရာ လျှို့ဝှက်ချက်များ အပြည့်ရှိနေသည်ကို နားလည်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . ဒါ. . ဘာပါလိမ့်"

ခပ်လှမ်းလှမ်း တစ်နေရာမှ မီးရောင်လင်းနေသည်ကို အိုက်မောင်း သတိထားလိုက်မိသည်။ အပေါ့သွားခြင်းကိစ္စကို ခပ်မြန်မြန် ရှင်းလိုက်ပြီးသည်နှင့် အိုက်မောင်းတစ်ယောက် စူးစမ်းချင်စိတ်ကို မလွန်ဆန်နိုင်စွာဖြင့် ထိုနေရာသို့ လျှောက်လာခဲ့သည်။

ထိုနေရာသည် ဆွေးမြည့်ဟောင်းနွမ်းနေသော စပါးကျီကဲ့သို့ အဆောက်အအုံပျက်တစ်ခု ဖြစ်နေ၏။ အထဲကိုဝင်ကြည့်တော့ ရာဝင်စဥ့်အိုးများကို အစီအရီ တွေ့လိုက်ရ၏။ ချဥ်စုတ်စုတ်အနံ့ တစ်မျိုးကိုလည်း ရနေသည်။

သိချင်စိတ်နှင့် ရာဝင်အိုးတစ်လုံးကို ဖွင့်ကြည့်လိုက်သည်။ မက်မန်းသီးဆားရေစိမ်များ တွေ့လိုက်ရ၍ အနံ့အသက်အပေါ် စိတ်ရှင်းသွားသည်။ ရှေ့ဆက်လျှောက်လာခဲ့ရာ ကွက်လပ်တစ်ခု ရှိနေတာတွေ့၍ ထိုနေရာမှာ အမောပြေနားရန် အကြံရလိုက်၏။

သို့သော် ထိုကွက်လပ်ရောက်သည်နှင့် တစ်ပေခန့် သေတ္တာလေးများကို တွေ့ရ၍ စပ်စုချင်စိတ် ပေါက်သွားပြန်သည်။ သေတ္တာက လေးလုံးတိတိ၊ အိုက်မောင်း ငုတ်တုတ်ထိုင်၍ သေတ္တာတစ်ခုကို ယူကြည့်လိုက်သည်။

သေတ္တာထဲမှာ အရုပ်လေးတစ်ခု ရှိနေပုံက မသာခေါင်းထဲမှ လူသေအလောင်းနှင့် တူလွန်းလှ၍ လန့်ပြီး ပစ်ချလိုက်မိ၏။

"ဘုတ်. ."

ထိုအခါမှ ဘေးစောင်းကျသွားသည့် သေတ္တာတွင် ရွှေရည့်နာမည် ရေးထားတာမြင်လိုက်ရသဖြင့် ပို၍ ကြောက်လန့်တုန်လှုပ်





သွားရသည်။ ဘာသဘောလည်းဆိုတာ ရိပ်မိသွားပြီမို့ ကျန်သေတ္တာများမှနာမည်ကို တစ်ခုချင်း ယူဖတ်ကြည့်သည်။

"ဗလ၊ နန်းမူ၊ အိုက်မောင်း. . ဟင်. . ဒါဆို ဝါနုနဲ့ ရဲမိုး မပါဘူးပေါ့၊ ဒါ. . ဘာသဘောလဲ. . ."

ဝါနုက သေပြီမှန်သော်လည်း ရဲမိုးသေတ္တာက ဘာကြောင့် မပါရသနည်း။

အိုက်မောင်း ဆက်စပ်တွေးကြည့်နေရင်း. . အောက်လမ်း အစီအရင် သေတ္တာများအလယ်မှ အင်းချထားသော စာရွက်ပေါ်တွင် ခွက်တစ်လုံးနှင့် အနီရောင်အရည်များကို တွေ့သည်။

ဒါ. . သတ္တဝါတစ်ကောင်ရဲ့ သွေးပဲ ဖြစ်လိမ့်မည်။

ထိုစဥ်. . .

"ဒုတ်. . ဒုတ်. . ဒုတ်. ."

အိုက်မောင်း စပ်စုနေစဥ်မှာပင် တဒုတ်ဒုတ်မြည်သံ ကြားလိုက်ရ၍ အထိတ်တလန့်နှင့် လှည့်ကြည့်မိသည်။ အနီးဆုံးစဥ့်အိုး၏ အဖုံးက လှုပ်စိလှုပ်စိဖြစ်ပြီး အသံထွက်နေမှန်းသိရတော့ ကြောက်စိတ်နှင့်အတူ သိချင်စိတ်က အောင့်အည်းထားလို့မရအောင် ဖြစ်လာ၏။

သို့နှင့် စဥ့်အိုးအဖုံးအား ဆတ်ခနဲ ဆွဲဖွင့်လိုက်သည်။ အိုးထဲငုံ့ကြည့်တော့ အမြှုပ်ထနေသော ဆားငန်ရည်နှင့်အတူ မက်မန်းသီးများ လှုပ်ရှားနေတာ တွေ့ရလိုက်သည်။

မက်မန်းသီးများ၏ အလယ်တစ်နေရာတွင် တပွက်ပွက်ဆူကာ ရေပလုံစီများ ထွက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကြားထဲမှ တစ်စုံတစ်ခု ထိုးထွက်လာရာ. .

"ဗွမ်း. . ."

"အမလေးဗျ"

အိုက်မောင်း လန့်ဖျပ်ပြီး နောက်သို့ဖင်ထိုင်ရက် လဲကျသွားသည်။ ထို့နောက် ဖြည်းဖြည်းချင်း အနီးကပ်ပြန်ကြည့်မှ လူတစ်ယောက် ပေါ်လာခြင်းဖြစ်သည်။

ရာဝင်စဥ့်အိုးထဲတွင် ဦးခေါင်းထိပ်ပိုင်းလေးသာပေါ်ကာ ဆံပင်ကိုပဲ မြင်ရသည်။

အိုက်မောင်း စဥ်းစားမနေတော့ဘဲ လက်ထဲတွင်ပါလာသောသံတုတ်ဖြင့် ထိုစဥ့်အိုးကို ရိုက်ခွဲလိုက်သည်။

"ခွမ်း"

အိုးကွဲသွားသည်နှင့် ဆားငန်ရည်စိမ်ထားသော မက်မန်းသီးများနှင့်အတူ လူတစ်ယောက် ခွေခွေလေး ထွက်ကျလာသည်။

"ဟင်. . ဒါ. . ရဲမိုးအဘွားပဲ"

လက်ကိုကြိုးချည်ထားပြီး ပါးစပ်အပေါင်းသားနှင့်. .

သေတာကြာပြီဟု ယူဆရသည်။

"ဟား. . ဟား. . ဟား. ."

ရယ်သံကြား၍ အိုက်မောင်းလှည့်ကြည့်ရာ ဝတ်မှုံ ဖြစ်နေသည်။

ဝတ်မှုံက အနားတိုးလာပြီး အိုက်မောင်း နာမည်ရေးထားသော အခေါင်းလေးကို ကောက်ယူလိုက်သည်။ ဆံထုံးတွင် ထိုးထားသော ဆူးတစ်ချောင်းကို နှုတ်ယူပြီး. .





"မင်းတို့ကို လက်စားချေဖို့ ငါစောင့်နေတာကြာပြီ၊ ကဲ. . ကဲ. . ကဲဟယ်"

ဝတ်မှုံကပြောရင်း. . အရုပ်၏ ရင်ဘတ်ထဲသို့ ဆူးကိုထိုးသွင်းလိုက်သည်။

"အ. . အ. . အား. . အား"


အသည်းခိုက်လောက်အောင် ဝေဒနာကိုခံစားလိုက်ရသော အိုက်မောင်း. . သူ့ရင်ဘတ် သူဖိရင်း လူးလိမ့်နေရှာသည်။

ဝတ်မှုံက ဆူးကိုနှဲလေ ဝေဒနာက ပိုပြီးပြင်းလေဖြစ်ပြီး သွေးများပန်းထွက်လာတော့၏။ နောက်ဆုံးတွင် ဝတ်မှုံက ဆူးကို အရုပ်ထဲသို့ ထုတ်ချင်းပေါက်အောင် ထိုးသွင်းလိုက်သောအခါ. . . အိုက်မောင်း သွေးအန်၍ မြေကြီးပေါ် ဗိုင်းခနဲလဲကျသွားပြီး. . အသက်ပျောက်သွားတော့သည်။

"အူ. . . အူ. . . အူ. . . အူ. . ."

"ဟား. . ဟား. . ဟား. ."

ထိုအချိန်တွင် ဆွဲဆွဲငင်ငင်ပေါ်ထွက်လာသော ခွေးအူသံက ချောက်ချားစရာ ကောင်းသော်လည်း ဝတ်မှုံ တဟားဟားရယ်သံ ထွက်ပေါ်လာသည်နှင့် ထိုခွေးအူသံလည်း တိခနဲ ရပ်သွားလေတော့သည်။





www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၁၀ )

"ဟား . . ဟား . . ဟား . ."

ရယ်သံကြီးက အိပ်ပျော်နေသော ရွှေရည်နှင့် နန်းမူကို လန့်နိုးသွားစေသည်။ ရွှေရည်က တစ်နေရာသို့ စူးစူးစိုက်စိုက်ကြည့်ပြီး အထိတ်တလန့် ထအော်သည်။

"ဟိုထုပ်တန်းပေါ်မှာ ဇောက်ထိုးကြီး ဆင်းလာနေတယ်။ ဟော . . ဟော . . နင်တို့မတွေ့ဘူးလား၊ ဟိုမှာ . . ဟိုမှာ . ."

စူးစူးဝါးဝါးအော်လျက် ရွှေရည် ခုတင်ပေါ်မှ ထပြေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . ဟဲ့. . ဘာဖြစ်တာလဲ၊ ရွှေရည် မပြေးနဲ့. . နေဦး"

ရွှေရည်ကား သွေးရူးသွေးတန်းပုံစံဖြင့် ထပြေး၍ သူငယ်ချင်းတွေ လိုက်ဆွဲကြသည်။ ရွှေရည် တံခါးကိုဖွင့်၍ အိမ်ထဲမှ ထွက်ပြေးသည်။ ရဲမိုးကလည်း စိုးရိမ်စိတ်အပြည့်ဖြင့် လိုက်ဆွဲသည်။

"ပြေး. . ပြေးမှဖြစ်မယ်၊ သရဲ. . သရဲတွေ လိုက်လာနေပြီ"

ဗလ၊ ရဲမိုး၊ နန်းမူတို့လည်း နောက်က ပြေးလိုက်ကြသည်။

ရွှေရည် ရှေ့မှပြေးနေစဉ် တစ်စုံတစ်ခုကို ခလုတ်တိုက်မိ၍ ချော်လဲသွားသည်။ ရွှေရည် လူးလဲထနေစဉ် နောက်ကရောက်လာသော ဗလနှင့်ရဲမိုးက ဆွဲထူကြသည်။

"အား. . အတင်းမဆွဲနဲ့ မဆွဲနဲ့. . ငါ့ခြေထောက် ဘာနဲ့ငြိနေမှန်းမသိဘူး"

"ဟုတ်လား. . ခဏလေး၊ ငါ ဓာတ်မီးရှာဦးမယ်"

ဗလက သူ့ဘောင်းဘီအိတ်ထဲမှ ဖောင်တိန်ဓာတ်မီးကိုရှာ၍ မီးထိုးကြည့်လိုက်သည်။

"ဟာ. . " "ဟင်. . "

"အမေလေး. . ဘုရား. . ဘုရား"

မီးရောင်အောက်တွင် မြင်လိုက်ရသည်က အသက်ပျောက်နေသော အိုက်မောင်း ဖြစ်နေ၏။ အိုက်မောင်း၏လက်က ရွှေရည့်ခြေထောက်အား လှမ်းဆွဲထားသလိုဖြစ်နေ၍. . ချော်လဲခြင်းဖြစ်ကြောင်းသိရတော့ အလန့်တကြားနှင့်. .

"အား. . အမလေး. . ဖြုတ်ပေးကြပါ၊ အဲဒီလက်ကြီးကို ဖြုတ်ပေးပါ"





ရဲမိုး အိုက်မောင်း၏ လက်ချောင်းများကို တစ်ချောင်းချင်းဖြည်ကာ ရွှေရည့်ခြေထောက်အား ဆွဲထုတ်ပေးလိုက်သည်။

ဗလက ရဲမိုးပခုံးကို ပုတ်၍. .

"သူငယ်ချင်း ဒီကလွတ်အောင်ပြေးနိုင်မှ တို့တွေအသက်ရှင်မှာ"

သို့နှင့် လေးယောက်သားလက်ချင်းချိတ်ကာ ပြေးကြသည်။ သစ်ပင်များကြား ဖြတ်သန်းပြေးလွှားနေရင်း ရဲမိုးနှင့်ရွှေရည်အတွဲက ရှေ့ရောက်သွားပြီး နောက်တွင် ဗလနှင့်နန်းမူတို့အတွဲက ပြတ်ကျန်ခဲ့လေသည်။ အမှောင်ထဲအရှိန်နှင့် တိုးဝင်ပြေးနေကြခိုက်. . .

"အား. . "

နန်းမူက ဗလအား ဆောင့်ဆွဲလိုက်သည်မို့ တွဲထားသည့်လက်များ ပြုတ်ပြီး ခြေလှမ်းများလည်း ရပ်တန့်သွားရသည်။

"နန်းမူ. . နန်းမူ. . ဘာဖြစ်လို့လဲ"

"အား. . ကျွတ်ကျွတ်ကျွတ်. . အောင်မလေး. . အမေအမေရေ"

ဘာဖြစ်မှန်းမသိရဘဲ အမေတပြီး ညည်းနေသော နန်းမူ၏အသံကြောင့် ဗလမှောင်ထဲမှာ စိုးရိမ်စိတ်ဖြင့် အားစိုက်ရှာကြည့်သည်။ နန်းမူ မတ်မတ်ရပ်နေဆဲဖြစ်ကြောင်း ပိုးတဝါးမြင်နေရသဖြင့် ဗလ အနည်းငယ်စိတ်အေးသွားသည်။

ထိုစဉ်. . လင်းလက်လာသည့် လျှပ်စီးရောင်ကြောင့် အနီးတစ်ဝိုက်အား ရှင်းလင်းစွာ မြင်လိုက်ရသည်။

"ဟာ. . နန်းမူ၊ နန်းမူ. . ဖြစ်မှဖြစ်ရလေ နန်းမူရေ"



www.burmeseclassic.com

www.burmeseclassic.com



နန်းမူအဖြစ်က မြင်ရက်စရာမရှိ ပြေးရင်းလွှားရင်းနှင့် အမှောင်ထဲ သစ်ကိုင်းချွန်ကို ဝင်တိုးမိသည့်အဖြစ်။ အပင်မှ သစ်ကိုင်းချွန်တစ်ခုက နန်းမူရင်ဝသို့ စိုက်ဝင်နေသည်။ ထုတ်ချင်းခတ် မြုပ်ဝင်နေသည့်ဒဏ်ရာနှင့် နန်းမူမှာ စကားမေးမရတော့. . .

အမှောင်ထဲကြည့်ရတာ ထင်ရှားပြတ်သားစွာ မမြင်ရသော်လည်း နန်းမူအခြေအနေ ကောင်းမှာမဟုတ်တော့သည်ကို ဗလ ရိပ်မိသွားသည်။ နန်းမူ ညည်းညူနေရာမှ တစ်ခုခု ပြောချင်သလိုလို ပါးစပ်ဟလိုက်ပြီးနောက် ဇက်ကျိုးကျသွားတော့သည်။

"နန်းမူ. . နန်းမူ. . ဟာကွာ. . တောက်"

ကျေကွဲမှုအဆုံးမှာ နာလိုခံခက် ဒေါသထွက်သွားသည်။

ဗလ အံကြိတ်၍ လက်သီးကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ ထိုစဉ်. . မီးလင်းနေသော ဂိုဒေါင်တစ်ခုကိုတွေ့သဖြင့် ထိုနေရာသို့ အကူအညီရလိုရညား ပြေးသွားလိုက်သည်။

ဗလ မီးလင်းနေသောဂိုဒေါင်ကို လှည့်ပတ်ချောင်းကြည့်ရင်း ဝတ်မှုံကိုတွေ့လျှင် ထုသတ်ပစ်ဖို့ အနေတော်ကျောက်တုံးတစ်တုံးကိုလည်း လက်နက်အဖြစ် အသင့်ဆောင်ထားသည်။

မျက်စိလျှင်လျှင်နှင့် ရှာနေသော ဗလ. . ချွတ်ခနဲ အသံကြား၍ လှည့်အကြည့်တွင်. . ရိပ်ခနဲပြေးဝင်လာသော ထင်းချောင်းတစ်ချောင်းကိုသာ တွေ့လိုက်ရတော့၏။

"ဒုတ်. ." "အား. . ."

၅. ၅. ၅. ၅.





ထိုအချိန်တွင် ရဲမိုးနှင့် ရွှေရည်တို့လည်း အသည်းအသန် ပြေးလွှားနေကြသည်။

"ရဲမိုး. . တို့. . တို့တွေ လွတ်ပါဦးမလားဟင်"

"မပြောတတ်တော့ဘူး ရွှေရည်၊ နင်လွတ်အောင်တော့ ငါကူညီမှာပါဟာ"

အမောဖေါက်နေသည့်ကြားမှ အကြောက်တရား လျော့ပါးအောင် စကားပြောနေမိကြသည်။

"မဝတ်မှုံ သိပ်ရက်စက်တယ်နော်"

"သူ ရှက်ရမ်းရမ်းလို့ အသက်တွေ ပြန်ပေးဆပ်ရတာလည်း မနည်းတော့ဘူး. . ရွှေရည်ရယ်"

"သူကြုံရတဲ့ကိစ္စကလည်း မိန်းမသားတစ်ယောက်ရဲ့ဘဝမှာ အဆိုးဝါးဆုံးပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



ပြေးနေရင်း ဖုန်းခေါ်သံတစ်ခု ကြားလိုက်ကြရသဖြင့် နှစ်ယောက်သား အပြေးရပ်သွားကြသည်။

"ဟင်. . ဒါ. . ဒါ. . ဝါနုရဲ့ဖုန်းသံပဲ"

ရဲမိုး အမှောင်ထဲတွင် ဝါနု ဖုန်းကိုရှာသည်။ ဒီဖုန်းက သူတို့ လွတ်မြောက်မှုအတွက် အကောင်းဆုံးအကူအညီ ဖြစ်နိုင်သည်။ တော်တော်နှင့်မတွေ့နိုင်သည်မို့ ဖုန်းခေါ်သူ စိတ်ပျက်မသွားစေရန်သာ ဆုတောင်းရင်း ဖုန်းသံကြားရာ လိုက်ရှာကြသည်။

ကံအားလျော်စွာပင် သစ်ငုတ်တစ်ခုတွင် ချိတ်နေသော ဝါနု ဖုန်းအိတ်ကို တွေ့သွားသည်။ ရဲမိုးက ဖုန်းကိုအမြန် ထုတ်ယူပြီး ထူးလိုက်သည်။

"ဟဲလို"

"အခုပြောနေတာ ဝါနုမဟုတ်ဘူးလား၊ ဝါနုကော ဘယ်မှာလဲ"

"သူ့သူငယ်ချင်း ရဲမိုးပါ အန်ကယ်၊ သူအခု ဖုန်းနားမှာ မရှိလို့ပါ"

"တစ်နေကုန်ဆက်နေတာ ဘယ်လိုမှ ခေါ်လို့မရဘူး"

"အန်ကယ်. . . ဝါနုရော ကျွန်တော်တို့အားလုံးပါ ဒုက္ခရောက်နေကြတယ်၊ ကလောမြို့စွန်က ရှမ်းမင်းသား လိမ္မော်ခြံကို ရဲတွေခေါ်ပြီး လိုက်ခဲ့ပါ၊ ဒီမှာ လူသတ်မှုတွေဖြစ်နေလို့ အန်ကယ်"

ပြောနေရင်း ဖုန်းလိုင်းပျက်သွားသည်။ ကောက်ရိုးတစ်မျှင်လား၊ အသက်ကယ်လှေလား မရေရာသော်လည်း ရွှေရည်တို့ ဝမ်းသာအားတက်သွားကြသည်။





ဂျီသားဟင်းအဖြစ် ဝါနုဘဝပြောင်းသွားပြီဆိုတာ သူ့အိမ်က မသိတာပဲ ကောင်းမည်ထင်သည်။ ကလောရဲစခန်းမှရဲတွေ အမြန်ရောက်လာပါစေဟုသာ ဆုတောင်းနေရတော့သည်။

"ဗလနဲ့ နန်းမူအခြေအနေ ပြန်ကြည့်ရအောင်. . ၊ ရဲတွေလည်း မကြာခင်ရောက်လာတော့မှာပါ"

သူတို့လျှောက်လာရင်း မီးအလင်းရောင်တစ်ခု တွေ့သဖြင့် ခြေလှမ်းတွေက ထိုနေရာသို့ ဦးတည်သွားတော့သည်။

၅. ၅. ၅. ၅.



www.burmeseclassic.com

www.burmeseclassic.com



**ထို**အချိန်တွင် ဗလကြုံတွေ့နေရသော ဒုက္ခကလည်း မသေးလှ။ မျက်နှာကို ထင်းချောင်းနှင့် ဖြတ်ရိုက်ခံရပြီးနောက် သတိလစ်သွားခဲ့သည်။ သတိပြန်ရတော့ လူက ခြေကားယား လက်ကားယား ပက်လက်ကြီးဖြစ်နေပြီး လေးဘက်လုံးကြိုးချည်ကာ ချုပ်နှောင်ခံထားရမှန်း သိလိုက်သည်။

ဗလ လွတ်မြောက်ဖို့ ရုန်းကန်လှုပ်ရှားကြည့်သည်။ ကြိုးတွေက ခိုင်ခန့်လွန်းသဖြင့် တုတ်တုတ်မျှမလှုပ်၊ ခြေလက်တွေ ပွန်းပဲ့စုတ်ပြတ်ကုန်တာပဲ အဖတ်တင်သည်။ ဒီလိုပုံနှင့် သူ့အသက်ဆုံးရတော့မည်ထင်၏။ ဝတ်မှုံလိုစုန်းမကို အချောင်နှိုက် စော်ကားမိခြင်းအတွက် ရမိသောနောင်တက အတော်နောက်ကျသွားခဲ့ပြီ။

ရွှေရည်နှင့် တခြားသူငယ်ချင်းတွေ ဘယ်သောင်ဘယ်ကမ်း ဆိုက်နေပြီလဲဟု တွေးကာ စိတ်ပူမိစဉ်မှာပင် ရယ်သံလွင်လွင် ကြား





လိုက်ရသဖြင့် ခေါင်းထောင်ကြည့်မိ၏။

"ဟင်း. . ဟင်း. . ဟင်း. ."

"ဟင်. . ခင်ဗျား၊ ကဝေမ. . ယုတ်မာရက်စက်တဲ့မိန်းမ"

"ဟားဟားဟား ဘယ်သူကစပြီး ယုတ်မာခဲ့တာလဲ၊ ငါနဲ့ကိုခွန်ထူးရဲ့ကိစ္စကို ဘယ်သူက ဗွီဒီယိုရိုက်တာလဲ၊ အင်တာနက်ပေါ်တင်ပြီး အရှက်ခွဲခဲ့တာ ဘယ်သူလဲ၊ ငါအလုပ်ပြုတ်ခဲ့ရတာ ဘယ်သူ့ကြောင့်လဲ၊ ဒါကို မင်းအသိဆုံးဖြစ်မှာပါ။ မင်းရဲ့လုပ်ရပ်ကြောင့် အာမခံချက်အပြည့်နဲ့ ငါ့ဘဝရဲ့လှပမှုတွေ အကုန်ပျက်စီးပြီး လူတောမတိုးရဲတဲ့ဘဝကို ရောက်ခဲ့ရတာ၊ ကဲ ပြောစမ်းပါဦး ကိုခွန်ထူးကို အောက်လမ်းနဲ့လုပ်တာရော မင်းပဲမဟုတ်လား"

"ဒါက အားလုံးမကျေနပ်လို့ လုပ်ခဲ့ကြတာပဲ"

ဗလ၏ အဖြေကြောင့် ဝတ်မှုံ ယမ်းပုံမီးကျ ဒေါပွသွားသည်။ အမူအရာကလည်း တင်းမာခက်ထန်သွား၏။ ဒေါသတကြီးလျှောက်လာရင်း ထဘီကိုဆွဲ၍ ဗလဗိုက်ပေါ် ခွထိုင်လိုက်သည်။

ဝတ်မှုံက လက်ထဲမှဆံထိုးနှင့် ဗလမေးစေ့ကို ထောက်၍ ကော်မကာ မော်ကြည့်စေသည်။

"နောက်တစ်ခု သိချင်သေးတယ် ဗလ၊ ဟိုတစ်ညက မင်းဆီ ငါကိုယ်တိုင်ရောက်လာပြီး မြူဆွယ်သလိုဖြစ်အောင် မင်းဘာတွေလုပ်ခဲ့တာလဲ"

"ဘာ. . ဘာမှမလုပ်ပါဘူး၊ မမဘာသာ ရောက်တာပဲလေ"

"ဗလ. . မင်းလိုကောင်ဆီ ငါက ကိုယ့်ဆန္ဒနဲ့ကိုယ်ရောက်လာပြီး ငါ့အခန်းကို ဆွဲခေါ်သွားမယ်လို့ ထင်နေသလား. . အဓိပ္ပာယ်



www.burmeseclassic.com

www.burmeseclassic.com



မရှိတာ၊ ပြောစမ်း မင်းဝန်ခံတာ ငါကြားချင်တယ်"

"ကျွန်တော် ဘာမှမလုပ်. . မလုပ်"

ဗလထံမှ ငြင်းဆိုသံ ထွက်လာသည်နှင့် ဝတ်မှုံက သေတ္တာထဲမှ အရုပ်ကိုထုတ်၍ ဆံထိုးနှင့် အချက်ပေါင်းများစွာ ထိုးစိုက်လိုက်သည်။

"စွပ်. . စွပ်. . စွပ်"

"အ. . အ. . အ. . အား. . အား. . အမလေး. . အား"

လေးဖက်လေးတန် ချုပ်နှောင်ထားသလို သူ့ပေါ်မှာလည်း ဝတ်မှုံ တက်ထိုင်နေသည့်အတွက် လုံးဝလှုပ်ရှား၍မရဘဲ နာကျင်မှုကို အောင့်အည်းခံနေရသည်။

"ပြောလေ. . ပြော"

ဗလက လှုပ်ရှားလို့ရသည့် ခေါင်းကိုသာ တွင်တွင်ယမ်းပြလိုက်သည်။ ဝတ်မှုံ စိတ်တိုသွားပြန်သည်။ ဒေါသကို ဖြေဖျောက်သည့်အနေနှင့် အရုပ်၏ ခြေနှစ်ဖက်ကို ဆံထိုးနှင့် ဆောင့်ထိုးလိုက်သည်။ ဗလ ခြေနှစ်ချောင်းလုံး တဆတ်ဆတ်တုန်လာကာ သွေးများစီးကျလာသည်။

"အား. . မလုပ်. . မလုပ်ပါနဲ့တော့ ကျွန်တော်ပြောပါ့မယ် မမ. . ဆရာ. . ဆရာကြီးဦးဒေဝကို အကူအညီတောင်းလို့ သူက ဂဝံရုပ် စီစဉ်ပေးခဲ့တာပါ၊ ကျွန်တော် မမရဲ့ ဘာရာစီယာတစ်ထည်ကို အဝတ်လှမ်းတုန်းက ခိုးထားမိတာပါ"

"အင်း. . ထင်တဲ့အတိုင်းပဲ မင်းတို့အဆောင် အမှိုက်ပုံထဲက အောက်လမ်းအရုပ်နှစ်ရုပ်ကို တွေ့မိကတည်းက ငါရိပ်မိခဲ့တာ၊





ငါလည်း ဦးဒေဝနဲ့ မကြာခဏ ဆုံဖြစ်တယ်လေ၊ ရဲမိုးရဲ့အစ်ကိုကို အရူးအမူးဖြစ်အောင်လုပ်ပြီး သိမ်းပိုက်ခဲ့တာလည်း အဲဒီအောက်လမ်းအစီအရင်တွေနဲ့ပေါ့. . . အဟင်းဟင်း"

"ဗျာ. ."

ဝတ်မှုံ ရှင်းပြတာကြားရတော့ ဗလ အံ့ဩထိတ်လန့်သွားသည်။ ဝတ်မှုံက သူထင်တာထက် ပိုလည်ပြီး အောက်လမ်းပညာကိုလည်း သူတို့ထက်စောစွာ အသုံးချနေသူမှန်း သိလိုက်ရသည်။

မီးအလင်းရောင်ကြောင့် ဂိုဒေါင်ဆီရောက်လာကာ အပြင်မှ ချောင်းကြည့်ရင်း. . နားထောင်နေကြသော ရဲမိုးနှင့် ရွှေရည်လည်း ဖာတ်ရည်လည်ကာ တုန်လှုပ်သွားကြ၏။

"အဟင်း. . ဟင်း. . ခုတော့ မင်းသိပ်သဘောကျခဲ့တဲ့ အောက်လမ်းနည်းနဲ့ပဲ. . မင်းသေရတော့မှာ"

"ခွင့်လွှတ်ပါမမရယ် တောင်းပန်ပါတယ်၊ ကျွန်တော့်ကို မသတ်ပါနဲ့"

"သိပ်နောက်ကျသွားပြီ ဗလ၊ ဦးဒေဝရဲ့ပညာနဲ့ အားလုံးအတွက် စီရင်ပြီးသွားပြီ"

"ခွင့်လွှတ်ပါ မမရယ်"

ဝတ်မှုံက ခေါင်းယမ်းပြီး ဗလပေါ်မှထ၍ ရွှေရည့်နာမည် ထိုးထားသောသေတ္တာကို ကောက်ယူလိုက်သည်။

"အခု မင်းနဲ့ ရွှေရည်အလှည့်ပဲ"

"မလုပ်. . မလုပ်ပါနဲ့ မမ"

ဝတ်မှုံက အရုပ်နှစ်ရုပ်လုံး၏ ခြေထောက်များကို ဆံထိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



တစ်လှည့်စီ ထိုးဆွသည်။ ဗလနာကျင်စွာ အော်ဟစ်သလို အပြင်မှ ရွှေရည်လည်း ဝေဒနာခံစားရသည့် ခြေထောက်ကို ဆုပ်ကိုင်ပြီး အော်သည်။

"အား. . . အု. . အု. ."

ရဲမိုးက အချိန်မီ ရွှေရည့်ပါးစပ်ကို ပိတ်လိုက်၍ တော်တော့၏။ ခြေထောက်မှ သွေးများစီးကျလာသော ရွှေရည်မှာ နာလွန်း၍ မျက်ရည်များပင် စီးကျလာသည်။ ဒါတောင် ဝတ်မှုံက အသံကြား သွားသည်လား မပြောတတ်. . အပြင်သို့တစ်ချက်လှည့် ကြည့်သေး သည်။ ပြီးတော့ လုံးဝစိတ်ဆုံးဖြတ်လိုက်ဟန်နှင့်. . .

"အချိန်မရတော့ဘူး ဗလ၊ နှုတ်ဆက်ပါတယ်ကွယ်"

ဝတ်မှုံက ဗလရင်ဝသို့ ဆံထိုးနှင့် ထိုးစိုက်ရန် လက်မြှောက် အားယူလိုက်သည်။

ဗလတောင်းပန်ဖို့ အသံပင် မထွက်နိုင်တော့. .

ထိုစဉ် ခြံဝမှာ လက်နှိပ်ဓာတ်မီးရောင်နှင့် ကားမီးရောင်များ ရွှေ့လျားလာတာကို ရဲမိုးနှင့် ရွှေရည်တို့ မြင်လိုက်ကြရ၏။ ဝတ်မှုံ လည်း ကားသံကိုကြားပြီး တွေဝေသွားတာ တွေ့ရသည်။

အားတက်ဝမ်းသာသွားသော ရွှေရည်က. .

"ရဲတွေရောက်လာပြီ၊ ငါ. . ငါတို့ မသေတော့ဘူးနော်"

"ဟုတ်တယ် ရွှေရည် ဘာမှမကြောက်နဲ့တော့"

ဓာတ်မီးရောင်များ သူတို့ပေါ် ဖြာကျလာသည်။ ရွှေရည်က ဂိုဒေါင်ထဲ ညွှန်ပြလိုက်၏။

ရဲတပ်ဖွဲ့ဝင်များ အသံတိတ်ချဉ်းကပ်သွားကြသည်။ ရဲများ





ဝိုင်းနေစဉ်မှာပင် ဝတ်မှုံက အခြေအနေကို ရိပ်မိသွားပြီး ဗလအား အဆုံးစီရင်ဖို့ အားထုတ်တော့သည်။ ဒီတစ်ခါတော့ အရုပ်ကို လုပ်မ နေတော့ဘဲ ဗလရင်အုံကိုသာ ဆံထိုးနှင့် အကြိမ်ကြိမ်ထိုးစိုက်လိုက် လေသည်။

"အား. . အား. . ."

မီးဝင်းဝင်းတောက်မျက်ဝန်းများနှင့် ဒေါသပေါက်ကွဲကာ ရူးသွပ်နေပြီဖြစ်သော ဝတ်မှုံက အငြိုးကြီးစွာနှင့် ဗလအား ရက်ရက် စက်စက် သတ်နေသည်။

"ကဲ. . ငါ့ကိုစော်ကားဦး၊ ငါ့ချစ်သူကိုသတ်ဦး၊ ကဲဟယ် ငါ့ဘဝကို ဖျက်ဆီးဦး. . ကဲဟယ်. . ကဲဟယ်"

"ဟေ့. . ရပ်လိုက်စမ်း လက်မြှောက်ထား"

မကြားဖူးသော အမိန့်ပေးသံကြောင့် ဝတ်မှုံလှည့်ကြည့် သည်။ ဓာတ်မီးနဲ့ထိုးကာ သေနတ်နှင့် ဝိုင်းချိန်ထားသည့် ရဲတပ်ဖွဲ့ဝင် များကိုတွေ့လိုက်ရ၏။

သူ့အတွက် အချိန်မရှိတော့မှန်း ဝတ်မှုံ သဘောပေါက်သွား သည်။ ဝတ်မှုံ ဆံထိုးကို ကျစ်ကျစ်ပါအောင်ဆုပ်၍ ဗလဆီ ဆတ်ခနဲ လှည့်ကာ လည်ပင်းကို ဆံထိုးနှင့် ဆောင့်ထိုးလိုက်တော့၏။

"ဒိုင်း"

တစ်ပြိုင်တည်းဆိုသလို သေနတ်သံ တစ်ချက်ထွက်လာပြီး ဝတ်မှုံလည်း ဗလအပေါ် မှောက်လျက်ကျသွားတော့သည်။ သူတို့ ဝတ်မှုံကို ဆွဲဖယ်လိုက်သောအခါ ဗလ အသက်မရှိတော့ပေ။

ရဲများက ရွှေရည့်ခြေထောက်မှ ဒဏ်ရာများကို ဆေးထည့်



www.burmeseclassic.com

www.burmeseclassic.com



ပေးပြီး စစ်ချက်ယူသည်။ ထိုစဉ် ရဲမိုးမှာ ဘယ်ရောက်သွားမှန်း မသိတော့. . ၊ ဘယ်မှာမှ ရှာမတွေ့၍ ရွှေရည် အံ့ဩမိသည်။

ဒဏ်ရာမှ သွေးထွက်လွန်မည်စိုး၍ ရွှေရည်ကို ဆေးရုံပို့လိုက်သောအချိန်ထိ ရဲမိုးကို မတွေ့ရတော့ပေ. . ။







# ( ကတ်သိမ်း )

ဒဏ်ရာမပြင်းထန်သဖြင့် ရွှေရည် အိမ်ပြန်၍အနားယူနေပြီဖြစ်သည်။ တွေ့ကြုံခဲ့ရသော အဖြစ်ဆိုးများကို ရွှေရည် လုံးဝပြန်မတွေးချင်တော့သော်လည်း ရဲမိုးကိုတော့ တွေ့ချင်နေမိသည်။

ခြေထောက်တွင် ပတ်တီးစည်းထားသဖြင့် ခုတင်ပေါ်တွင် လဲလျောင်းနေရင်း ဗလနှင့် ရဲမိုးတို့ ပြိုင်တူလိုလို ချစ်ရေးဆိုခဲ့ပုံများနှင့် ရဲမိုးနှင့် ရည်းစားဖြစ်ခဲ့ပုံတို့ကို ပြန်မြင်ယောင်လာသည်။

ထိုအချိန်တွင် အခန်းတံခါးပွင့်သွားကာ ရဲမိုး ဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . ရဲမိုး နင်ပေါ်လာသေးတယ်နော်"

"အေးဟာ. . ငါ့ကို ရဲတွေခေါ်စစ်မေးနေကြတာနဲ့ အခုမှ ထွက်လာလို့ရတာ၊ နင့်အခြေအနေ ကောင်းတယ်မဟုတ်လား"

"အင်း. . ကောင်းပါတယ်၊ အပြင်မှာ အဖေတို့ မရှိဘူးလား"

"ဟင့်အင်း. . ငါဝင်လာတော့ ဘယ်သူ့ကိုမှ မတွေ့ခဲ့ဘူး"

ရဲမိုး အမူအရာက တစ်မျိုးဖြစ်နေသည်။ ပြီးတော့လည်း လူတွေအများကြီးရှိသော အိမ်ထဲဝင်လာတာ ဘယ်သူနဲ့မှ မတွေ့ဟု လည်း ပြောနေသေးသည်။ အိမ်ကလူတွေ ဘယ်များသွားနေကြပါ လိမ့်. . ။

တောင်တွေးမြောက်တွေး တွေးရင်း ရဲမိုးကို ပြန်ကြည့်မိ တော့. . . သူ့ကို မျက်တောင်မခတ်တမ်း ကြည့်နေတာကို သိရပြီး ရွှေရည် မနေတတ်မထိုင်တတ် ဖြစ်သွားသည်။

"ကျေးဇူးတင်ပါတယ် ရဲမိုးရယ်"

"ဘာအတွက်လဲ ရွှေရည်"

"ဟိုညက. . . ငါ့ကို နင်သာမစောင့်ရှောက်ခဲ့ရင်၊ ငါခုလို အသက်ရှင်နေမှာ မဟုတ်ဘူး၊ ငါတို့ဘဝတွေကို အသစ်ကပြန်စကြရ အောင်နော်"

"ဩော်. . ဒါများ ရွှေရည်ရယ် ငါတို့က မခွဲတမ်းချစ်နေမယ့် ချစ်သူတွေလေ"

ရဲမိုးက ရွှေရည့်လက်ကလေးကို တယုတယ လှမ်းကိုင်လိုက် သည်။

ထိုစဉ် ခုတင်ခြေရင်းတွင် ဖွင့်ထားသော တီဗွီမှ လူသေမှု





များဖြစ်ခဲ့သော ရဲမိုးတို့ ခြံအကြောင်း သတင်းလာနေသဖြင့် ရွှေရည် ခုတင်ဘေးမှ ရီမုဒ်ကိုယူကာ အသံကျယ်လိုက်သည်။

နှစ်ယောက်သား ထိုသတင်းကို စိတ်ဝင်တစား ကြည့်မိကြ သည်။

"ကလောမြို့စွန်ရှိ ရှမ်းမင်းသား လိမ္မော်ခြံတွင် ဖြစ်ပွားသော လူသတ်မှု၌ မဝတ်မှုံဆိုသော အမျိုးသမီးသည် အဘွားအိုတစ်ဦးနှင့် ဗလ၊ အိုက်မောင်း၊ ဝါနူ၊ နန်းမူ အမည်ရှိ ကျောင်းသားကျောင်းသူ လေးဦးအား သတ်ခဲ့ခြင်း. . ၊

ရဲတပ်ဖွဲ့ဝင်များမှ ထိုခြံအတွင်း ရှာဖွေမှုများပြုလုပ်ခဲ့ရာ အစီအရင်အရုပ်များကိုလည်း တွေ့ရကြောင်း၊ ဆက်လက်ရှာဖွေနေ ဆဲဖြစ်ရာ. . . နောက်ဆုံးပေးပို့သော သတင်းအရ အလောင်းတစ် လောင်းကို ထပ်မံတွေ့ရှိကြောင်း. . ၊

ထိုအလောင်းမှာ လက်တွင်ချည်နှောင်ခံထားရပြီး မက်မန်း သီးဆားရည်စိမ်သော ရာဝင်အိုးထဲမှ တွေ့ရကြောင်း၊ အသတ်ခံရသူ မှာ ရဲမိုးဆိုသူဖြစ်ကြောင်း၊ အသတ်ခံထားရသည်မှာလည်း ကြာပြီဖြစ် ကြောင်း ဖော်ပြထားပါသည်"

တီဗွီတွင် ရဲမိုး၏ဓါတ်ပုံကြီး ပေါ်လာလေသည်။

ရွှေရည် ကြည့်နေရင်း မျက်လုံးပြူးသွားတော့သည်။

ရဲမိုးကိုင်ထားသော သူမလက်ကိုဆွဲဖြုတ်ရင်း နောက်သို့ ဆုတ်သွားသည်။

ထို့နောက် လက်ညှိုးကြီးထိုးကာ ထစ်ထစ်အအဖြင့်. .

"နင်. . သေ. . နေ. . ပြီ. . လား"



www.burmeseclassic.com

www.burmeseclassic.com



ရမိုး ခေါင်းငိုက်စိုက်ချကာ. .

"ဟုတ်တယ် ရွှေရည်. . ငါ နင့်ကိုလိမ်ခဲ့မိတယ်၊ နင့်ဘေးနားမှာတစ်လျှောက်လုံး လိုက်နေရင်းနဲ့ ငါလိမ်ခဲ့မိတယ်၊ နင်တို့ လိမ္မော်ခြံကို မရောက်လာခင်ကတည်းက ငါသေနေခဲ့ပါပြီ. .၊

ဒီအကြောင်းကိုလည်း နင်နဲ့အတူရှိနေတဲ့ အချိန်လေးမှာ ငါ ဖွင့်မပြောဖြစ်ခဲ့ဘူး၊ ဒီအချိန်လေးတွေကို အရမ်းလိုချင်ခဲ့တာပါ ရွှေရည်ရယ်၊ နင်တို့ကို ညောင်ပင်နားက ထွက်ကြိုပြီး မြင်းလှည်းနဲ့ ပါလာကတည်းက ငါဟာ ဝိညာဉ်ဘဝနဲ့ နင်တို့ဘေးမှာ လိုက်ပါနေတာပါ၊ အဘွားလည်း မဝတ်မှုံသတ်လို့ ငါ့လိုပဲ သေနေခဲ့တာ. .၊

ငါလေ နင့်အချစ်ကိုရဖို့အတွက် မလုပ်ကောင်းတာတွေ လုပ်ခဲ့မိတယ်၊ နင့်လက်ကိုင်ပဝါလေးငှားပြီး ငါ့ကိုချစ်လာအောင် အစီအရင်တွေ လုပ်ခဲ့မိတယ်၊ နင်ငါ့ကို အရမ်းချစ်တာ လိုချင်ခဲ့တယ်လေ၊ နင့်အချစ်ကို မတရားယူမိခဲ့တယ်"

ရမိုးကို သူမသနားသွားမိသည်။

သူ့အပေါ် ချစ်အောင်လုပ်ထားသော်လည်း အမှန်တကယ်က သူမလည်း ရမိုးကို အသည်းနှလုံးထဲက တကယ်ချစ်နေခြင်းပင် ဖြစ်ပါလိမ့်မည်။

ရမိုး မျက်ရည်တွေကျနေ၍ အနားမှ တစ်ရှူးပေပါလေးယူကာ ကမ်းပေးလိုက်သည်။

ရမိုးလှမ်းယူရင်း ရွှေရည့်လက်ထဲသို့ တစ်စုံတစ်ခုကို ပြန်ထည့်ပေးလိုက်သည်။

ထိုအရာကား ဦးဒေဝ လုပ်ပေးလိုက်သော အစီအရင်လေး



BURMESE CLASSIC .com



ဖြစ်သည်။

လူပုံစံလုပ်ထားသော ဖယောင်းရုပ်ကလေးနှစ်ရုပ်ကို မျက်နှာချင်းဆိုင် တွဲချည်ထားခြင်း ဖြစ်သည်။ ကြာပြီဖြစ်၍ အရုပ်ကလေး နှစ်ရုပ်မှာ မာပြီးတောင့်နေလေသည်။

"ဒီအရုပ်ကလေး မပျက်ဆီးသရွေ့ နင့်ဘေးနားမှာ. . ငါ နေခွင့်ရမယ်လေ၊ တကယ်လို့ ငါ့ကို အနားမှာမရှိစေချင်တော့ဘူး ဆိုရင်တော့ ဒီအရုပ်ကလေးကို ဖျက်ဆီးလိုက်ပါ ရွှေရည်"

ရမိုး ဦးဒေဝ ပြောခဲ့သောစကားများကို ပြန်ကြားယောင် နေမိသည်။

"ဒီအရုပ်နှစ်ခု မပျက်ဆီးသရွေ့ တစ်ယောက်ယောက်သေခဲ့ရင်တောင် ဝိညာဉ်ဘဝနဲ့ အနားမှာ အမြဲနေခွင့်ရှိလိမ့်မယ်"

ရွှေရည် တွဲချည်ထားသော အရုပ်နှစ်ခုကို တစ်ပတ်လည်အောင် လှည့်၍ကြည့်နေမိသည်။ တစ်ရုပ်က ယောကျ်ားလေးအရုပ် ဖြစ်ပြီး နောက်တစ်ရုပ်က မိန်းကလေးအရုပ် ဖြစ်သည်။

ရွှေရည်က ရမိုးကို သေချာစိုက်ကြည့်ကာ. .

"ဒီအရုပ်နှစ်ခုကို မဖျက်ဆီးရက်ပါဘူးဟာ၊ နင်တန်ဖိုးထားခဲ့သလို ငါလည်း တန်ဖိုးထားရမှာပေါ့၊ ငါ့အနားမှာ နင့်ကို နေခွင့်ပြုပါတယ် ရမိုးရယ်၊ နင်က ကြောက်စရာမှမကောင်းတာ၊ ပြီးတော့. . ငါ့အသက်ကိုလည်း ကယ်ခဲ့သေးတယ်လေ. . .၊

နင်အစီအရင်နဲ့ မလုပ်လည်း ငါနင့်ကိုအဖြေပေးဖို့ ဆုံးဖြတ်ပြီးသားပါ. ."

"ဝမ်းသာလိုက်တာ ရွှေရည်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ရဲမိုးဝမ်းသာအားနှင့် ရွှေရည့်လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။

"အိုး. . နေဦးလေ၊ ဒီအရုပ်ကလေး ခုံပေါ်တင်လိုက်ဦးမယ်"

ရွှေရည် ခုတင်ဘေးမှ ခုံလေးပေါ် ထိုအရုပ်ကလေးကို တယုတယ လှမ်းတင်လိုက်စဉ်. . .

"ကျွီ"

အခန်းတံခါး ပွင့်လာပြီး. . .

"ဟော့. . သမီး၊ ဘယ်သူနဲ့ စကားတွေပြောနေတာလဲ"

အဖေနဲ့ အမေ အခန်းထဲသို့ ဝင်လာကာ ရုတ်တရက် အသံပြုလိုက်သဖြင့်. . . ရွှေရည် လန့်ဖျပ်ကာ ခုံပေါ် လှမ်းတင်နေသော အရုပ်ကလေး လွတ်ကျသွားလေသည်။

"ခွပ်"

အရုပ်ကလေး ကြမ်းပြင်နှင့်အထိ ကွတ်ဆတ်မာကျောနေမှုကြောင့် အစိတ်စိတ်အမြွာမြွာ ကွဲကြေသွားတော့သည်။

ကျိုးပဲ့သွားသော အရုပ်ကလေးကိုတစ်လှည့် ရဲမိုးကိုတစ်လှည့်ကြည့်မိသည်။ ရဲမိုးမျက်ဝန်းတွင်တော့ မျက်ရည်တွေဖြင့် ပြည့်နေလေပြီ။

ထိုစဉ် ရဲမိုး၏ပုံရိပ်မှာ ရွှေရည်၏ မျက်ဝန်းထဲ၌ မှုန်ဝါးစပြုလာသည်။ သူမ၏ အဖေနှင့် အမေကတော့ ရွှေရည့်တစ်ယောက်တည်းကိုသာ မြင်နေရ၏။ ရွှေရည် ဒေါသတကြီးဖြင့် ခုတင်ပေါ်မှ ကုန်းအော်တော့သည်။



BURMESE CLASSIC .com



"သွား. . ဝင်မလာနဲ့. . ၊ အဖေတို့ကြောင့် ဖြစ်ရတာ. . သွား. . "

မိဘများမှာ ရွှေရည့်အခြေအနေကိုသိ၍ အလိုက်သိစွာ အခန်းပေါက်ဝမှ ပြန်ထွက်သွားကြတော့သည်။

"ရဲမိုး. . နင် မသွားပါနဲ့ ဟာ. . ၊ ငါ့ဘေးမှာ တစ်သက်လုံး လာနေပါ. . ရဲမိုး. . ရဲ. . မိုး. . "

သို့သော် ရဲမိုး၏ပုံရိပ်မှာ မှုန်ဝါးသထက် မှုန်ဝါးကာ နောက်ဆုံး ပျောက်ကွယ်သွားတော့သည်။

မှုန်ဝါးပျောက်ကွယ်နေသည့်ကြားမှ ရဲမိုးပြောလိုက်သည်ကို ရွှေရည် ရင်နင့်စွာဖြင့် ကြားလိုက်ရတော့သည်။

"နှုတ်ဆက်ခဲ့ပါတယ်. . ရွှေရည်"



www.burmeseclassic.com

www.burmeseclassic.com

